
# ပေကညစ်များဆီမှ လှေကားထစ်များဆီသို့

မောင်သာချို




rat မြန်မာဆိုက်ဘာမီဒီယာ မှ
စာရိုက်တင်ပေးပါသည်။

မန်ဘာ rat @ www.mmcybermedia.com မှ စာရိုက်တင်ပေးပါသည်။




မြန်မာဆိုက်ဘာမီဒီယာ စာအုပ်စင် မန်ဘာများမှ စာစစ်ပေးပြီး
ပီဒီအက်ဖ် ဖြစ်သည်အထိ ကြိုးပမ်းထားပါသည်။

MMCYBERMEDIA
COMMUNITY FOR ALL

# ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း
နိုင်သစ်နီ

ကွန်ပျူတာစာစီ
ဖွန်ပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

ထုတ်ဝေသည့်ကာလ
ဖေဖော်ဝါရီ၊ ၂၀၁၃

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင် (မြ-၀၃၇၃၇)၊ ဖွန်ပွင့်စာအုပ်တိုက်
အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးတင်အောင်ကျော် (စွယ်တော်အော့ဖ်စက်)
အမှတ်(၁၄၇)၊ ၅၁ လမ်း၊ ၁၀ ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၁၅၀၀ ကျပ်

# မာတိကာ

၁။ အမည်မဖော်လိုသူ ကိုစိုးမြင့်နှင့် ၇ ရက်သားသမီးများသို့
၂။ လမ်းတွေပေါ်မှာ လူကို ထည့်သွင်းစဉ်းစားပါ
၃။ လန်ဒန်မြို့က ရုပ်တုများနှင့် ဓားတစ်လက် မြင်းတစ်စီး
၄။ ကြီးတော်ရဲ့ နွားကျောင်းသမားများနှင့် ကွက်၍လပ်နေသော မြေကမ္ဘာ
၅။ ထိုးထားသော တံတားများပေါ်မှ
၆။ ဘာမှန်းမသိတဲ့ အကြောင်းအရာတွေ
၇။ လူအဆက်ဆက် သမိုင်းအဆက်ဆက် တည်ဆောက်ရတဲ့ ပုံရိပ်
၈။ သူ့ကိစ္စ ကိုယ့်ကိစ္စ ခင်ဗျားကိစ္စ ကျွန်တော့်ကိစ္စ
၉။ လူငယ်နဲ့ အသိအမှတ်ပြုခံလိုမှု
၁၀။ မနေ့တုန်းက မြတ်နိုးခဲ့ကြသည်
၁၁။ မစောင့်စားတတ်သူတို့ နေ့ရက်များ
၁၂။ သင် အခု ဈေးကွက်ဝင်ပြီလား
၁၃။ မေတ္တာအမှတ်တံဆိပ်၏ ပင်ရင်းဌာန
၁၄။ အပင်ကို ပျိုးတာလား အညွန့်ကို ချိုးတာလား
၁၅။ မာသာထရီဆာရဲ့ ကရုဏာလမ်းများပေါ်မှာ
၁၆။ ကစားကွင်းထဲက စောင့်နေတဲ့မနက်ဖြန်တွေ
၁၇။ ကြိုးတန်းပေါ်၌ စားသုံးကြသည်
၁၈။ မြေခွေးတွေက ပန်းချီမဆွဲတတ်ဘူး
၁၉။ ဒဿဂီရိကြားရင် ဖျားသွားမယ်
၂၀။ ရေအိုးလည်း ခွဲမယ် သစ်ကြားသီးလည်း ခိုးမယ်
၂၁။ စိတ်သတ္တိရှင် "ဟင့်အင်း" သမား
၂၂။ နော်ရူးနဲ့ ဖိုးစော်ကဲရဲ့ တဲပျက်
၂၃။ ကိုရွှေရှင်ဘုရင်နဲ့ မန်ကျည်းပင်ပေါ်က လူထု
၂၄။ ဉာဏ်ပညာထဲမှာ နလုံးသားထည့်ပေါင်းဖို့
၂၅။ ခြောက်သွေ့သောနေ့ရက်နှင့် စိုရွှဲသည့်စိတ်ကူးများ
၂၆။ ဝန်ကြီးမဝင်ရ၊ ဒါ ဘယ်သူ့ကားထင်သတုံးကွနှင့် အဂတိတရားလေးပါး
၂၇။ ပြုတ်သောက်၍မရသော ပုပ္ပားနှင့် ကင်စား၍မရသော ငပလီ
၂၈။ ကြက်တူရွေးတွေရဲ့ နှုတ်သီးကိုဖြတ်ပြီးရင် လပ်ဖတ်ကားစီးကြတာပေါ့

## အမည်မဖော်လိုသူ ကိုစိုးမြင့်နှင့် ၇ ရက်သားသမီးများသို့

-တစ်-

အခုတလော လပွတ္တာမြို့သား ကျွန်တော့်မိတ်ဆွေကြီးတစ်ယောက်ကို မကြာခဏဆိုသလို ကျွန်တော် သတိရလျက်ရှိပါသည်။ ဆိုကြပါစို့၊ သူ့နာမည် ကိုစိုးမြင့်ဟု။

ကိုစိုးမြင့်က သမားရိုးကျ လူ့အဖွဲ့အစည်းနှင့် မကြာခဏဆိုသလို ထိပ်တိုက်တွေ့လေ့ရှိသော လူ့ခွစာတစ်ယောက်လည်း ဖြစ်ပါသည်။ သည်နေရာ၌ သူ့ခွကျပုံ တစ်ကွက်ကို ကျွန်တော်က တစ်ဆင့်ဖောက်သည်ချလိုပါသည်။ ကျွန်တော်တို့နိုင်ငံ၌ အလှူခံမဏ္ဍပ်လေးတွေ ဟိုနားတစ်ခု၊ ဒီနားတစ်ခုနှင့် ရှောင်လို့မလွတ်အောင် ပေါများလှသည်ကို အများအသိပင် ဖြစ်ပါသည်။ လမ်းပြင်ဖို့၊ ကျောင်းပြင်ဖို့၊ ကထိန်ခင်းဖို့၊ အသံမစဲ ပဌာန်းရွတ်ဖို့၊ သက်ကြီးပူဇော်ပွဲ ကျင်းပဖို့၊ ဓမ္မာရုံဆောက်ဖို့ စသည် စသည်ဖြင့် အကြောင်းအရာ အမျိုးမျိုး၊ ခေါင်းစဉ်အသီးသီးအောက်ကနေ အသံချဲ့စက်လေး တညံညံနှင့် အလှူခံနေသံများကိုလည်း ကျွန်တော်တို့အကြားပင် ဖြစ်ပါ၏။

သို့ဖြစ်၍ လပွတ္တာဆိုသည်ကလည်း မြန်မာနိုင်ငံထဲက မြန်မာဆန်သော မြို့ကလေးတစ်မြို့ပဲဖြစ်ရာ သည်လိုအလှူခံတွေနှင့် မကင်းပါ။ ကိုစိုးမြင့်က ပေးကမ်းလှူဒါန်းသည့် ဓလေ့ကို မမုန်းပါ။ အလှူခံပုဂ္ဂိုလ်တို့ကိုလည်း မဆန့်ကျင်ပါ။ သို့သော် ပေးလှူကြသူအချို့က ကိုယ်ရည်သွေးနေကြပုံ တွေကိုကား မြင်ပြင်းကပ်ဟန် တူပါသည်။ အထူးသဖြင့် သူ့ရပ်ကွက်ထိပ် အလှူခံမဏ္ဍပ်တွင် ဝင်ဝင်လှူသွားကြသည့် အလှူရှင်များ။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆားဖိုသူကြီးကတော် ဒေါ်လေးမြကလည်း အလှူတော်ငွေ တစ်ရာကျပ်တိတိပါ ခင်ဗျ၊ ဟုတ်ကဲ့… စက်ဘီးပူရောက် သားကြီးရဲ့ ၂၁ နှစ်မြောက်မွေးနေ့ကို ရည်မှန်းကာ ကိုမြင့်ဖော်တို့ ဇနီးမောင်နှံက ငါးရာကျပ်ပါ ခင်ဗျ၊ ခြောက်ဘာသာဂုဏ်ထူးရှင် သမီးလေးအိကလည်း အလှူငွေနှစ်ရာကျပ် ထည့်လာပါသဗျ"

ဒါတွေက အသံအချို့ကို ကျွန်တော် ချရေးပြသလိုက်ခြင်း ဖြစ်ပါသည်။ သည်လိုအသံတွေကို ကျွန်တော့်မိတ်ဆွေ ကိုစိုးမြင့်က မကြိုက်ခြင်း ဖြစ်ပါသည်။ လှူတာက နည်းနည်း ကြွားတာက များများလို့များ သူခံစားနေရလေသလော့ရော့လား မသိ။ ဒါကြောင့် သူက လောကကို အရွဲ့တိုက်ကာ အလှူခံမဏ္ဍပ်ကို ရောက်သွားပါသည်။ သူ့ကိုယ်သူ မထင်ပေါ်လိုသူ လူတစ်ယောက်ဟု အများက သိရှိသွားစေရန် အလို့ငှာ စိတ်ကြိုက်ကြေငြာခိုင်းရာ အလှူခံအကျိုးဆောင်တို့ကလည်း ကြေငြာပေးရှာပါသည်။

"သာဓုပါခင်ဗျာ… အမည်မဖော်လိုသူ ကိုစိုးမြင့်ကလည်း အလှူတော်ငွေ တစ်ထောင်ကျပ်တဲ့ဗျ"

ကိုစိုးမြင့်ကား သူ့ကိုယ်သူ အမည်မဖော်လိုသူအဖြစ် လက်ခမောင်းခတ်ကာ ပီတိများ ဖိတ်လျှံ၍။ ကြားရသူအပေါင်းကလည်း ပြုံးစိစိ။ ဩော်… အမည်မဖော်လိုသူ ကိုစိုးမြင့်တဲ့လေလား။

-နှစ်-

ဆဲဗင်းဒေးသတင်းဂျာနယ်၌ ကျွန်တော် စာရေးဖြစ်ခဲ့သည်မှာ အပုဒ်ရေ တော်တော်ကလေး များလာခဲ့ပါပြီ။ သည်အထဲမှာ ပရဟိတလုပ်ငန်းလေးတွေ အကြောင်းကိုလည်း ကျွန်တော် ထည့်သွင်းရေးသားခဲ့ပါသည်။ သည်မှာ ကျွန်တော်ကြည်နူးမိတာက ကျွန်တော့်စာများ၏ နောက်က ဂယက်ကလေးများပင် ဖြစ်ပါသည်။

ဆိုကြပါစို့၊ တွံတေးမြို့က ဓမ္မာလင်္ကာရ ဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော်ရောက်သွားပြီးနောက် မိဘမဲ့ကလေး နှစ်ရာကျော် သုံးရာကို ပညာလည်းသင်ပေး၊ စားဝတ်နေရေးလည်း တာဝန်ယူနေရသည့် ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့်တကွ ပရဟိတလူငယ်များအကြောင်းကို ရေးဖြစ်ခဲ့ရာ ထိုဆဲဗင်းဒေးဂျာနယ်ကို ဖတ်မိသူ အလှူရှင်တွေ ထို ဓမ္မာလင်္ကာရကျောင်းသို့ ရောက်လာကြလေသတဲ့။

"ဒကာကြီးတစ်ဦးက ငါးသိန်း၊ နောက် တစ်သိန်း နှစ်ယောက်၊ ငါးသောင်း တစ်ယောက်၊ သာဓုခေါ်ပါ… ဒကာကြီး"
ဆရာတော်ဘုရားက ကျွန်တော့်ထံ ဤသို့ ဖုန်းဆက်ပါသည်။ အလှူရှင်တွေအားလုံး ရန်ကုန်ကတဲ့။ ဘယ်သူတွေမှန်းလည်း မသိ။

နောက်တစ်ခါ ကလေး ၄၅ဝ ကျော်ကို ပညာသင်ပေးနေသည့် ရွှေပြည်သာက မြိုင်သီလရှင် စာသင်တိုက်က အပြန် ဆဲဗင်းဒေးမှာပင် စာရေးဖြစ်ပါသည်။ ဤတွင် အမျိုးသမီးတစ်ယောက်က ဖုန်းဆက်လာပြန်ပါ၏။ သီလရှင်တိုက်၏ လိပ်စာ၊ ဖုန်းနံပါတ် ကျွန်တော်က ပေးပါရန်။

သို့ဖြင့် သုံးလေးရက်အစွန်းမှာပင် သီလရှင်စာသင်တိုက် ဆရာလေးထံမှ ဖုန်းဝင်လာပြန်သည်။ ကျွန်တော် အံ့သြရသော သတင်း။
"ငွေဆယ်သိန်း လာလှူသွားတယ် ဒကာကြီး… ဆဲဗင်းဒေးက ဒကာကြီးဆောင်းပါး ဖတ်ရလို့တဲ့"

ကျွန်တော်က ကျွန်တော့်ဆီကနေ သီလရှင်တိုက်လိပ်စာ လှမ်းတောင်းသည့် အမျိုးသမီး၏ ဖုန်းနံပါတ် ရှိနေသေးသောကြောင့် လှမ်းဆက်ကာ အလှူရှင်အမည်ကို မေးမိပါသည်။ သူက မပြောပါ။ မသိချင်ပါနှင့်… တဲ့။ ထို့အပြင် အခြား ပရဟိတဂေဟာကလေးတို့၏ လိပ်စာကိုပင် တောင်းနေ၍ ကျွန်တော်က ပေးလိုက်ရပြန်ပါသည်။

နောက်ထပ်ရောက်လာပြန်သည်က အင်္ဂလိပ်ဂျီအို ပရဟိတလူငယ်တစ်စု။ ကျွန်တော့်ဆီက လိပ်စာလာတောင်းခြင်း။ ဒါကလည်း ဆဲဗင်းဒေးက ဆောင်းပါးကြောင့်တဲ့။ ကျွန်တော် ကြည်နူးရပါသည်။

-သုံး-

၇ ရက်သားသမီး စာဖတ်သူများအား ကျွန်တော် တစ်ခုပြောလိုပါသည်။

ကျွန်တော်က ကျွန်တော်လက်လှမ်းမီရာ၊ ကျွန်တော့်အသိုင်းအဝိုင်းနှင့် နီးစပ်ရာ ပရဟိတ ဂေဟာကလေးများသို့ ရောက်ကာ ထိုတွေ့ထိရာရာကလေးတို့ကိုသာ ရေးပြနေခဲ့ရခြင်း ဖြစ်ပါသည်။ တကယ့်တကယ် မေတ္တာနှင့်ကရုဏာကို ပေးပါဟု လက်ဖြန့်တောင်းဆိုနေသူတို့က နေရာအနှံ့အပြားမှာ ရှိပါသည်။ သည်နေရာလေးတွေမှာ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပါဝင် ပတ်သက်ဆောင်ရွက်၊ ပါဝင်ဖြည့်ဆည်းလှူဒါန်းနေသူတို့ အမြောက်အများ ရှိပါသည်။ ကျွန်တော့်မိတ်ဆွေကြီး အမည် မဖော်လိုသူ ကိုစိုးမြင့်လို မဟုတ်ဘဲ တကယ့်ကို မိမိအမည်ကို ပဓာနမထား မှုန်ဝါးဝါးထားကာ ကောင်းမှုပြုနေသူ ၇ ရက်သားသမီးတို့ အများအပြား ရှိနေကြပါသည်။ သည်လို စိတ်နေမြတ်သူများကို ဦးညွှတ်လျက် ရှိပါကြောင်းလည်း ကျွန်တော် ဖော်ပြလိုပါသည်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ကွန်ဖူးစတား ဂျက်လီ၏ စကားတစ်ခွန်းကိုပဲ ထပ်မံကိုးကားပါရစေ။ If everyone give one yuan every month, It will add up to billions တဲ့။ တစ်လကို တစ်ယွမ်ပဲ လူတစ်ယောက်ဆီကပဲထည့်၊ သန်းထောင်ပေါင်းများစွာ ဖြစ်သွားမှာတဲ့။ ကျွန်တော်တို့ကရော။ တစ်လ ငွေတစ်ထောင် သိပ်မခက်သူတွေ တော်တော်များများ ရှိပါသည်။ မေတ္တာချင်းဆက်ပြီး ဝန်းရံလိုက်လျှင် လူတော်တော်များများကို ပညာသင်ပေးနိုင်၊ လူတော်တော်များများကို စားဝတ်နေရေး ဖြေရှင်းပေးနိုင်၊ လူတော်တော်များများကို မျက်ရည်သုတ်ပေးနိုင်မည် ဆိုတာက ဧကန်မုချ ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေ ဘာကြောင့် မဆက်စပ်မိကြသေးတာတဲ့လဲ။ ငွေတစ်ထောင်က မခက်၊ ဆက်စပ်မိဖို့က ခက်နေကြပုံ ရပါသည်။ ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်မှာတော့ အမည်မဖော်လိုသော ဒါနရှင်တို့ကို ပရဟိတ စခန်းကလေးများ ကိုယ်စား ကျွန်တော်က ကျေးဇူးတင်နေမိပါသည်။ လှပသော လိပ်ပြာပိုင်ရှင်များကို မကြာခဏ သတိရနေမိပါကြောင်း ဆဲဗင်းဒေးစာမျက်နှာများမှတစ်ဆင့် နှုတ်ခွန်းဆက်ပါရစေလား။

*7 DAY NEWS JOURNAL*

*Vol.9, No.28*

*SEPTEMBER 30, 2010*

## လမ်းတွေပေါ်မှာ လူကို ထည့်သွင်းစဉ်းစားပါ

-တစ်-

လူကို ဘယ်တုန်းကမှ ထည့်သွင်းမစဉ်းစားသော သို့မဟုတ် နောက်ဆုံးထားပြီးမှ စဉ်းစားပုံရသော လုပ်ငန်းကိုင်ငန်းတွေထဲမှာ မော်တော်ကားလုပ်ငန်းက ထိပ်ဆုံးနေရာက ပါနေလေရော့သလား ကျွန်တော် မပြောတတ်ပါ။ ကားသမား တစ်ယောက်စ နှစ်ယောက်စကို သူတို့ခရီးသည်၊ သူတို့စားသုံးသူအပေါ် လေးစားစွာ ဆက်ဆံတာမျိုး တစ်ကြိမ်စ နှစ်ကြိမ်စဆိုသလို တွေ့ကြုံခဲ့ဖူးသည်မှာ မှန်သော်လည်း ကျွန်တော်နှင့် ထိတွေ့ဆက်စပ်မိသမျှ အများစုကတော့ စိတ်ပျက်စရာတွေချည်းသာ ဖြစ်ပါသည်။

ခရီးသည်များများ ရလိုမှုကြောင့် ခရီးသည် တော်တော်များများ တက်လာလေ့ရှိသော မှတ်တိုင်များ၌ တမေ့တမော ကျောက်ချရပ်နားထားသည့် ဘတ်စ်ကားများကို လူတိုင်း ကြုံဖူးကြမှာ ဖြစ်ပါသည်။ ကားပေါ်က ခရီးသည်တွေ သက်တောင့်သက်သာ ရှိ၏၊ မရှိ၏ သူတို့ မစဉ်းစား။ သွားလိုရာခရီးသို့ အချိန်မီ ရောက်နိုင်၏၊ မရောက်နိုင်၏ သူတို့ မတွေးတော။ သူတို့ ခေါင်းထဲမှာ လူမရှိ။ ငွေ သို့မဟုတ် ပိုက်ဆံသာ။ ထိုအရာအတွက် ကားကို သူတို့ ကျောက်ချရပ်နားထားခြင်း ဖြစ်ပါသည်။ သို့သော် နောက်က ကားတစ်စီးစီး လိုက်ပါလာပြီဖြစ်သဖြင့် လွတ်အောင်မောင်းပြေးဖို့ ကြုံကြိုက်လာတာမျိုး သို့မဟုတ် ရှေ့ကကားကို ကျော်တက်ရန် စိတ်ကူးပေါ်လာသော အခါမျိုးတွင်ကား တရကြမ်း သူတို့မောင်းကြပါပြီ။ မှတ်တိုင်ပါ၍ ဆင်းမည့်သူများကိုပင် စိတ်မရှည်နိုင်ကြတော့။

သက်ကြီးရွယ်အိုများကိုလည်း မစာနာ၊ သားသည်အမေကိုလည်း အမှုမထား။ နေးကွေးရန်ကောဟု အပြစ်တင်သည်သာမက ရိုင်းစိုင်းကြမ်းတမ်းသော စကားဖြင့် တွန်းထိုးချတာမျိုးတွေ ကားလမ်းပေါ်မှာ ဘာမှမဆန်းတော့ပါ။

တစ်ခါက ထိုကဲ့သို့ ကားချင်းအလုအယက် မောင်းနှင်ကျော်တက်ကြစဉ် နောက်ကားက ကျော်တက်မည်ကိုစိုး၍ ကားကို မှတ်တိုင်တွင် သေသေချာချာမရပ်ဘဲ ပလက်ဖောင်းနှင့် အဝေးကြီး ခွာရပ်ထားခဲ့ရာ ကားပေါ်ကဆင်းလာသော လူငယ်တစ်ယောက်ကို နောက်ကားက ဖြတ်တိုက်သဖြင့် အသက်ဆုံးခဲ့ရဖူးပါပြီ။ ဒါဘာကြောင့်လဲဆိုတော့ ငွေတစ်ခုတည်းကို ဦးစားပေးစဉ်းစားနေသောကြောင့်ပင်။ ပလက်ဖောင်းနှင့် အဝေးကြီး ခွာရပ်ထားလိုက်လို့ ကားပေါ်ကဆင်းမယ့် ခရီးသည် အန္တရာယ်တိုးသွားလေမလား ဆိုတာမျိုး ဘယ်တော့မှ မစဉ်းစား။

တချို့ခရီးသည်တွေက မြို့ကြီးသားပီသစွာဖြင့် ရှေ့မှတ်တိုင် ဆင်းတော့မှာမို့ ကြိုတင်ပြီး အပေါက်ဝကို ထွက်လာတတ်ပါသည်။ ဒါကို ကားသမားက မကြိုက်။ မှတ်တိုင်မဟုတ်ဘဲ

လမ်းကတားတားစီးသမျှ ခရီးသည်ကိုတင်ဖို့ အနှောင့်အယှက် ဖြစ်နေခဲ့သည် မဟုတ်လား။ သည်တော့ ကြိုထွက်လာသူ ခရီးသည်ကို ပြုစုချင်သည်။

တစ်ခါက အဝေးပြေးကားဂိတ်တစ်ခု ရှိရာသို့ ကျွန်တော် ကားစီးသွားခဲ့ရာ ဂိတ်ဆုံးမရောက်မီ လေးငါးမှတ်တိုင် အလို၌ ခရီးသည်တွေ စုပြုံနေတာကို ကားဒရိုင်ဘာနှင့် လက်မှတ်ရောင်းက မြင်သွားပါသည်။ သည်ခရီးသည်တွေက မြို့ထဲဘက်ကို သွားမည့်သူများဖြစ်ရာ သည်လူတွေဆီက ပိုက်ဆံကို သူတို့လိုချင်သည်။ သည်တော့ ကားကို မူလလမ်းကြောင်းအတိုင်း ဂိတ်ဆုံးအထိ သွားမနေတော့ဘဲ နောက်ကြောင်းပြန်ကွေ့လိုက်သည်။ ကားပေါ်က ခရီးသည်တွေ သွားလိုရာကို မရောက်ဘဲ ဆင်းကြပေတော့။ ကားလက်မှတ်ရောင်းက သူ့အကျီပေါ်က နာမည်ကို လက်ညှိုးဖြင့်ထိုးပြကာ ဆင်းသွားရသည့် ခရီးသည်တွေကိုပင် စိန်ခေါ်နေလိုက်ပါသေးသည်။ မကျေနပ်လျှင် နာမည်မှတ်သွား၊ ကြိုက်ရာသွားပြော ဆိုသည့်သဘော။

တစ်ခါကများဆိုလျှင် အဝေးပြေးခရီးစဉ်တစ်ခု၌ ကျေးတောသူ ခရီးသည် လေးငါးယောက်က သူတို့ဆင်းမည့်နေရာကို ရောက်ပါပြီဟု အကြိမ်ကြိမ် အော်ပြောနေပါလျက် နောက်ကပါလာသော ကားကို လွတ်အောင် ဖွတ်မောင်းသွားခဲ့ကာ နာရီဝက်သာသာခရီးကို မောင်းသွားခဲ့ပြီးမှ ကျော်လွန်၍ပါလာသော ခရီးသည်များကို ငွေစကြေးစအချို့ ပြန်ပေးကာ သင့်လျော်ရာကားဖြင့် နောက်ကြောင်းပြန်စီးသွားဖို့ စီစဉ်ပေးနေတာကို အံ့သြစရာ ကျွန်တော်မြင်ခဲ့ဖူးပါသည်။

ကုန်တင်ကား မဟုတ်ပါဘဲနှင့် ဆန်အိတ်တွေ၊ ပဲအိတ်တွေ၊ ကွမ်းခြင်းတွေ၊ ပန်းခြင်းတွေ၊ စက္ကူပုံးတွေ ထပ်ကာဆင့်ကာ တင်ထားသဖြင့် ခြေထောက်လည်း ချမရ၊ ဒူးလည်း ကွေးမရ၊ အဆင်းခက် အတက်ခက် လိုက်ပါရသော ခရီးစဉ်တွေကိုလည်း အများစု ကြုံဖူးကြပြီးပင် ဖြစ်ပါလိမ့်မည်။ အချို့ကားတွေက ခရီးသည်ပိုဆန့်အောင် ထိုင်ခုံတန်းတွေကို ရှေ့နောက် စိပ်ပစ်လိုက်သည်။ ရှေ့ခုံ၏ နောက်မှီနှင့် နောက်က ခရီးသည်၏ဒူး မလွတ်တော့။ အချို့ကားတွေက နှစ်ယောက်သာသာ ထိုင်ခုံကို သုံးယောက်ခုံ အတင်းလုပ်ပစ်လိုက်သည်။ အစွန်ဆုံးလူက ထိုင်မရတော့။ မတ်တပ်ခရီးသည် မတင်ရဟူသော ကားကလည်း လောဘဖြင့် တင်ပါ၏။ အလျင်လိုသော ခရီးသည်ကလည်း စီးပါ၏။ စစ်ဆေးရေးနှင့် တွေ့သောအခါ လက်မှတ်ရောင်းက ထိုင်နေပါ၊ ထိုင်နေပါဟု ဆိုသဖြင့် လေထဲမှာ ထိုင်ချင်ယောင်ဆောင်နေရသော ခရီးသည်တွေကလည်း တစ်ဒုက္ခ။

-နှစ်-

ဒါတွေအားလုံး ဘာကြောင့်ဖြစ်နေရသလဲ ဟူသော မေးခွန်းအတွက် အဖြေက ငွေ သို့မဟုတ် ပိုက်ဆံပဲ ဖြစ်ပါသည်။ မှန်ပါသည်။ ငွေရဖို့၊ ပိုက်ဆံရဖို့မှတစ်ပါး လူ သို့မဟုတ် ခရီးသည်ဘက်ကို လုံးဝထည့်သွင်းစဉ်းစားမှု မရှိသဖြင့် သည်လိုဖြစ်နေရခြင်း ဖြစ်ပါသည်။

အချို့ ကားသမားတွေကဆိုလျှင် “ကိုယ်ပိုင်ကား ဝယ်စီးပါလား” ဟုပင် မိမိ၏ခရီးသည်ကို ထေ့ငေါ့လိုက်ပါသေးသည်။ ဒါက မိမိ၏စားသုံးသူ (Consumer) ကို နှိမ့်ချစော်ကားလိုက်ခြင်းပင် ဖြစ်ပါသည်။ တကယ်တော့ စားသုံးသူသည် မိမိ၏ ကျေးဇူးရှင်၊ ထိုသူတို့ စိတ်ကျေနပ်မှု ရရှိစေရန်

မိမိတို့က ဝန်ဆောင်မှု (Service) ပေးရမှာပါလားဟူသော စိတ် မထားတတ်၊ မထားနိုင်ခြင်းပင် ဖြစ်ပါသည်။ "စျေးကွက် စျေးကွက်" နှင့် အသံဗလံတွေ ညံနေသောကာလ၌ စားသုံးသူ (Consumer) ကို စိတ်ကျေနပ်ဖွယ်ရာ ဝန်ဆောင်မှု (Service) မပေးသော လုပ်ငန်းတို့သည် အခိုက်အတန့်တစ်ခုတွင်သာ ရပ်တည်နိုင်လေ့ရှိပြီး ရေရှည်၌ လက်လွတ်ခြေလွတ် ပြုတ်ထွက်သွားတတ်ကြသည်ကို သတိပြုသင့်ပေသည်။

*7 DAY NEWS JOURNAL*

*Vol.9, No.30*

*OCTOBER 14, 2010*

## လန်ဒန်မြို့က ရုပ်တုများနှင့် ဓားတစ်လက် မြင်းတစ်စီး

-တစ်-

တစ်ခါက ဆရာမောင်စူးစမ်း၏ ဆောင်းပါးတစ်ပုဒ်ထဲမှာ ဟီးရိုး (Hero) နှင့် ပတ်သက်ရာရာ အတွေးအခေါ် အယူအဆတို့ကို တော်တော်ကလေး စုံစုံစေ့စေ့ ဆွေးနွေးရေးသားထားတာ ကျွန်တော် ဖတ်ခဲ့ဖူးပါသည်။ ဆရာက ဟီးရိုးဆိုတာ မယဉ်ကျေးသေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ခေတ်မမီသေးတဲ့ မြို့ပြနိုင်ငံတွေမှာ ပေါ်ထွန်းတတ်တာဟု ဆိုပါသည်။ Uncivilized situation and absence of modern state ဟု ဖော်ပြထားပါသည်။

သည်အဆိုက ရောမကို အာခံခဲ့သော စပါတာကပ် (Spartacus) နှင့်တော့ ကွက်တိပဲ ဖြစ်ပါသည်။ BC 73 ဝန်းကျင် ကျွန်စနစ်ထွန်းကားသော ရောမ၌ လူလူချင်းသတ်ပုတ်ခိုင်းကာ အပျင်းပြေထိုင်ကြည့်သော လောက၊ လူနှင့် တိရစ္ဆာန်ရိုင်းများ သတ်ပုတ်ခိုင်းကာ အနိုင်၊ အရှုံး လောင်းကြေးထပ်ကြသော လောကကို မခံနိုင်သူ စပါတာကပ် (Spartacus) က ထကြွပုန်ကန်လေသောအခါ ထို အညတရ ကျွန်တစ်ယောက်က ဟီးရိုးဖြစ်သွားခဲ့ပါလေသည်။ ဒါကိုရည်ရွယ်ကာ မယဥ်ကျေးသေးတဲ့ လူ့A ဖွဲ့A စည်းနဲ့ ခေတ်သစ်ကမ္ဘာကို မရောက်သေးတဲ့ မြို့ပြနိုင်ငံတွေမှာ ဟီးရိုးတွေ ပေါ်ထွန်းတတ်တာပါဟု ဆိုလိုခြင်း ဖြစ်ပါလိမ့်မည်။

A ခုက ခေတ်သစ်ကမ္ဘာ၊ ယဥ်ကျေးသော ကမ္ဘာ။ ဒါ့ကြောင့် သူရဲကောင်းမလိုတော့ဟု ယူဆပုံရပါသည်။ To Banish Heroies from Human Life တဲ့။ လူသားရဲ့ဘဝထဲက သူရဲကောင်းတွေကို နှင်ထုတ်ပါလေတဲ့။ ဆရာက ဒီစာသားကို ကိုးကားဖော်ပြထားပါသည်။ A မှန်တကယ်ကိုပဲ ကမ္ဘာလောကမှာ သူရဲကောင်းတွေ မလိုA ပ်တော့ဘူးတဲ့လား။ စဥ်းစားစရာ ဖြစ်ပါသည်။

ကျွန်တော်တို့က သူရဲကောင်းဟု ဆိုလိုက်သည်နှင့် ဓားတစ်လက် မြင်းတစ်စီး သို့မဟုတ် သေနတ်တစ်လက် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်သော ပုံရိပ်ကို ပြေးမြင်ကြစမြဲ ဖြစ်ပါသည်။ သူရဲကောင်းတို့၊ Hero တို့ စသော စကားလုံး၏ ပုံရိပ်က သည်ပုံရိပ်A တိုင်းပဲ မဟုတ်လား။

-နှစ်-

ခုတော့ Hero နှင့်A ပြိုင် စကားလုံးတွေက A များA ပြားပဲ ဖြစ်ပါသည်။ Ideal Character တဲ့။ Role model တဲ့။ Ego ideal တဲ့။ Self image တဲ့။ သည်စကားလုံးA ာႏလုံးA တွက် ခြုံငုံA ဓိပ္ပာယ်က စံပြဇာတ်ရုပ်၊ စံပြလူသားပဲ ဖြစ်ပါသည်။ ဓားတစ်လက်၊ မြင်းတစ်စီး၊ သေနတ်တစ်လက်၊ မော်တော်ဆိုင်ကယ်တစ်စီး ပုံရိပ်ကိုဘေးဖယ်ပြီး စဥ်းစားလိုက်လျှင် သည်

စံပြဇာတ်ရုပ်၊ စံပြလူသား ဆိုသည်ကဖြင့် လိုအပ်နေမြဲ၊ အထူးသဖြင့် လူငယ်လူရွယ်တို့အတွက် ပိုမို၍ လိုအပ်နေမြဲဟု ကျွန်တော် ထင်မိပါသည်။

လူငယ်လူရွယ်တွေဟာ ဘယ်သူ့ကိုမှ အားကျစရာ မလိုဘူးလား။ ဘယ်သူ့ကိုမှ စံပြုစရာ မလိုဘူးလား။ ဘယ်သူ့ကိုမှ နမူနာယူစရာ မလိုဘူးလား။ အတွေးပွားချင်စရာပင် ဖြစ်ပါသည်။

-သုံး-

နည်းပညာနှင့် ပရဟိတလုပ်ငန်းများအတွက် အားကျစရာ ပုဂ္ဂိုလ်တစ်ယောက်ကို ရည်ညွှန်းပါဟုဆိုလျှင် ကျွန်တော်ကတော့ ဘီလ်ဂိတ်ကို ဖော်ပြလိုပါသည်။ Bill Gates။ Microsoft ကွန်ပျူတာသူဌေးကြီး ဘီလ်ဂိတ်။ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားဘဝကို ခေတ္တစွန့်ခွာခဲ့ကာ မိုက်ကရိုဆော့ဖ် ကွန်ပျူတာဖြင့် ကမ္ဘာ့နံပါတ်တစ်သူဌေးဘဝ ရောက်အောင် လုပ်ဆောင်ခဲ့သည်သာမက ချမ်းသာသမျှ ခနဉ္စာတို့ကို ပရဟိတလုပ်ငန်းတွေထဲ ထည့်ဝင်ဖို့ ဆုံးဖြတ် ကြေငြာထားခဲ့သည့် သည်လိုလူတစ်ယောက်ကို လူငယ်တွေ အားကျမိတာ မကောင်းဘူးလား။

၂၀ ရာစု၏ Man of the Century ဟု အသတ်မှတ်ခံခဲ့ရသော ရူပဗေဒဆိုင်ရာ နိုဗယ်ဆုရှင် အဲလဘတ်အိုင်းစတိုင်း (Albert Einstein) ၏ ဉာဏ်ပညာကြီးမားပုံ၊ A နေရိုး၊ A စားရိုး၊ မာန်မာန မရှိ၊ ပကတိ ဖြူစင်ပုံကြီးကို ကြည့်ကာ သည်လူ Aိုင်းစတိုင်းကို လူငယ်တွေ A ားကျနေမိရင်ရော မကောင်းဘူးလား။ ၂၀၀၂ ခုနှစ်တွင် Aိန္ဒိယနိုင်ငံ၏ ၁၁ ဆက်မြောက် သမ္မတA ဖြစ် A ရွေးချယ်ခံရကာ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်တွင် သမ္မတတာဝန်ဝတ္တရားများ သက်တမ်းကုန်သဖြင့် နောက်တစ်နေ့ ၂၅ ရက်မှာပင် သူ သမ္မတအိမ်တော်ပေါ်သို့ တက်စဉ်က ပါလာသည့် သေတ္တာကလေးနှစ်လုံး ဆွဲကိုင်ကာ ပြန်ဆင်းသွားသူ၊ ဘာလက်ဆောင်ကိုမှ လက်မခံခဲ့ပါဟု ဆိုလေသူ၊ အိန္ဒိယသမ္မတကြီး အဗ္ဗဒူကလာမ် (Abdul Kalam) ကို လူငယ်တွေ A ားကျနေတာရော မကောင်းဘူးလား။

ထို့A တူ စပရင်းဖီးလ်မြို့က "ငါ့ရှေ့နေဆိုင်းဘုတ်လေးကို မဖြုတ်နဲ့၊ A`သည် ရှေ့နေA လုပ်က မြဲတယ်၊ A ခု သမ္မတA လုပ်က မြဲတာမဟုတ်ဘူး" ဟု ဆိုလေသူ A မေရိကန်သမ္မတကြီး ေA ဗရာဟင်လင်ကွန်း (Abaraham Lincoln)၊ ကမ္ဘာပေါ်မှာ ဘုမသိဘမသိ မျက်ရည်ကျနေသူတွေ A များကြီးရှိတယ်ဟု ဆိုကာ ပရဟိတA လုပ်များထဲမှာ နောက်ဆုံးထွက်သက်ကို ရှူထုတ်သွားသူ ကရုဏာရှင်မကြီး မာသာထရီဆာ၊ လူတစ်ယောက် တစ်လ တစ်ယွမ် ထည့်ရုံနဲ့ ကမ္ဘာကို ကယ်လို့ရပါတယ်ဟု ဆိုကာ The one foundation ထောင်လေသူ ကမ္ဘာကျော်ကွန်ဖူးစတား ဂျက်လီ (Jet Li) စသည် စသည်ဖြင့် လူငယ်တို့ A ားကျစရာ ပုဂ္ဂိုလ်တွေ နယ်ပယ်A သီးသီးမှာ ရှိပါသည်။ ဘောလုံးသမားတွေ၊ တေးဂီတပညာရှင်တွေ၊ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ စာနယ်ဇင်းသမားတွေ၊ ပညာရှင်တွေ ဘယ်သူဘယ်ဝါ ဘယ်နယ်ပယ်ကမှုရယ်လို့ မဟုတ်။ တစ်ဦးဦးကို အားကျတာ၊ ကိုယ့်လမ်းကို ကိုယ်ရှာဖြစ်နေတာက အဓိပ္ပာယ်ကလေးများ ရှိလေမလားဟု ကျွန်တော် စဉ်းစားမိပါသည်။ ကိုယ်အားကျမိသူသည် ဓားတစ်လက်၊ မြင်းတစ်စီးနှင့်တော့လည်း ဟုတ်ချင်မှ ဟုတ်ပေမပေ့ါ။

-လေး-

"ခရီးသည်" စာအုပ်ထဲမှာ ဆရာဇော်ဂျီက သူ့လန်ဒန်အတွေ့အကြုံများကို တော်တော်များများ ထည့်ရေးထားခဲ့ရာ "လန်ဒန်မြို့က ရုပ်တုများ" ဆိုသည့် စာတစ်ပုဒ်လည်း ပါဝင်ပါသည်။ ဆရာက လန်ဒန်မြို့တွင် ကြေးသွန်းရုပ်၊ ကြေးတမော့ရုပ်များကို မျက်စိနှင့်မလွတ်အောင် မြင်နေရကြောင်း ဖော်ပြပါသည်။ ဥပမာ... ရိုက်စပီးယား အရုပ်တဲ့။ သမ္မတလင်ကွန်း အရုပ်တဲ့။ ဗိုလ်ချုပ်ကြီး အော်လီဗာကရွန်ဝဲ အရုပ်တဲ့။

ဆရာဇော်ဂျီက ထိုအရုပ်များကိုကြည့်ကာ ရှုမြင်သူတို့ စိတ်ဓာတ်တွေ အပြောင်းအလဲ ဖြစ်နိုင်ကြောင်း၊ အထူးသဖြင့် လူငယ်တွေ အားကျအတုယူကာ စိတ်နေသဘာဝတို့ မြင့်မားလာနိုင်ကြောင်း ကောက်ချက်ချထားခဲ့ပါသည်။ ဘယ်သူ့ကိုမှလည်း အားမကျ၊ ဘယ်သူ့လိုမှလည်း မဖြစ်ချင်ဘူး ဆိုတာတော့ သိပ်မကောင်းလှဟု ထင်ပါသည်။

Hero ပဲခေါ်ခေါ်၊ Ideal Character ပဲခေါ်ခေါ်၊ Role Model ပဲခေါ်ခေါ်၊ Ego Ideal, Self Image ကြိုက်ရာခေါ်၊ အိုင်းစတိုင်းကို Great personality ဟု ခေါ်သလို ခေါ်ချင်လည်းခေါ်၊ လူကောင်းသူကောင်း တစ်ယောက်ယောက်ကို အားကျမိတာကတော့ ကောင်းသော စိတ်အခြေအနေဟု ယူဆပါသည်။

ကဲ... ဘယ်သူ့ကိုများ အားကျနေမိကြပါလိမ့်။

*7 DAY NEWS JOURNAL*
*Vol.9, No.34*
*NOVEMBER 11, 2010*

# ကြီးတော်ရဲ့ နွားကျောင်းသမားများနှင့် ကွက်၍လပ်နေသော မြေကမ္ဘာ

-တစ်-

လွန်ခဲ့သည့် အနှစ်နှစ်ဆယ် ဝန်းကျင်လောက်က သို့မဟုတ် ဆယ်စုနှစ် နှစ်စုစာလောက်က အရိုးစိမ့်အောင် အေးခဲနေသည့် ပုဂံမြို့၏ ဆောင်းညအောက်မှာ "ထန်းရိပ်ညို" ဆိုသည့် အနုပညာခြံဝင်းကလေး အတွင်း၌ ဆရာပါရဂူကို အကြီးအမှူးနေရာမှာ ထားလျက် စကားဝိုင်းလေးတစ်ဝိုင်း ဖွဲ့ဖြစ်ခဲ့ကြတာကို ယခုအထိ ကျွန်တော် အမှတ်ရနေမိပါသည်။ ထိုစကားဝိုင်း၌ ရာပြည့်ဦးစိုးညွန့် ပါပါသည်။ ဆရာ ကိုတာလည်း ပါပါသည်။ သန်းခေါင်ကျိုးရုံမက လုလင်ပြန်ချိန်သို့ ကူးသည်အထိ ကောင်းနေခဲ့သော စကားဝိုင်းကလေးမို့ မမေ့နိုင်ရခြင်း ဖြစ်ပါသည်။

မှတ်မှတ်ရရ ထိုညက ဆရာပါရဂူ ဖောင်းပေးပြီးပြောသော နယ်ပယ်က ပရဟိတနယ်ပယ် အကြောင်းပဲ ဖြစ်ပါသည်။ လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာ၌ ပရဟိတကိစ္စ ဘယ်လောက် ဆောင်ရွက်သလဲ၊ မဆောင်ရွက်ဘူးလဲ ဆိုသည့် ပေတံနှင့် သူတိုင်းတာ တန်ဖိုးဖြတ်ကြောင်း၊ ပရဟိတသမား ဆိုသည်မှာ ကိုယ့်ဘက်က များများ ပေးဆပ်ရကြောင်း၊ ကမ္ဘာကြီးကို နေပျော်ထိုင်ပျော် ကမ္ဘာကြီးဖြစ်ဖို့ ပရဟိတသမားများကသာ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း စသည် စသည်ဖြင့် ဆရာပါရဂူ တော်တော်ကလေး ပြောပါသည်။

မှန်ပါသည်။ ပရဟိတကိစ္စ ဆိုသည်က ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်၏နွားကို ကျောင်းရခြင်းမျိုးဖြစ်ရာ မိမိဘက်က တော်တော်ကလေး ပေးဆပ်ရပါသည်။ ကမ္ဘာပေါ်က ကွက်နေသော လပ်နေသော နေရာများကို ဖြည့်ဆည်းရခြင်းဖြစ်ရာ မိမိဘက်က မပေးဆပ်ဘဲနှင့် ဘယ်လိုမှ မရ။

ကမ္ဘာပေါ်မှာက ပေးဆပ်စရာတွေက များပြားလွန်းလှပါသည်။ မိမိ၏ ကိုယ်ခန္ဓာထဲက သွေးကိုဖောက်ပြီး ပေးဆပ်နိုင်သည်။ မိမိ၏ ဘဏ္ဍာတိုက်ထဲက ငွေကိုထုတ်ပြီး ပေးဆပ်နိုင်သည်။ မိမိစားဖိုဆောင်ထဲက အစာအာဟာရကို ဖဲ့ပြီး ပေးဆပ်နိုင်သည်။ သို့မဟုတ် မိမိ၏ အဝတ်အစား၊ မိမိတတ်ကျွမ်းထားရာ ပညာ၊ မိမိ၏ ကာယခွန်အား၊ မိမိထိုင်နေသောခုံ စသည် စသည်ဖြင့် များပြားလွန်းလှပါဘိ။ ကမ္ဘာပေါ်ရှိ ဖြည့်စွက်စရာ ကွက်လပ်တွေကလည်း များမှများ မဟုတ်လား။

-နှစ်-

အခု ၂၀၁၀ ခုနှစ်ထဲ နှစ်ကူးလုကူးခင် တစ်နေ့၌ ဆရာချစ်ဦးညို၊ ကိုအော်ပီကျယ်နှင့် ကျွန်တော်တို့ လက်ပံတန်းမြို့က ပြန်လာကြစဉ် ဂုဏ်သရေရှိ အမျိုးသမီးကြီး တစ်ယောက်နှင့် စကားလက်ဆုံ ကျဖြစ်ပါသည်။ ကျွန်တော်တို့က ထိုအမျိုးသမီးကြီး၏ ကားပေါ်မှာ ပါလာကြသူများ မဟုတ်လား။

သူက ကွက်လပ်တွေအကြောင်းကို ပြောပါသည်။ ကလေးဘဝကတည်းက စာသင်ခန်းထဲမှာ ကွက်လပ်တွေကို ဖြည့်ခဲ့ကြရကြောင်း၊ ကွက်လပ်ဆိုသည်မှာ သည်အတိုင်းထား၍ မလှကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခဲ့ကြရပေရာ မှန်သောစကားလုံးကိုလည်း ဖြည့်စွက်တတ်ရန်လိုကြောင်း၊ သို့မှ အဓိပ္ပာယ် ပြီးပြည့်စုံကြောင်း၊ ထိုဓလေ့ကို ဘဝတက္ကသိုလ်ထဲအထိ ယူဆောင်လာသင့်ကြောင်း၊ ဘဝတက္ကသိုလ်ထဲမှာက ကွက်နေ လပ်နေသဖြင့် မပြည့်စုံသော ဘဝ ဝါကျပေါင်းများစွာ ရှိတတ်ရာ ဖြည့်စွက်ပေးတတ်ဖို့ လိုအပ်ကြောင်း စသည် စသည်ဖြင့်ဖြစ်ရာ ကျွန်တော်တို့ သုံးယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ဖြစ်ကြပါသည်။ သည်အမျိုးသမီး ကိုယ်တိုင်ကလည်း ပရဟိတကိစ္စတွေ လိုက်ဆောင်ရွက်နေသူ မဟုတ်လား။

သူ့မြို့ကလေးက ကုသိုလ်ဖြစ်ဆေးခန်းမှာ ဆေးလိုပြီ ဆိုသောအခါ ဆေးဝယ်ဖြည့်ပေးလိုက်၊ နာရေးကူညီမှုအသင်း၌ လူသေတွေ မီးသင်္ဂြိုဟ်ဖို့ မော်တော်ကား တာယာအဟောင်းတွေ လိုပြန်ပြီ ဆိုသောအခါ တာယာအဟောင်းတွေ ဝယ်ပို့ပေးလိုက်၊ စာကြည့်တိုက်အတွက် စာအုပ်လိုသောအခါ စာအုပ်တွေ ဝယ်ဖြည့်ပေးလိုက် စသည် စသည်ဖြင့် ဆောင်ရွက်နေသူဖြစ်ရာ ဟာနေသည့် ကွက်လပ်များကို လိုက်ဖြည့်နေခြင်းပင် ဖြစ်ပါသည်။

သည်လို မပြည့်စုံနိုင်ရှာသည့် ဘဝဝါကျများကို ကိုယ့်ထမင်းကိုယ်စားပြီး လိုက်ဖြည့်နေခြင်း၏ အခြေခံစိတ်ဓာတ်က စာနာစိတ် (Sympathy) ပဲ ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းကို ခိုင်မြဲအောင် ချည်နှောင်ထားသော အရာမှာ စာနာတတ်သောစိတ် (Sympathy) ဟု ဆရာကြီး ဒေါက်တာကျော်စိန်ကပင် ဆိုခဲ့ဖူးသည် မဟုတ်ပါလား။

-သုံး-

*ပါပီကလေး ပုတုတု*
*သူ့စကားက ဂုဂုဂု။*
*သူ့စကား လူမသိ*
*လူ့စကား သူမသိ*
*သနားပါဘိ။*

ဒါက ဆရာကြီး ဒေါက်တာမောင်ဖြူး၏ ကဗျာ ဖြစ်ပါသည်။ စကားမဆိုတတ်သော ခွေးကလေးတစ်ကောင် အပေါ်၌ပင်လျှင် စာနာသနားတတ်သော စိတ်ဓာတ် ဝင်ရောက်လာဖို့အတွက် ကျွန်တော်တို့ကို ပြုပြင်ထိန်းကျောင်းခဲ့ပုံရသော မူလတန်းအရွယ် ကဗျာလေးအဖြစ် ကျွန်တော် ကျေးဇူးတင်နေမိသည်။

*ကြက်တူရွေး ကြက်တူရွေး*
*ရွှေခဲ ကြက်တူရွေး။*
*ညီပုလေးကို စာအံသင်*
*ရွှေခဲ စာအံသင်။*

*ညီလေးခင်က စာပြန်တုန်း*
*ရွှေခဲ စာပြန်တုန်း။*
*ဝလုံးရေးဖို့ ညီလေးထိုင်*
*ရွှေခဲ မရေးနိုင်။*
*ဒေးမှိုင်ရှာပေါ့ ကြက်တူရွေး*
*ရွှေခဲ ကြက်တူရွေး။*

ဒါကတော့ ဆရာမင်းသုဝဏ်၏ ကဗျာ။ စာမရေးနိုင်ရှာသည့် ကြက်တူရွေးငှက်ကလေးအပေါ် ကောင်ကလေး တစ်ယောက်၏ စာနာမှု၊ သည်လိုကဗျာမျိုးကိုလည်း မူလတန်းနှစ် ကာလတွေထဲမှာပဲ ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြရတာ ဖြစ်ပါသည်။ ဒါကြောင့် ဒီကဗျာလေးကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ရပါသည်။

စကားကို တိုအောင်ချုံ့ရလျှင် ကျွန်တော်တို့သည် ကကြီးခကွေး စရေးကတည်းကပင် စာနာစိတ်နှင့် စတင်လာခဲ့ကြသော လူမျိုး ဖြစ်ပါသည်။ သို့ဖြင့် ကျွန်တော်တို့သည် မုန်တိုင်းသင့်ရာ ဒေသများသို့ အရောက်သွားကာ ဝတ်စရာကို ပေးခဲ့ကြသည်။ စားစရာကို ကျွေးခဲ့ကြသည်။ နေစရာကို ဆောက်ခဲ့ကြသည်။ မြို့တိုင်းနယ်တိုင်းလိုလို၌ နာရေးကူညီမှု အသင်းကလေးတွေ ပေါ်ပေါက်လာကြသည်။ ပရဟိတ စာသင်ကျောင်းကလေးတွေက ဟိုနားတစ်ကျောင်း၊ ဒီနားတစ်ကျောင်း၊ စာလည်းသင်၊ ထမင်းလည်းကျွေး၊ ခိုနားစရာလေးတွေလည်း ပေးသတဲ့။ ကုသိုလ်ဖြစ်ဆေးခန်းလေးတွေကလည်း ဟိုနားတစ်ခု ဒီနားတစ်ခု။ ခွဲစုပ်စက် လှူပြန်သတဲ့။ အီးစီဂျီစက် လှူပြန်သတဲ့။ ပညာရေးဆိုင်ရာ ဖောင်ဒေးရှင်းကလေးတွေလည်း ပေါ်လာကြပြန်ကာ ချို့တဲ့သော်လည်း ထူးချွန်သည့် ကျောင်းသားတွေကို ပညာဆက်သင်ဖို့ တံတားထိုးပေးနေကြပြန်သတဲ့။

သည်ဘက်ပိုင်းနှစ်တွေထဲမှာ ကျွန်တော်တို့ ပြည်သူလူထု တစ်ယောက်ကို တစ်ယောက် ကျောချင်းကပ်သည့် အနေအထားဖြင့် ကွက်လပ်ကလေးတွေ ဖြည့်ကြဖို့၊ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ပရဟိတလုပ်ငန်းတွေ တွန်းပြီး လုပ်လာကြတာကို တွေ့ရသည်မှာ တော်တော်ကို စိတ်ကျေနပ်ဖို့ ကောင်းပါသည်။ ဒါတွေအားလုံးက စာနာတတ်သောစိတ်မှာ အခြေခံပါသည်။

ကလေးငယ်တစ်ယောက် အိပ်ပျော်နေစဉ် ကွာကျနေသော စောင်ကလေးကို ဆွဲခြုံပေးလိုက်တာဟာ စာနာစိတ်။ ဘတ်စ်ကားပေါ် တိုးတက်လာတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်ကို နေရာထပေးလိုက်တာလည်း စာနာစိတ်။ ဝေဒနာရှင် လူနာတစ်ယောက်၏ လက်ကလေးကို အသာအယာ ဆွဲကိုင်ပြီး ဆရာဝန်က အားပေးနေမှုဟာလည်း စာနာစိတ်။ ကရုဏာရှင်မကြီး မာသာထရီဆာ (Mother Teresa) က ကလေးငယ်တစ်ယောက်ကို ထွေးပိုက် ချော့မြူနေတာဟာ စာနာစိတ်။ မိုက်ခရိုဆော့ဖ် သူဌေးကြီး ဘီလ်ဂိတ် (Bill Gates) သန့်ပိုက်ဆံတွေ လှူဖို့ လုပ်နေတာဟာ စာနာစိတ်။ တောင်အာဖရိက လူဖြူသမ္မတ ဒီကလပ် (De Klerk) က လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလား (Nelson Mandela) ကို ထောင်ထဲက လွှတ်ပစ်တာဟာ စာနာစိတ်။

စာနာခြင်းတရားတို့ ဖွံ့ဖြိုးလာသောအခါ ကမ္ဘာပေါ်က လစ်နေဟာနေ ကွက်နေလပ်နေ ချို့နေယွင်းနေသော အရာတွေကို မြင်လာပါသည်။ ထိုအခါ ပရဟိတစိတ် ကြီးသူတို့က ထိုနေရာများကို ဖြည့်စွက်ရန် အားထုတ်လုံးပမ်း လာကြလေ့ ရှိပါသည်။ မည်သူကမှ တာဝန်ပေးလို့ မဟုတ်။ ကိုယ့်ထမင်း ကိုယ်စားကာ ကြီးတော်၏နွားကို ကျောင်းပေးဖို့။

အခု ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်၏နွား ကျောင်းသူတွေ များလာသည့်အတွက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ကျွန်တော် ကျေနပ်သည်။ သူတို့တွေက ကွက်လပ်အချို့ကို လိုက်ဖြည့်နေကြပါသည်။ သို့ဖြင့် ကောင်းသောနစ်များရှိရာသို့ ထိုကြီးတော်၏နွားကျောင်းသူများက ဆောင်ကြဉ်းသွားလိမ့်မည် ဖြစ်ကြောင်း ယုံကြည်မိပါသည်။

*7 DAY NEWS JOURNAL*

*Vol.9, No.40*

*DECEMBER 30, 2010*

## ထိုးထားသော တံတားများပေါ်မှ

-တစ်-

ပထမဦးဆုံး အင်္ဂလိပ်ဘာသာဖြင့် ဖွဲ့ဆိုထားသည့် ကဗျာလေးတစ်ပုဒ်ကို မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။ ကဗျာအမည်က 'Bridges' ဖြစ်ရာ "တံတားများ" ဟု ဆိုပါစို့။ ကဗျာဆရာက 'James S. Tippet' ဖြစ်ပါသည်။ ရှုပါ။

*I like a bridge-*
*Any kind of bridge at all*
*A great steel bridge*
*With towers stiff and tall;*
*An old covered bridge*
*That spans a waterfall;*
*A hewn-stone bridge*
*With its rugged floor and wall;*
*A railroad bridge*
*Where freight trains slowly crawl;*
*A wooden bridge,*
*A cement bridge,*
*Whether big or small;*
*Yes, I like a bridge-*
*Just any kind of bridge at all.*

သည်ကဗျာလေးကို A ခြေခံပညာ A ဆင့်မြင့်တန်းခေါ် ဆယ်တန်းများA တွက် A င်္ဂလိပ်ဘာသာ သင်ခန်းစာထဲ၌ ပြဋ္ဌာန်းထားခဲ့ရာ လူငယ်လူရွယ် A များစုနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိပြီးသား ကဗျာလေးတစ်ပုဒ်လည်း ဖြစ်ပါသည်။ သည်ကဗျာကို ဆရာ "မောင်သာနိုး" ဘာသာပြန်ဆိုထားခဲ့ပြီး ဖြစ်ရာ ထပ်၍ ရှုပါလေဦး။

*ငါ တံတား ချစ်တယ်*
*ဘယ်တံတားမျိုး မဆိုကွဲ့။*
*သံမဏိတံတားကြီးကွယ်*
*တောင့်တောင့် မြင့်မြင့် မျှော်စင်တွေနဲ့။*
*A မိုးပါ တံတားAိုရယ်*
*ရေတံခွန်ကို ဖြတ်ကူးခဲ့။*

*ကျောက်အုတ်တံတားကွယ်*
*ကြမ်းနဲ့ တံတိုင်းကြမ်းကြမ်းနဲ့။*
*မီးရထားတံတားကွယ်*
*ကုန်ရထားတွေ အိတ္တဲ့တ္တဲ့။*
*သစ်သားတံတားရယ်*
*ဘိလပ်မြေတံတားရယ်*
*ကြီးကြီးငယ်ငယ်ကွဲ*
*အေး... တံတား ငါချစ်တယ်*
*ဘယ်တံတားမျိုး မဆိုပဲကွဲ့။*

တံတားတွေကို ချစ်တတ်သော လူတစ်ယောက်၏ ခံစားချက်ကို ဖွဲ့ထားသော ကဗျာပဲ ဖြစ်ပါသည်။ တံတားတွေက တကယ်ကိုလည်း ချစ်စရာ ဖြစ်ပါသည်။ အိမ်ရှေ့ ရေမြောင်းကလေးကို ဝါးပိုးဝါး တစ်လုံးတည်းနှင့် ဖြတ်ထိုးထားသော ကရော်ကမည် တံတားကလေးမှ စကာ ရောမ မြစ်ကူးတံတားကြီးတွေအထိ အားလုံးက ချစ်စရာတွေပဲ ဖြစ်ပါသည်။ ပြတ်တောက် ကွာဟနေသော နေရာနှစ်ခုကို တံတားတွေက ဆက်သွယ် ပေါင်းကူးပေးလိုက်တာ မဟုတ်လား။

အော်... တံတားများ။

-နှစ်-

၂၀၁၀ မှသည် ၂၀၁၁ သို့ ကူးပြောင်းဖို့ရာ တဲတဲကလေးပဲ လိုတော့သည့် တစ်နေ့မှာတော့ ကျွန်တော်တို့ သုံးယောက်သား လွမ်းစရာကောင်းသော တံတားကလေး တစ်စင်းပေါ်မှာ ရောက်နေကြပါသည်။ တစ်ယောက်က အစ်ကိုကြီး ချစ်ဦးညို၊ နောက်တစ်ယောက်က ညီငယ် အကြည်တော်။ သီတာကုန်းပြင် ချောင်းကူးတံတားတဲ့။ ဟိုးအနောက်ရိုးမခေါ် ရခိုင်ရိုးမ တောင်တန်းကြီးဆီကနေ စတင် စီးဆင်းလာခဲ့သော သီတာချောင်းက သီတာကုန်းပြင် ရွာကလေးကို ကွေ့ဝိုက်ရစ်ခွေပြီးနောက် သီတာကုန်းပြင် ချောင်းကူးတံတားလေး၏ အောက်ကနေ ငုံ့လျှိုးကာ မလှမ်းမကမ်းဆီက ဝေန်မြစ်ထဲသို့ ဝင်ရောက်သွားပေလိမ့်မည်။ တံတားတစ်ဘက်မှာက သမိုင်းဝင် သီတာကုန်းပြင် စံပြကျေးရွာ။ တစ်ဘက်မှာက လက်ပံပင်ရွာကလေး။ သည်ရွာနှစ်ရွာ ကြားမှာက သီတာချောင်း။ ချောင်းဘေးဝဲယာက မတ်စောက်သော ကမ်းပါးနှစ်ဘက်မှုဖြင့် ဆောင်းသီးနှံစိုက်ခင်းတွေက စိမ်းစိုကာ မြသားအတိ။ သီတာကုန်းပြင်သူ အချို့က ရေကြည်ကြည်ကမ်းစပ်မှာ ရေချိုးလို့။ အဝတ်လျှော်လို့။ ညနေရီရီကလည်း မြူခိုးတွေနဲ့ ပြာမှိုင်းလို့။ ဟိုးခပ်လှမ်းလှမ်းက သီတာမောင်နှမ နတ်နန်းကိုတော့ တံတားပေါ်ကနေ လှမ်းမြင်နေရသည်။

သည်တံတားက စတီးကြိုးတံတား ဖြစ်ပါသည်။ ပေ ၂၁၀ ရှည်ပြီး အကျယ်က ၅ ပေ ၈ လက်မ။ အခွက်မဟုတ် အခုံး။ အောက်က သံပြားခင်း။ ဆိုင်ကယ်နှစ်စီး ခပ်သာသာ ရှောင်နိုင်တိမ်းနိုင်သည်။ ဘေးနှစ်ဘက်မှာ သံဆန်ခါကွက် အကာအရံနှင့်။ ကြိုးတံတားမို့ မဆိုစလောက်ကလေးတော့ ယမ်းချင်ခါချင်သည်။

သည့်တံတား၏ အဓိကဇာတ်လိုက်က ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီ ဖြစ်ပါသည်။ မစ္စတာတိုနီက လူပိုကြီး။ အသက်က ၄၃ နှစ်။ အရှေ့တောင်အာရှတစ်ခွင်မှာ တံတားအစင်း ၅၀၀ တည်ဆောက်မည်ဟု ဆိုကာ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား စသည့် နိုင်ငံများ၌ လှည့်လည်ပြီး တံတားထိုး လှူဒါန်းနေခဲ့ရာ ယခုအထိ တံတားအစင်း ၄၂၀ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံထဲမှာတော့ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ နေပြည်တော်တိုင်း ဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးတွေထဲမှာ သူ တံတားတွေ လိုက်ထိုးနေခဲ့သည်။

ကျွန်တော်သိသလောက် ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ်ထဲမှာ အောင်ဓာတ်ကွင်းတံတားနှင့် ရေဖြူတံတား။ ရေကြည်မြို့နယ်ထဲမှာက ကွင်းယားတံတား၊ ဖန်ခါးပြင်တံတားနှင့် သီတာကုန်းပြင်တံတား။ ထိုနေ့က ကျွန်တော်တို့သုံးယောက် ထိုသီတာကုန်းပြင်ဟူသည့် တံတားတစ်စင်းပေါ်မှာ ရောက်နေကြခြင်း ဖြစ်ပါသည်။

"လူထုက နည်းနည်းတော့ စိုက်ရတယ်ဗျ၊ ဟိုဘက်ကမ်း ဒီဘက်ကမ်းမှာ မြေစိုက် ကွန်ကရစ်တိုင် လေးလုံး စိုက်ပေးထားရတယ်... နောက် ပစ္စည်းသယ်ယူစရိတ်၊ လူထုရဲ့ လုပ်အားတန်ဖိုး... အင်ဂျင်နီယာတွေရဲ့ အသွားအပြန် ကားခ စုစုပေါင်းလိုက်တော့ သိန်း ၆၀ နီးပါးပေါ့... တိတိကျကျက ငါးဆယ့်ရှစ်သိန်းနဲ့ ခုနစ်သောင်း ကိုးထောင်သုံးရာ ခုနစ်ဆယ်ကျပ် ဆိုပါတော့ဗျာ" ရပ်ရွာအကျိုးဆောင် ဦးကျင်စွမ့်က ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

"မစ္စတာတိုနီက ဆွစ်ဇာလန်က၊ သူ့နောက်က သူဌေးတစ်ယောက် ရှိတယ်။ အဲဒီသူဌေးရဲ့ ထောက်ပံ့ငွေနဲ့ တံတားအစင်း ၅၀၀ ပြည့်အောင် ထိုးမှာတဲ့... အခု တံတားအတွက်က သံထည် စတီးထည်အားလုံးကို ကျပ်သိန်း ၄၅၀ ဖိုး မတည် လှူဒါန်းပေးတာပါ... မစ္စတာတိုနီက သူ့တပည့် အင်ဂျင်နီယာ ၂ ယောက်နဲ့ တံတားကို တစ်နေ့တည်းနဲ့ အပြီးဆင်တာ... ရေသောက် ငှက်ပျောသီးစားပြီး တံတားထိုးတာ... မနက်မှာ စတယ် ညနေမှာ ပြီးတယ်"

-သုံး-

သီတာကုန်းပြင်က လွမ်းမောစရာ သမိုင်းဝင် ရွာကလေးတစ်ရွာပဲ ဖြစ်ပါသည်။ ညောင်ရမ်းခေတ်၌ ညောင်ရမ်းမင်းတရား၏ သားတော် အနောက်ဘက်လွှန်မင်း အင်းဝတွင် နန်းတက်စက ဆောင်ရွက်ချက်များထဲတွင် တညင် (သန်လျင်)ကို ချီတက်တိုက်ခိုက်ခြင်းလည်း ပါဝင်ပါသည်။ ထိုတိုက်ပွဲ၌ တညင် (သန်လျင်) ကျလေသော် တညင် (သန်လျင်)ရောက် တောင်ငူမင်း ရတုဘုရင် နတ်ရှင်နောင်နှင့် ပေါ်တူဂီလူမျိုး ဇင်ကာတို့ကို ၁၆၁၃ ခု မတ်လ ၂၈ ရက်တွင် အနောက်ဘက်လွှန် မင်းတရားက ကွပ်မျက်ပါသည်။

ထိုအခါ ဇင်ကာ၏ မယားတစ်ယောက်ဖြစ်သော လောင်းကြက်မြို့သူ စောသဒ္ဒါသည် အနောက်ဘက်လွှန်၏ ရန်ကိုကြောက်၍ ထွက်ပြေးရာမှ အနိစ္စရောက်ပါသည်။ ထိုအခါ သားတော် နန္ဒဘယနှင့် သမီးတော် သုပဘာဒေဝီတို့ ကျန်ရစ်ပြီး ယင်းတို့ကို ခေညဝတီအမတ် သုထိန် (သုဒိန်)က ကောက်ယူမွေးစားကာ သီတာမြို့ခေါ် ကျိုက်သယီမြို့ကို တည်ထောင်ကာ

နန်းစံကြသည်။ သို့ဖြင့် မောင်တော် နန္ဒဘာယနှင့် နမတော် သုပဘာဒေဝီတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြလေသောအခါ နတ်စိမ်း ဖြစ်သွားသည်ဟု ယူဆပြီး ငါးသိုင်းချောင်း လေးမျက်နှာတစ်ဝိုက်က လူထုက သီတာမောင်နှမ နတ်များအဖြစ် ပူဇော်ပသကြသည်ဟု ဆိုပါသည်။

သီတာမောင်နှမ နတ်ကွန်းကို ကြိုးတံတားပေါ်ကနေ ကျွန်တော်တို့ သုံးယောက်သား ငေးကြည့်နေမိကြစဉ်မှာပင် ရခိုင်ရိုးမ၏ အရိပ်က ပိုလို့ ညှို့မှိုင်းလာပါသည်။ တပေါင်းလမှာ ကုန်းပွဲ၊ တော်သလင်းလမှာ ရေပွဲ ကျင်းပကြမြဲဖြစ်သည် ဆိုသော သီတာမောင်နှမနတ်နန်းနှင့် မြသိန်းတန်ဘုရားကို လှမ်းကြည့်နေခိုက်မှာပင် စာပေဟောပြောပွဲ ကျင်းပရာ ခန်းမဆီက တေးဂီတသံတွေက ကြိုးတံတားရှိရာဆီသို့ လွင့်ပျံ့လာပါတော့သည်။

-လေး-

သီတာကုန်းပြင် စာပေဟောပြောပွဲက ပထမအကြိမ် ဆိုသော်လည်း ဝက်ဝက်ကွဲအောင်ကို အောင်မြင်ပါသည်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ ပွဲထောင်တွေ၊ ဂွန်ဒေါင်းတွေနှင့် နယ်ပယ်အနှံ့က လာကြခြင်းဖြစ်ရာ ရုံပြည့်ရုံ မကတော့ဘဲ လျှံထွက်၍သွားကာ ကားလမ်းတွေပေါ်ထိ လူတွေ အုံကျသွားပါတော့သည်။

ကျွန်တော်က ရွာနှင့်မလိုက်အောင် သပ်ရပ်သန့်ရှင်းကာ နေမှုထိုင်မှု ဝတ်စားဆင်ယင်မှုတို့ စနစ်ကျသော ရွာကြီးကို အံ့ဩနေမိသည်။ အထူးသဖြင့် တိုက်နယ်ဆေးရုံ။ အများပြည်သူ လှူဒါန်းငွေ ၁၈၆ သိန်း၊ ဦးတင်စိုး၊ ဒေါ်တင်ကြည် လှူဒါန်းငွေ ကျပ်သိန်းပေါင်း ၁၃၅၀ နှင့် တည်ဆောက်ထားသော ဆေးရုံဖြစ်ရာ သပ်ရပ်သန့်ရှင်းပြီး လေကောင်းလေသန့် ဝဝလင်လင် ရရှိရာ ကုန်းမြင့်ကလေးပေါ်၌ မကူသရေးမီမှာပင် ရောဂါတစ်ဝက် သက်သာသွားလောက်သည့် အခင်းအကျင်းများနှင့် လူထုက တည်ဆောက်ထားသည့် ဆေးရုံဖြစ်ပါသည်။ သန့်စင်ခန်းတွေကလည်း သပ်သပ်ရပ်ရပ်။ အမှိုက်ကျင်းကြီးတွေကလည်း သန့်သန့်ရှင်းရှင်း။ ဆရာဝန်အိမ်၊ သူနာပြုအိမ်တွေကလည်း လုံလုံခြုံခြုံနှင့်။ ရခိုင်ရိုးမနှင့် ဝေန်မြစ်ကြီး၏ ကြားက ရွာကလေး။

-ငါး-

ထိုညက ကျွန်တော်နှင့် အစ်ကိုကြီး ချစ်ဦးညို ကိုယ့်အလှည့်ပြီးသည်နှင့် ကားပေါ် ရောက်နေကြပါပြီ။ ကျွန်တော်က ကနောင် မြန်အောင်သို့၊ အစ်ကိုကြီး ချစ်ဦးညိုက ကလေးသို့ ချက်ချင်း ခရီးဆက်ရမည် ဖြစ်ရာ အိပ်စက်နားနေဖို့ မဖြစ်နိုင်ဘဲ ခရီးဆက်ထွက်ကြရသည်။ သီတာကုန်းပြင်ကလည်း ကားတစ်စီး စီစဉ်ပေးသည်။

ဝေန်မြစ်ကို ဖြတ်ကျော်တော့ ဂျပန်-မြန်မာ ချစ်ကြည်မှု အမှတ်တရ တံတားပေါ်ကနေ ကျွန်တော်တို့ ဖြတ်ကျော်ကြရပြန်ပါသည်။ တံတားတွေ တံတားတွေ။ ထိုးသူတွေက ထိုးကြ။ ချိုးသူတွေက ချိုးကြ။

နာမည်ကျော် ကွေးမြစ်ပေါ်က တံတား (A bridge on the River Kwei) ရုပ်ရှင်ထဲ၌ မွန်ပြည်နယ် သံဖြူဇရပ်မှ ထိုင်းနိုင်ငံ ဘန်ပေါင် (Ban Pong) မြို့အထိ မိုင် ၂၅၀ ရှည်သော ရထားလမ်း ဖောက်လုပ်ခဲ့ရာ ကွေးမြစ် (River Kwei) ကို ဖြတ်ရသဖြင့် ဂျပန်က မဟာမိတ်တပ်မှ သုံ့ပန်းများ၏ အကူအညီဖြင့် တံတား ဆောက်လုပ်ပြီးစီးခဲ့ပေရာ ဂျပန်က ရထားဖြင့် လက်နက်ရိက္ခာ သယ်ယူဖို့ သည်တံတားကို အသုံးပြုမည် ဖြစ်သဖြင့် ကွေးမြစ်ပေါ်က တံတားကို မိုင်းကပ်၍ ဖောက်ခွဲပြီး ချိုးချပစ်ရန် မဟာမိတ်ဘက်က စီစဉ်ကြရာ သည်တံတားကို ဆောက်ရာ၌ ဦးဆောင်ပါဝင်ခဲ့သူ မဟာမိတ်တပ်က သုံ့ပန်းအရာရှိ တစ်ယောက်က မချိုးရက်သဖြင့် ကြေကွဲရပုံတွေကို ကျွန်တော်တို့ ကြည့်ခဲ့ဖူးကြပါသည်။

ကျွန်တော်တို့ဆီမှာတော့ နာမည်ကျော် စစ်ကိုင်းတံတားကြီးကို ဗြိတိသျှအစိုးရက ရန်ဒဲလ်ပါးမားနှင့် ထရစ်တန်ကုမ္ပဏီကို ကန်ထရိုက်ပေးကာ ကုန်ကျငွေ ၁၄၃ သိန်းဖြင့် ဆောက်လုပ်စေခဲ့ပြီး ၁၉၃၄ ဇန်နဝါရီ ၂ တွင် ဖွင့်လှစ်စေခဲ့သော်လည်း ၁၉၄၂ ဂျပန်ဝင်လာသော အခါတွင်ကား ဗိုလ်ချုပ်စလင်း၏ အမိန့်ဖြင့် ၁၉၄၂ ဧပြီ ၃၀ ည ၁၁ နာရီနှင့် ၅၉ မိနစ် တိတိတွင် ဖောက်ခွဲချိုးချခဲ့ဖူးပါသည်။ လိုသော် တံတားထိုး၊ မလိုသော် တံတားချိုး။

ကျွန်တော်ကတော့ တံတားတွေကို ချစ်ပါသည်။ ကူးလူးဖို့ ဆက်သွယ်ဖို့ ခင်းကျင်းပေးရတာ မဟုတ်လား။ လူတစ်ဦးနှင့် လူတစ်ယောက်၊ ရပ်တစ်ရွာနှင့် မြို့တစ်မြို့၊ ဘာသာစကား တစ်ခုနှင့် ဘာသာခြားတစ်ခု ဆက်စပ်မိအောင် တံတားတွေကို ထိုးပေးကြရမြဲ။ ကျွန်တော်တို့ကတော့ စာအုပ်စာပေနှင့် စာချစ်သူတွေကြားမှာ ပေါင်းကူးတံတားထိုးပေးဖို့ သီတာကုန်းပြင်ကို ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။ သည်မှာ မထင်မှတ်ပါဘဲနှင့် မြေကမ္ဘာအနှံ့ တံတားအစင်း ၅၀၀ ထိုးမည်ဆိုသော ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီ၏ ကောင်းမှု၊ သီတာကုန်းပြင် တံတားကြီးပေါ်ကို မထင်မှတ်ဘဲ ရောက်သွားခြင်း ဖြစ်ပါသည်။

၁၉-၁-၂၀၁၀ က ဖွင့်လှစ်ခဲ့သည်ဆိုသော ကြိုးတံတားကလေးမှာ ဘာကမ္ပည်းကျောက်စာမှ ထိုးမထား။ မော်ကွန်းလည်း တင်မထား။ သို့သော် ကျွန်တော်ကတော့ ရင်ထဲအသည်းထဲမှာ ကမ္ပည်းထိုး မော်ကွန်းတင်ထားလိုက်ပါ၏။ တံတားတွေ တံတားတွေ။

သုမေဓာရှင်ရသေ့ ဆိုလျှင် ဒီပင်္ကရာဘုရားရှင် လျှောက်လှမ်းသွားဖို့ရာ သူ့ခန္ဓာကိုယ်ကိုပင် တံတားအဖြစ် ခင်းပေးခဲ့ဖူးသည် မဟုတ်ပါလား။

လူအချင်းချင်းတွေ၊ နလုံးသား အချင်းချင်းတွေ၊ ဒေသန္တရ အချင်းချင်းတွေမှာ ထိုးလိုက်ကြပါတော့တဲ့လား။ အို... တံတား။

*7 DAY NEWS JOURNAL*
*Vol.9, No.42*
*January 13, 2011*

## ဘာမှန်းမသိတဲ့ အကြောင်းအရာတွေ

-တစ်-

သည်စာကို ရေးဖြစ်ဖို့အတွက် ကျွန်တော့်အား ပထမဦးဆုံး စေ့ဆော်သူမှာ ကျွန်တော့်မိတ်ဆွေ တက္ကသိုလ် ကျောင်းဆရာ အပေါင်းတစ်ယောက်ပဲ ဖြစ်ပါသည်။ သူက ဒဿနိကဗေဒက။ သူရွေးချယ် သုံးနှုန်းလိုက်သော စကားလုံးက X-Factor တဲ့။ အမည်နာမတပ်ဖို့ ခက်နေသော ရောင်ခြည်ကို X-Ray ဟု ခေါ်လိုက်သလိုမျိုး ဘာမှန်းမသိ ရှင်းပြရခက်လှသည့် အကြောင်းခံတရားများကို သူက X-Factor ဟု ခေါ်ဝေါ်လိုက်ခြင်း ဖြစ်ပါသည်။ လူမျိုးတစ်မျိုး လူ့အဖွဲ့အစည်းတစ်ခု နိမ့်ကျခြင်း တိုးတက်ခြင်းများသည် ထို X-Factor ပေါ်၌ အခြေခံနေကြောင်း သူက ဆိုလိုခြင်းပင် ဖြစ်ပါသည်။ ဤတွင် ကျွန်တော် ဖျတ်ခနဲ သတိရလိုက်မိသည်က စပါတာကပ်ပဲ ဖြစ်ပါသည်။

-နှစ်-

Spartacus.
သည် စပါတာကပ် ဆိုသော အမည်ကို ကျွန်တော်တို့ ရင်းနှီးပါသည်။ အခြေခံပညာ ကျောင်းသုံးစာအုပ်တွေ ထဲမှာပင်လျှင် စပါတာကပ်၏ အမည်နှင့် အကြောင်းက ထင်ရှားစွာ ပါဝင်ပါသည်။ စာရေးဆရာ Howard Fast ကပင်လျှင် Spartacus ဟု ဝတ္ထုရေးခဲ့ဖူးလေရာ ဆရာတင့်တယ်က “ရောမကို အာခံသူ” ဟု ဘာသာပြန်ခဲ့သဖြင့် ကျွန်တော်တို့ ဖတ်ခွင့်ရခဲ့သည် မဟုတ်ပါလား။ ပြီးတော့ စပါတာကပ်က ကမ္ဘာကျော်ရုပ်ရှင်။ ရောမခေတ် သူရဲကောင်း Spartacus။

စပါတာကပ်က ခရစ်တော် မပေါ်မီက ကျွန်သူရဲကောင်း ဖြစ်ပါသည်။ BC 73 ဝန်းကျင်မှာ ရောမအင်ပါယာ၌ ပေါ်ထွန်းခဲ့သူ။ သည်တုန်းက ရောမကျွန်ပိုင်ရှင်တို့သည် မိမိတို့၏ ကျွန်များကို လုပ်ငန်းခွင်ထဲ၌ ဆင်းရဲပင်ပန်းစွာ ခိုင်းစေသည့်အပြင် Gladiator School ခေါ် လူနှင့် လူချင်း သို့မဟုတ် လူနှင့် တိရစ္ဆာန် သတ်ပုတ်ကြရာ နေရာများ၌ သူသေကိုယ်သေ သတ်ပုတ်စေရာ စရိုက်ပျက် အထက်တန်းလွှာတို့က အရသာခံ ကြည့်ရှုကြလေ့ရှိပါသည်။ သံခြေကျင်း အခတ်ခံထားရကာ ကြာပွတ်သံ တစ်ရွှမ်းရွှမ်းအောက်၌ ကျွဲနွားတိရစ္ဆာန်လို အသက်ရှင်ကြရသော ကျွန်လူထုကို ဦးဆောင်၍ တော်လှန်သူက စပါတာကပ်။

ဒါရိုက်တာ Stanley Kubrick ရိုက်ကူးပြီး မင်းသားကြီး Kirk Douglas ပါဝင်ခဲ့သည့် Spartacus ရုပ်ရှင်ကားထဲ၌ ကျွန်ပိုင်ရှင်များက အာဏာပိုင်များနှင့် ပေါင်းကာ အာခံသူခေါင်းဆောင် စပါတာကပ် ဘယ်သူလဲဆိုသည်ကို လာရောက်စုံစမ်းသည့် ဇာတ်ဝင်ခန်းလေးကို ကျွန်တော် အမှတ်ရနေပါသည်။ စပါတာကပ် ဘယ်သူလဲဟု မေးလိုက်သောအခါ ကျွန်တွေ တစ်ယောက်ပြီး တစ်ယောက် ထလာပြီး ဟိုလူကလည်း "I am Spartacus" သည်လူကလည်း "I am Spartacus"

နှင့် ကျွန်အားလုံးက "ငါ စပါတာကပ်ပဲ" ဟု ဖြစ်သွားကြပုံ မြင်ကွင်းကို အမှတ်ရနေမိခြင်း ဖြစ်ပါသည်။ မီးပွင့်တော့မတတ် မျက်လုံးတွေနဲ့၊ ခက်ထန်သော မျက်လုံးကြီးတွေနဲ့၊ ကြွက်သား အပြိုင်းပြိုင်း ကိုယ်လုံးကိုယ်ဖန်တွေနဲ့ ကျွန်ပိုင်ရှင်တွေကို ပြန်ကြည့်နေသော ကျွန်တိုင်း ကျွန်တိုင်း၏ အသွေးအသားထဲမှာ ဘာမှန်းမသိသည့် အရင်းခံ အကြောင်းတရားတွေက လှည့်ပတ် စီးဆင်းနေခဲ့ပုံ ရပါသည်။ ဘယ်သူကမှ လှုံ့ဆော်ထားတာ မဟုတ်။ ဘယ်သူကမှ စည်းရုံးသိမ်းသွင်းထားတာ မဟုတ်။ ဘယ်သူကမှ လက်တို့ထားတာ မဟုတ်။ ကိုယ့်အတွက် ပေးဆပ်သူ၊ အဓမ္မနှင့် ရင်ဆိုင်သူ စပါတာကပ်ကို နားလည်ကာ အကုန်လုံး သူ့အလိုအလျောက် "I am Spartacus" ဖြစ်သွားကြခြင်း ဖြစ်ပါသည်။

ရှင်းပြရန်ခက်သည့် အရင်းခံ အကြောင်းတရား။ X-Factor။

-သုံး-

နောက်တစ်ယောက် ကျွန်တော် သတိရမိတာက ဦးနာအောက် ဖြစ်ပါသည်။

မွန်အမျိုးသား၊ ကတိုးကော့နပ် သူဌေး။ ကျွဲကျောင်းသားဘဝမှ စကာ သစ်ကုန်သည်ကြီး ဖြစ်သွားရာမှ နောက်ပိုင်းတွင် သူဌေးကြီး ဖြစ်သွားခဲ့သူ။ ဘားအံမြို့နယ် ကော့ဂွန်းအုပ်စု ခရဲရွာသား ဖြစ်သော်လည်း ကတိုးကော့နပ်ရွာတွင် အခြေချသူ။ ထို့ကြောင့် ကတိုးကော့နပ် သူဌေး။ မွေးနှစ် ၁၈၃၂ ဖြစ်ပြီး ကွယ်လွန်နှစ်က ၁၉၁၃ ဖြစ်ရာ ကိုလိုနီခေတ် သူဌေးဟုပဲ ဆိုကြပါစို့။ ထို ဦးနာအောက် အကြောင်းကလည်း ကျောင်းသုံး စာအုပ်တွေထဲမှာလည်းပါ၊ ပြင်ပ စာအုပ်တွေထဲမှာလည်းပါမို့ လူသိများပြီး ဖြစ်ပါသည်။

အရင်က ဦးနာအောက်အကြောင်း ဖတ်ခဲ့ပြီး ဖြစ်သော်လည်း အခုမှ ကျွန်တော့်စိတ်ထဲ ခိုးလိုးခုလု ပြန်ဖြစ်လာရသည်က မီးသင်္ဘောကိစ္စ ဖြစ်ပါသည်။ ဦးနာအောက်က မုတ္တမသင်္ဘောကျင်းကို တည်ထောင်ကာ နှစ်ထပ်သင်္ဘော (၇)စင်း၊ တစ်ထပ်သင်္ဘော (၂)စင်း ဝယ်ယူပြီးနောက် ဗြိတိသျှပိုင် ဧရာဝတီ ကုမ္ပဏီနှင့် အပြိုင်ပြေးဆွဲခဲ့သည်။ ဤတွင် ခရီးသည် ရရှိနိုင်ရန်အတွက် ဦးနာအောက်နှင့် ဧရာဝတီ ကုမ္ပဏီတို့ အပြိုင်စျေးလျှော့ကြသည်။ ၁ ကျပ်မှ ၈ ပဲ၊ ၄ ပဲ၊ ၂ ပဲ၊ ၁ ပဲ စသည် စသည်။ ထို့နောက် အခမဲ့။ ထို့နောက် မျက်နှာသုတ်ပုဝါ တစ်ထည်စီ အလကားထပ်ပေး။ သို့ဖြင့် အပြိုင်အဆိုင် လျှော့ကြရင်း နောက်ဆုံး ဦးနာအောက် ရပ်တည်၍မရ ဖြစ်သွားကာ မိမိ သင်္ဘောများကိုပင် ဧရာဝတီ ကုမ္ပဏီသို့ ထိုးရောင်းလိုက်ရပါတော့သည်။ ဒါကို ကျွန်တော်တို့အားလုံး သိပြီး ဖြစ်ပါသည်။ အင်အားကြီးသူက ငယ်သူကို အနိုင်ကျင့်သော နယ်ချဲ့အရင်းရှင် ဘာညာနှင့်လည်း ကျွန်တော်တို့ ဒေါသထွက်ခဲ့ကြပြီး ဖြစ်ပါသည်။

အခု ကျွန်တော့်စိတ်ထဲ ခိုးလိုးခုလု ဖြစ်မိသည်က သည်တုန်းက ခရီးသည်များကိုပဲ ဖြစ်ပါသည်။ ဘာဖြစ်လို့ ဦးနာအောက်မှ ဦးနာအောက် မလုပ်ခဲ့ကြတာပါလဲ။ ရွှေထမင်းကို ခွံ့ကျွေးစေဦးတော့။ ဗြိတိသျှပိုင် သင်္ဘောကို ငါတို့ ဘယ်တော့မှ မစီးဘူးလို့ ဘာကြောင့် မတင်းခဲ့ကြတာလဲ။ ငွေကလေး တစ်ပဲ ရှစ်ပြား၊ ပဝါတစ်စ၊ မျက်နှာသုတ်ပဝါ တစ်ထည်ကလေးမျှနဲ့ ကျွန်တော်တို့စိတ်တွေ အရည်ပျော်သွားကြစတမ်းလား။ ဘယ်သူကမှ သွေးမထိုးထားပါပဲနှင့် သူ့အလိုလို "I am

Spartacus" ဖြစ်သလို၊ ရောဝတီ သဘောကို သူလည်း ဟင့်အင်း၊ ငါလည်း ဟင့်အင်း၊ မင်းလည်း ဟင့်အင်း၊ ညည်းလည်း ဟင့်အင်း၊ ခင်ဗျားလည်း ဟင့်အင်း၊ ကျွန်ုပ်လည်း ဟင့်အင်း ဘာကြောင့် မလုပ်ခဲ့ကြတာပါလိမ့်။ ကျွန်ုပ်တို့ အသွေးအသားထဲမှာ အမှားအမှန် ဝေဖန်ပိုင်းခြား၊ သင့်မသင့်ကို အမြော်အမြင်နဲ့ တွက်ဆ၊ အင်း၊ ဟင့်အင်းကို ခိုင်ခိုင်မာမာ ဆုံးဖြတ်တတ်တဲ့ လိပ်ပြာတွေ သူ့အလိုလို X-Factor အရ အလိုလို နိုးထနေခဲ့ရင် ဦးနာအောက်ရဲ့ သဘောတွေ ပြိုတိသျှကုမ္ပဏီကို ဘယ်ထိုးရောင်းရပါလိမ့်မလဲ။

-လေး-

ဘာမှန်းမသိသော အရင်းခံ အကြောင်းတရားများအရ ရောမကျွန်တိုင်းက "I am Spartacus" လုပ်သလို လူတိုင်းလူတိုင်းက သူ့အလိုလို ဓမ္မနှင့် အဓမ္မကို မှားမှန်ခွဲခြား လက်ခံကျင့်သုံးလျှင် ထိုလူ့အဖွဲ့အစည်း ရှေ့သို့ ရောက်စမြဲပင် ဖြစ်ပါသည်။

*မြန်မာသမာဓိ ဂျာနယ်*
*အတွဲ ၁၊ အမှတ် ၅*

## လူအဆက်ဆက် သမိုင်းအဆက်ဆက် တည်ဆောက်ရတဲ့ ပုံရိပ်

-တစ်-

ဆရာမြသန်းတင့် ဘာသာပြန်ဆိုခဲ့သည့် ကမ္ဘာကျော် ဝတ္ထုရှည်ကြီးတွေထဲမှာ "ရွှေပြည်တော် မျှော်တိုင်းဝေး" သည်လည်း တစ်အုပ် အပါအဝင် ဖြစ်ပါသည်။ သွေးက အင်္ဂလိပ်သွေး၊ မွေးတော့ အိန္ဒိယမှာ မွေးသည့် စာရေးဆရာမ အမ်အမ်ကေး M.M.Kaye ၏ လက်ရာမွန် 'The Far Pavilions' ကို ဘာသာပြန်ဆိုထားသည့် ဝတ္ထုပဲ ဖြစ်ပါသည်။ ကိုလိုနီခေတ် ဗြိတိသျှ အုပ်စိုးမှုအောက်က မဖွံ့မဖြိုးသေးသော အိန္ဒိယကို နောက်ခံထားကာ လွမ်းမောစရာ ခြယ်မှုန်းထားသည့် ဝတ္ထုရှည်ကြီး တစ်ပုဒ်ပဲ ဖြစ်ပါသည်။ မိခင်ရော ဖခင်ပါ ကွယ်လွန်သွားပြီးနောက် အင်္ဂလိပ် စစ်ဗိုလ်လေးအဖြစ် တာဝန်ထမ်းဆောင်သော အက်ရှ်နှင့် အိန္ဒိယ မဟာရာဇာ တစ်ဦး၏သမီး၊ နောင် စော်ဘွား၏ဇနီး အထွေထွေများထဲမှ တစ်ယောက်ဖြစ်လာမည့်သူ ဂျူလီတို့၏ မေတ္တာဇာတ်လမ်းကို ပင်မကျောရိုးတည်ကာ ဖွဲ့ထားသည့် ဝတ္ထုပဲ ဖြစ်ပါသည်။

ကျွန်တော် သည်ဝတ္ထုကြီးကို ဖတ်ခဲ့ဖူးသည်မှာ ကြာပါပြီ။ ဟိုလွန်ခဲ့သည့် အနှစ် ၂၀ ကျော် အတွဲ ၈ တွဲ ခွဲကာ ထုတ်ဝေခဲ့စဉ်ကတည်းက ဖတ်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ နောက် နှစ်တွဲခွဲကာ ပြန်ထုတ်တော့ မိသားစု စာအုပ်စင်အတွက် ဝယ်ထည့်ထားခဲ့သော်လည်း ပြန်မဖတ်ဖြစ်။ ထို့ကြောင့် အသေးစိတ်တွေကိုလည်း ကျွန်တော် မမှတ်မိနိုင်တော့။ သို့သော် ဘာမှ အရေးမကြီးလှသည့် ဇာတ်ကွက်ကလေး တစ်ခုက ကျွန်တော့်စိတ်ထဲ လာငြိနေခဲ့ကာ အခုထိ မေ့ပျောက်ခြင်းငှာ မစွမ်းသာခဲ့ကြောင်းကိုကား ဝန်ခံလိုပါသည်။

တစ်နေ့ ဗြိတိသျှ အုပ်ချုပ်ရေးနှင့် အလှမ်းဝေးရာ အိန္ဒိယ အဖျားအနား ဒေသများသို့ တာဝန်အရ ခရီးသွားကြစဉ် ဝန်တင်စခန်းတစ်ခုမှာ စခန်းချထားခိုက် အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ်နှင့် ဘီဂျူရန်းတို့ အချင်းများသည်။ ဘီဂျူရန်းက အင်္ဂလိပ်စစ်ဗိုလ် အက်ရှ်ကို ရှင်းပစ်ဖို့ ကြိုးပမ်းခဲ့ဖူးသူဖြစ်ရာ တစ်ယောက်ခြေလှမ်းကို တစ်ယောက် စောင့်ကြည့်နေခဲ့ကြရာက ဝန်တင်စခန်း အပြင်ဘက် လရောင်အောက်မှာ နှစ်ယောက်တည်း ရင်ဆိုင်မိကြပြီး တိုက်ခိုက်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

မြေခွေးဆန်လှသော ဘီဂျူရန်းက စကားပြောနေစဉ်မှာပင် အဆိပ်လူးဓားမြှောင်ဖြင့် အက်ရှ်ကို အလစ်အငိုက် ဝင်ထိုးသည်။ အက်ရှ်က ရှောင်ပြီး ခြေထိုးပေးလိုက်ရာ ဝမ်းလျားထိုး လဲကျသွားသည်။ အက်ရှ် ဓားမြှောင်ကိုကောက်ကာ ထိုးမလိုလုပ်ပြီးမှ တုံ့ခနဲ ဖြစ်သွားသည်ဟု ဆိုပါသည်။ ဤနေရာ၌ အင်္ဂလိပ်စစ်ဗိုလ် အက်ရှ်အား တုံ့ခနဲ ဖြစ်သွားစေရသည့် အချက်ကို စာရေးဆရာက မှတ်ချက်ပေးသည်။ အက်ရှ်၏ မျိုးရိုးဗီဇနှင့် အင်္ဂလိပ်ပညာရေးက ဇာတိပြပြီး လူတစ်ယောက်ကို နောက်ကျောမှ ဓားဖြင့်ထိုးခြင်း၊ လက်နက်မဲ့ လူတစ်ယောက်ကို လက်နက်ဖြင့်

တိုက်ခိုက်ခြင်း၊ လဲကျနေသည့် လူတစ်ယောက်ကို သတ်ပုတ်ခြင်းသည် ယောက်ျား မပီသရာ ရောက်သည်ဟု… …။

အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ် တုံ့ခနဲ ဖြစ်သွားခဲ့သလို စာဖတ်သူ ကျွန်တော်လည်း တုံ့ခနဲ ဖြစ်သွားခဲ့ရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ မျိုးရိုးဗီဇနှင့် ပညာရေးက လူတစ်ယောက်ချင်းကိုသာမက လူမျိုး၏ စရိုက်လက္ခဏာ၊ ပုံရိပ်၊ အမှတ်အသားကို ပြဋ္ဌာန်းသတဲ့။ ကျွန်တော်တို့၏ character၊ ကျွန်တော်တို့၏ image၊ ကျွန်တော်တို့၏ identity။

တရားသဖြင့်သာ အနိုင်ယူလိုသော အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ်ကို စာရေးဆရာမ အမ်အမ်ကေး M.M.Kaye က မျိုးရိုးဗီဇနှင့် ပညာရေး၏ အရိပ်ဖြင့် ဖော်ပြခဲ့ပါသည်။

-နှစ်-

ကျွန်တော်တို့နှင့် တော်တော် ရင်းနှီးသည့် မွန်-မြန်မာရေးရာ အရေးတော်ပုံ စာအုပ်တစ်အုပ် ရှိပါသည်။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ မွန်ဝန်ကြီး ဗညားဒလ၏ ဘာသာပြန်လက်ရာ၊ အင်းဝအခြေစိုက် မြန်မာဘုရင် မင်းခေါင်နှင့် ဟံသာဝတီ အခြေစိုက် မွန်ဘုရင် ရာဇာဓိရာဇ်တို့၏ စစ်ပွဲများအကြောင်း မှတ်တမ်းစာအုပ်။ သည်စာအုပ်ပါ မွန်သူရဲကောင်း လဂွန်းအိမ်အကြောင်း တစ်ချက်က အတုယူလောက်ပါသည်။

စစ်ပွဲကာလများအတွင်း မကြာခဏ သစ္စာဆိုကြရာ တစ်ကြိမ်၌ ပြည်မြို့ မြသီတင်းဘုရား၌ ငြိမ်းချမ်းရေး သစ္စာပြုကြသည်။ သို့သော် မကြာမီမှာပင် မြန်မာတို့က မွန်မြို့ရွာများကို ထိပါးပြီး သစ္စာဖျက်ရာ မွန်ဘုရင် ရာဇာဓိရာဇ်က မှတ်ထားသည်။ သို့ဖြင့် မြန်မာတို့ အရေးနိမ့်စဉ် တစ်နေ့၌ သစ္စာပြုရန် ကမ်းလှမ်းလာပြန်ပါသည်။ ပန်းကျော်ချောင်းအနီး သဲသောင်ပြင်၌ သစ္စာပြုကြရန် ဖြစ်ပြီး လူ ၃၀ စီ တွေ့ကြရန် သဘောတူပါသည်။

ဤတွင် ရာဇာဓိရာဇ်က သမိန်ပြတ်ဇ၊ အမတ်တိန်၊ သမိန်အဝန့်နိုင်၊ သမိန်အဲပြဲ စသည့် အမတ် သေနာပတိများနှင့် တွေ့ဆုံတိုင်ပင်ကြရာ သစ္စာမစောင့်သော မြန်မာတို့ကို မိမိတို့ကလည်း သစ္စာမစောင့်ရန် သဘောတူသည်။ သစ္စာပြုကြမည့် ပန်းကျော်ချောင်း သဲသောင်ပြင်တွင် ဓားလှံတို့ကို ကြိုတင်မြှုပ်ထားကာ မြန်မာတို့ကို လုပ်ကြံရန် ဆုံးဖြတ်သည်။

သစ္စာပြုမည့်နေ့၌ မွန် ၃၀၊ မြန်မာ ၃၀ တို့ နှစ်ယောက်တစ်တွဲ တွဲကာ အတွဲသုံးဆယ်တို့ ပန်းကျော်ချောင်း သဲသောင်ပြင်ကို ဖြတ်သည်။ နောက်ဆုံးအတွဲမှာ မွန်သူရဲကောင်း လဂွန်းအိမ်နှင့် မြန်မာအမတ် သတိုးတို့အတွဲ ဖြစ်ပါသည်။ လက်နက်မပါဘဲ သစ္စာပြုပြီးသည်နှင့် မြန်မာမှူးမတ်တို့က မွန်ဘုရင် ရာဇာဓိရာဇ်နှင့် တွေ့၊ မွန်မှူးမတ်တို့က မြန်မာဘုရင် မင်းခေါင်နှင့် တွေ့မည့် အစီအစဉ်ဖြစ်ရာ မွန်တို့က သဲသောင်တွင် မြှုပ်ထားသည့် လက်နက်များကို ဖော်ကာ မြန်မာတို့ကို တိုက်ခိုက်ဖမ်းဆီးရန် အစီအစဉ်ပင် ဖြစ်သည်။

သို့သော် ထိုအစီအစဉ် ပျက်ပါသည်။ မွန်သူရဲကောင်း လဂွန်းအိမ်ကြောင့်ပဲ ဖြစ်ပါသည်။ မြန်မာအမတ် သတိုးက သစ္စာပြုပွဲ မှန်မမှန်မေးရာ လဂွန်းအိမ်က မမှန်ကြောင်း ပြောလိုက်သဖြင့် သစ္စာပြုပွဲပျက်ကာ ရှောင်သာတိမ်းသာ ဖြစ်သွားကြခြင်းပင်။ သည့်အတွက် ရာဇာဓိရာဇ်၏ အမိန့်က လဂွန်းအိမ်ကို ခြေလက်ဖြတ်၍ သတ်စေ။ ဤတွင် ပါးကွက်အာဏာသားတို့က ချက်ချင်း မကွပ်မျက်ဘဲ အချိန်ဆိုင်းထားခဲ့ရာ မှူးမတ်တို့၏ အကြံပြုချက်ဖြင့် လဂွန်းအိမ်ကို ခေါ်စစ်သည်။ လဂွန်းအိမ်ကလည်း မိမိကြောင့် သစ္စာပြုပွဲပျက်သည်ကို ဝန်ခံပါသည်။ ဤမျှမက မွန်လူမျိုးတို့၏ ပုံရိပ်အတွက် သမိုင်း ရာဇဝင်အဆက်ဆက် အရေးကြီးသော စကားတစ်ခွန်းကို တင်လျှောက်ခဲ့ရာ ဟံသာဝတီ နန်းတော်တစ်ခုလုံး တုန်လှုပ်သွားခဲ့ရသည်။

"တရားနည်းလမ်း မကျသည့် အောင်မြင်မှုကို ကျွန်ုပ်မနှစ်သက်" ဟူသော စကားပဲ ဖြစ်ပါသည်။

ကတိသစ္စာ မတည်သော၊ အကောက်ကြံသော ပုံရိပ် လူမျိုးအပေါ်၌ စွန်းထင်းမသွားရန် လဂွန်းအိမ်၏ အမြော်အမြင်ကြီးမှုပင် ဖြစ်ပါသည်။ လဂွန်းအိမ်က လူမျိုး၏ပုံရိပ်ကို ထိုသို့ မြှင့်တင်ပြီးနောက်တွင်မှ တိုက်ပွဲကို နိုင်အောင်တိုက်ပြကာ အမှုတော်ထမ်းခဲ့သူလည်း ဖြစ်ပါသည်။ သည်တစ်ပွဲတွင် အကောက်ကြံကာ နိုင်လိုက်ခြင်းဖြင့် သမိုင်းအဆက်ဆက် ရှုံးပြီးရင်း ရှုံးကာ လူမျိုးနာမည် အဖတ်ဆည်မရ ဖြစ်မသွားအောင် ရပ်တည်ခဲ့ပုံကို ကျွန်တော် စွဲနေမိသည်။

-သုံး-

ခန၊ မြန်မာ့ခန စသည့် စီးပွားရေး မဂ္ဂဇင်းတို့ အရှိန်အဟုန် ကောင်းခဲ့စဉ် ကာလတုန်းက အင်တာဗျူးတစ်ခုကို ကျွန်တော် အမှတ်ရမိသည်။ ဝမ်းတွင်းတို့၊ မုံရွာတို့၊ အမရပူရတို့လို အထည်အလိပ်လုပ်ငန်း တွင်ကျယ်ရာ မြို့တစ်မြို့ဟု ဆိုကြပါစို့။

အင်တာဗျူးလုပ်သူက မြို့ခံ လုပ်ငန်းရှင်များအား မေးသည့် မေးခွန်းတွေထဲတွင် အရည်အသွေး မပြည့်မီသည့် ရက်ကန်းလုပ်ငန်းရှင်များ ရှိခဲ့သော် မည်သို့ဆောင်ရွက်သနည်း ဆိုသည့် မေးခွန်းပါဝင်ရာ ကျွန်တော် စိတ်ဝင်စားသွားမိသည်။ ဘာဆိုင်လို့လဲပေါ့။ ကိုယ့်ပစ္စည်း ကိုယ်ကောင်းအောင်လုပ်ပေါ့။ သူများထုတ်ကုန်ညံ့တာ ကိုယ့်ကိစ္စမှ မဟုတ်တာပေါ့။ သို့သော် ဖြေဆိုသူ၏ အမြော်အမြင်ကြီးသော စိတ်အဆင့်အတန်းက သူ့အဖြေမှာ ထင်းခနဲ ပေါ်လွင်နေပါသည်။ သူတို့က ထိုညံ့ဖျင်းသော လုပ်ငန်းရှင်ကို ခေါ်ယူ ဆွေးနွေးအကြံပေးသတဲ့။ စိတ်ဓာတ်ညံ့သော် စိတ်ဓာတ်၊ နည်းပညာညံ့သော် နည်းပညာ၊ စက်ယန္တရားညံ့သော် စက်ယန္တရား ဘယ်လိုပြုပြင်ပါဆိုတာ အကြံပေးလေသတဲ့။ သူတို့က သူတို့ မြို့ နာမည်ပျက်သွားမှာ စိုးရိမ်တာဟု ဆိုပါသည်။ အထည်ပေါ်က တံဆိပ်တွင် မုံရွာမြို့၊ ဝမ်းတွင်းမြို့၊ အမရပူရမြို့ စသည်ဖြင့် ရိုက်နှိပ်ထားတတ်ရာ ညံ့ဖျင်းမှုကို မြို့နှင့်တွဲကာ မုံရွာထည်တွေ၊ ဝမ်းတွင်းထည်တွေ၊ အမရပူရထည်တွေ စသည် စသည်ဖြင့် ပုံရိပ်ညံ့မသွားအောင် ဝိုင်းဝန်း ထိန်းကွပ်ကြတာဟု ဆိုပါသည်။

အမြော်အမြင် ကြီးလိုက်တာ။

-လေး-

မြန်မာတွေက ဖော်ရွေတယ်၊ အစ္စရေးတွေက ညီညွတ်တယ်၊ အညာသားတွေက ရိုးတယ်၊ ဆွစ်ဘာဇာတွေက စိတ်ချရတယ်၊ ပြင်သစ်တွေက လွတ်လပ်တယ်၊ မန္တလေးသူတွေက ယဉ်ကျေးတယ် စသည် စသည်ဖြင့် ပုံရိပ်တွေ အများကြီးရှိပါသည်။ ပဲခူးငါးချဉ်၊ တိုက်ကြီး တံမြက်စည်း၊ တွံတေးမာလကာ၊ ကလောပိုင်၊ မန္တလေးထိုးမုန့်၊ ပုသိမ်ဟာလဝါ၊ ပခုက္ကူထည် စသည် စသည်။

သည်ပုံရိပ်တွေ ရလာအောင် တစ်ဦးစီ တစ်ယောက်စီက ပါဝင် ထည့်သွင်းလာခဲ့ကြရခြင်း ဖြစ်ပါသည်။ တစ်ယောက်ကစ တစ်ရာ မကောင်းရာက ပုံရိပ်ပျက်သွားသည့် လူမျိုးတွေ၊ ဒေသတွေ၊ ပစ္စည်းတွေ ကျွန်တော်တို့ရှေ့မှာ အများအပြား ဖြစ်ပါသည်။ ခေတ်ကြီးက သူတို့ကို မသုံးတော့၊ အသံကြားရုံနှင့် နှာခေါင်းရှုံ့နေပြီ။

အင်္ဂလိပ်တွေဟာ ဘယ်တော့မှ နောက်ကျောကနေ ဓားနဲ့မထိုးဘူးဆိုသော ပုံရိပ်အတွက် ရွှေပြည်တော် မျှော်တိုင်းဝေးထဲက အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ်မှာ တာဝန်ရှိသလို၊ မွန်တွေဟာ ဘယ်တော့မှ အကောက်မကြံဘူးဆိုသော ပုံရိပ်အတွက် လဂွန်းအိမ်မှာ တာဝန်ရှိသလို၊ မုံရွာထည်တွေ၊ ဝမ်းတွင်းထည်တွေ၊ အမရပူရထည်တွေ မည့်ဘူးဆိုသော ပုံရိပ်အတွက် ရက်ကန်းတစ်စင်ချင်းစီမှာ တာဝန်ရှိသလို မြန်မာတွေဟာ ဘာဆိုတာ ပုံရိပ်အတွက် ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါသည်။

တစ်ယောက်ချင်း၏ လုပ်ရပ်။
တစ်ယောက်ချင်း၏ စိတ်ဓာတ်။
တစ်ယောက်ချင်း၏ ကိုယ်ကျင့်တရား။
တစ်ယောက်ချင်း၏ ဉာဏ်ပညာ။

သမိုင်းအဆက်ဆက် ဆက်လက်ဆင့်ကမ်းရမည့် နာမည် အဆိုး အကောင်းများ။

*(ပြည်သူ့ခေတ်ဂျာနယ်)*

## သူ့ကိစ္စ ကိုယ့်ကိစ္စ ခင်ဗျားကိစ္စ ကျွန်တော့်ကိစ္စ

-တစ်-

အခုနောက်ပိုင်း စာမျက်နှာများပေါ်၌ အတွေ့ရ အမြင်ရများလာသော စကားလုံးတစ်လုံးမှာ Responsibility ဆိုသော စကားလုံးကလေးပဲ ဖြစ်ပါသည်။ မြန်မာအသံထွက်ကို အနီးစပ်ဆုံး ဖော်ပြရသော် "ရက်စပွန်ဇဘလယ်တီ" ဟု ဖော်ပြရမည် ထင်ပါသည်။ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည်ဖြင့် အနက်ထွက်သည့် စကားလုံးကလေး။ သည် Responsibility အကြောင်းကို စာရေးဆရာ တော်တော်များများ ရေးသားလာကြရာ ဆရာ ဒေါက်တာအောင်ထွန်းသက် ကတော့ အရေးဆုံးဟု ကျွန်တော် ထင်ပါသည်။ လူ့အဖွဲ့အစည်းဘက်က တစ်နည်းအားဖြင့် စားသုံးသူဘက်က ရပ်ပြီး ရေးသော စာများအဖြစ် ကျွန်တော် သဘောကျမိပါသည်။ Responsibility ရှိမှုသည် စိတ်ချလုံခြုံမှုရှိခြင်းပဲ မဟုတ်ပါလား။

-နှစ်-

တစ်ခါက ရန်ကုန်ရောက် မိတ်ဆွေစာရေးဆရာ တစ်ယောက်နှင့် မြို့လယ်တစ်နေရာမှာ ဆုံပါသည်။ သူက အလယ်အလတ် အဆင့်အတန်းရှိသော တည်းခိုခန်းတစ်ခုကနေ လမ်းပေါ်သို့ ဆင်းလာခြင်း ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်သောအခါ သူ့တည်းခိုခန်း၏ အဆင်မပြေပုံ တစ်ချက်ကို ညည်းပါသည်။ သူ့ခုတင်အပေါ်ဘက် မျက်နှာကျက်ဆီ၌ ရေပိုက်တစ်ခု သွယ်တန်းထားပါသည်။ ခုတင်ပေါ်၌ လှဲအိပ်နေစဉ် ရေပိုက်တစ်နေရာမှ နေ၍ ရေက တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျနေခဲ့ပါသည်။ သို့ဖြင့် သူက တည်းခိုခန်း ကောင်တာရှိရာသို့ ထွက်သွားပြီး တာဝန်ရှိပုံရသော လူကို ထိုရေပိုက်၏ အနေအထား ခေါ်ပြပါသည်။ တာဝန်ရှိပုံရသူက ရေတစ်ပေါက်ချင်း ကျနေသည့် ရေပိုက်ကို မော့ကြည့်ပြီး ပြန်လည်ဖြေရှင်းပုံက ရေက အသန့်ဖြစ်ကြောင်း၊ သောက်မည်ဆိုက သောက်၍ပင်ရကြောင်း စသည် စသည် စသည်။

ကျွန်တော့်မိတ်ဆွေက ဒေါသနည်းပြီး စိတ်အေးသူဖြစ်ရာ ကျွန်တော့်ကို အပြုံးဖြင့် ပြောနေခဲ့ခြင်း ဖြစ်ပြီး "အဖြစ်က တစ်ပေါက်ပေါက် ကျနေတဲ့ရေကိုတောင် ကိုယ်က ခံပြီး သောက်ရမလို ဖြစ်နေတာဗျ" ဟု သောလိုက်ပါသေးသည်။ ကျွန်တော်လည်း သူနှင့်အတူ ရောယောင် ပြုံးနေလိုက်မိပါသည်။ စိတ်ထဲမှာတော့ သိပ်ပြီး ဘဝင်မကျလှ။ ဘာကြောင့် သူတို့ တည်းခိုခန်းကိစ္စကို သူတို့ တာဝန်မယူနိုင်ရတာပါလိမ့်။ ဒါဟာ စားသုံးသူတစ်ယောက်ကို သူတို့ ဖြေရှင်းပေးပုံတဲ့လား။ ကျွန်တော့်မိတ်ဆွေမှ မဟုတ်ပါ။ ကျွန်တော်တို့အားလုံးသည် တစ်နည်းနည်းဖြင့် သည်အတိုင်း အဆက်ဆံခံကြရပြီးသူများပဲ ဖြစ်ပါလိမ့်မည်။

MMCYBERMEDIA
COMMUNITY FOR ALL

-သုံး-

ကျွန်တော့် ကိုယ်တွေ့တစ်ခုက စာအုပ်ဆိုင်ကြီး တစ်ဆိုင်ထဲမှာ ဖြစ်ပါသည်။ ကျွန်တော်က နာမည်ကျော် အဘိဓာန် စာအုပ်ကြီးတစ်အုပ်ကို ထိုဆိုင်မှ ဝယ်ယူသွားခဲ့ရာ အိမ်ပြန်ရောက်တော့မှ စာမျက်နှာ လေးငါးမျက်နှာ လွတ်နေတာ တွေ့ရပါသည်။ သို့ဖြင့် ကျွန်တော်လည်း စာအုပ်ဆိုင်သို့ ပြန်ရောက်သွားပါသည်။ သူတို့ ဖြေရှင်းပုံက ကျွန်တော် မျှော်လင့်ထားသည့် အတိုင်းပဲ ဖြစ်ပါသည်။ စာမျက်နှာစုံသည့် စာအုပ်တစ်အုပ်ထဲကနေ လွတ်နေသည့် စာမျက်နှာများကို မိတ္တူကူးပြီး ပြန်ကပ်ထားလိုက်ပါလားတဲ့။

နောက်ထပ် ကျွန်တော့်ကို မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်စေသည်က မိတ္တူကူးဆိုင်များ။ ကျွန်တော့် မူရင်းစာရွက်တွေက တော်တော့်ကို ဖြူဖွေးပါသည်။ ပြီးတော့ ကျွန်တော့်လက်ရေးက ရှင်းလင်း ပြတ်သားလှသည့်အပြင် မင်အနက်နှင့် ကျကျနန ရေးထားသော အနေအထား ဖြစ်ပါသည်။ သို့သော် ဖြစ်ကတတ်ဆန်း ဆိုင်ကလေးတွေက ကျွန်တော့်ကို ဒုက္ခပေးပါသည်။ ပြတ်ပြတ်သားသား ကူးမပေးနိုင်ကြ။ တချို့ ဘေးသားတွေ မထင်။ တချို့ ဟိုနားတစ်ကွက်၊ ဒီနားတစ်ကွက်။ ကျွန်တော်က ဒါကို စောဒကတက်ပါသည်။ သူတို့ကလည်း သူတို့ မိတ္တူစက် ချို့ယွင်းပုံကို သိထားပြီးသား ဖြစ်ပါသည်။ သို့သော် ဖြေရှင်းပုံက မထင်သော နေရာတွေကို လက်ရေးဖြင့် ပြန်ရေးပါလားတဲ့။ တစ်ယောက်ကများဆိုလျှင် ကျွန်တော့်အိတ်ထဲက ဘောလ်ပင်ကိုပင် ဆတ်ခနဲ လှမ်းဆွဲကာ လွယ်ပါတယ်ဗျာ ဆိုသော အချိုးမျိုးနှင့် မထင်သော နေရာတွေကို သူ့လက်ရေးနှင့် လိုက်ရေးမလို လုပ်နေသဖြင့် ကျွန်တော်က အချိန်မီ တားဆီးလိုက်ရပါသည်။

အော်... သူတို့မှာ ဘာတာဝန်မှ မရှိပုံပါပဲလား။

-လေး-

ကျွန်တော်က ဒီလိုမျိုးတွေလျှောက်ရေးပြနေလေသောအခါ သည်လူက မကောင်းမြင်သမားလားဟု ထင်မြင်စရာ ရှိပါသည်။ မဟုတ်ပါ။ ကျွန်တော်တို့၏ Responsibility အားနည်းပုံကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

သည်လို အနေအထားတွေ ကြားကနေ Responsibility ကောင်းတာကလေးများကို တခါတရံ တွေ့ရကြုံရသော အခါတွင်ကား မျက်ရည်လည်မဆုံး ကြည်နူးရပါသည်။

တစ်ခါက မန္တလေးမှ ပြန်လာစဉ် ကားက လမ်းမှာ သုံးခါလောက် ပျက်ပါသည်။ ရန်ကုန်သို့ ၈ နာရီဝန်းကျင်လောက် ဝင်ရမည့်ကားက မွန်းလွဲ ၁ နာရီလောက်မှ ဝင်မည့် အနေအထား။ ခရီးသည်တွေအားလုံး စိတ်ပျက်လက်ပျက်ဖြင့် ပင်ပန်းနွမ်းနယ်နေစဉ် ကားက တစ်ခု စီစဉ်ပေးပါသည်။ ထမင်းဆိုင်ကြီး တစ်ဆိုင်အတွင်းသို့ ကားကို မောင်းဝင်သွားပြီးနောက် ခရီးသည်များကို နံနက်စာထမင်းဖြင့် ဧည့်ခံခြင်းပင် ဖြစ်ပါသည်။

ခရီးသည်တွေက ငွေပေးစရာ မလို။ သူတို့၏ ချို့ယွင်းမှုကြောင့် ခရီးလမ်း နှောင့်နှေးသွားရသည်ကို ခွင့်လွှတ်ပေးပါရန်ပင် တောင်းပန်နေလိုက်ပါသေးသည်။ ဆာဆာလောင်လောင်နှင့် ထမင်းစားကြရင်း ကားသမား သုံးလေးယောက်ကို လှမ်းကြည့်နေကြသည့် ခရီးသည်တို့၏ မျက်လုံးတွေထဲမှာ ခွင့်လွှတ်နားလည်ကာ လေးစားသည့် အနက်အဓိပ္ပာယ်များကို ကျွန်တော် ကောက်ယူနိုင်ခဲ့ပါသည်။ ဒါ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်က ကားသမားတစ်စု၏ တာဝန်သိမှု၊ တာဝန်ခံမှု Responsibility ပင် ဖြစ်ပါသည်။

*7 DAY NEWS JOURNAL*
*Vol.9, No.24*
*SEPTEMBER 2, 2010*

## လူငယ်နဲ့ အသိအမှတ်ပြုခံလိုမှု

-တစ်-

သိုက်မြုံအတွင်းမှ ငှက်ကလေးက “ကျလိ ကျလိ” ဟူသော အသံကို ပေးလိုက်သည်နှင့် ငှက်မကြီးတစ်ကောင်က တောင်ပံကို တဖျတ်ဖျတ် ရိုက်ခတ်ကာ သိုက်မြုံ၏ နှုတ်ခမ်းစပ်မှာ လာနားပါသည်။ ပြီးတော့ သူ့နှုတ်ခမ်းဖျားမှာ ကိုက်ချီပါလာသည့် အစာကို “ကျလိ ကျလိ” အော်မြည်နေသည့် ငှက်ကလေး၏ အာခေါင် နီတာရဲလေး အတွင်းသို့ အသာအယာ ထိုးထည့်ပေးခဲ့လိုက်ပါသည်။ သည်တော့မှ ငှက်ကလေး၏ “ကျလိ ကျလိ” အသံကလေးက တိတ်ဆိတ်သွားခဲ့ခြင်း ဖြစ်ပါသည်။ အော်… သူ အစာကို လိုအပ်နေခဲ့တာကိုး။

သမင်ကလေးတွေက မြစ်ကမ်းစပ်ကို ဆင်းလာတတ်ကြသည်။ ရေသောက်ဖို့။ မိကျောင်းတွေက မြစ်ရေကမ်းစပ်ကနေ စောင့်နေတတ်ကြသည်။ သမင်စားဖို့။ ငါးကလေးတွေက ရေမျက်နှာပြင်ပေါ်ကို တက်လာတတ်ကြသည်။ အသက်ရှူဖို့။ ညနေရီ ငှက်တစ်အုပ်က သစ်ပင်ကောင်းကောင်း သစ်တောကောင်းကောင်း ရှိရာဆီ အုပ်ဖွဲ့ပျံသန်းလာကြသည်။ အိပ်တန်းတက်ဖို့။ ဒေါင်းမလေးက သူ့အမွေးအတောင်တို့ကို ဖြန့်ကြက်ထိုးဆွကာ အလှပြင်သည်။ ဒေါင်းဖိုက စိတ်ဝင်စားဖို့။

ယင်းတို့သည် သတ္တဝါတို့၏ အခြေခံ လိုအပ်ချက်များထဲမှ တစ်ခုပဲ ဖြစ်ပါသည်။ လူသည် သတ္တဝါတို့ထဲက သတ္တဝါ အမျိုးအစားတစ်ခု ဖြစ်သည်။ ထို့ကြောင့် သူသည်လည်း ထိုအခြေခံ လိုအပ်ချက်တို့ကို လိုအပ်မြဲပင် ဖြစ်သည်။ လူသည်လည်း အစာစားလိုသည်။ ရေသောက်လိုသည်။ အိပ်စက် နားနေလိုသည်။ အသက်ရှူလိုသည်။ ဆန့်ကျင်ဘက်လိင်၏ စိတ်ဝင်စားမှုကို ခံလိုသည်။ ယင်းကို စိတ်ပညာရှင်တို့က Physiological Needs ခန္ဓာဗေဒ လိုအပ်ချက်ဟု သတ်မှတ်ပြီး Basic Existence Needs ခေါ် အခြေခံ လိုအပ်ချက်များထဲ၌ စာရင်းသွင်းထားပါသည်။ အခြေခံ လိုအပ်ချက်ဟု ဆိုကတည်းက လူတိုင်းနှင့်ဆိုင်သော ကိစ္စ။ အစာ မစားလိုသူ မရှိ။ ရေ မသောက်လိုသူ မရှိ။ အသက် မရှူလိုသူ မရှိ။ မအိပ်လိုသူ မရှိ။ ဆန့်ကျင်ဘက်လိင်ကို စိတ်မဝင်စားသူ မရှိ။ ထို့ကြောင့် Basic Existence Needs တဲ့။

-နှစ်-

လူတို့၏ အခြေခံ လိုအပ်ချက်များအကြောင်း ပြောသောအခါ Physiological Needs ခေါ် ခန္ဓာဗေဒဆိုင်ရာ လိုအပ်ချက်များ ပြီးပြည့်စုံသောအခါ နောက်ထပ်တစ်ဆင့် လိုအပ်လာပြန်သည်က Safety Needs ခေါ် Security Needs ပဲ ဖြစ်ပါသည်။ ဘဝကို လုံလုံခြုံခြုံ စိတ်ချလက်ချ နေချင်သည့် လိုအပ်ချက်ပဲ ဖြစ်ပါသည်။ ရွှေတိုရွှေစကလေးတွေ စုဆောင်းတာ၊ ငွေစုစာအုပ်

လုပ်ထားတာ၊ အာမခံထားတာ စသော ကိစ္စများအားလုံးသည် လူ၏ ထို Safety Needs ခေါ် Security Needs အပေါ်မှာ အခြေခံပါသည်။

ထို့နောက် တစ်ဆင့်တက်၍ ထပ်မံ လိုအပ်လာပြန်သည်က Affiliation Needs။ သက်ဆိုင်လိုမှု လိုA ပ်ချက်ပင် ဖြစ်ပါသည်။ မိန်းမလှကလေး တစ်ယောက်၏ ချစ်သူဖြစ်လိုသော စိတ်မျိုး၊ နာမည်ကျော် ပုဂ္ဂိုလ်တစ်ယောက်နှင့် A သိA ကျွမ်းဖြစ်လိုသော စိတ်မျိုးသည် Affiliation Needs ပင် ဖြစ်ပါသည်။

သည့်နောက်တွင်ကား Self-esteem Needs ခေါ် A များသူငါ၏ လေးစားကြည်ညို A ထင်ကြီးမှုကို ခံယူလိုသော လိုA ပ်ချက်က လူတွင် ဆက်တိုက် လိုက်ပါလာပါသည်။ သည်လိုA ပ်ချက် Needs တွေ A ကုန်လုံးသည် ယေဘုယျA ားဖြင့် လူတိုင်းလိုလို၌ ရှိနေတတ်သော စိတ်များဖြစ်သဖြင့် စိတ်ပညာရှင်တို့က Basic Existence Needs ဟု A မည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ သည် A ခြေခံ လိုA ပ်ချက်တွေထဲမှာ ပြဿနာ နည်းနည်းရှိတာက Self-Existence Needs ဖြစ်ပါသည်။ A များသူငါက ကိုယ့်ကို လေးစားစေလိုသည်။ A ထင်ကြီးစေလိုသည်။ ကြည်ညိုစေလိုသည်။ A ားကျစေလိုသည်။ A့ံဩတကြီး ဖြစ်စေလိုသည်။ ဝိုင်းဝန်း ငေးမောကြည့်ရှုစေလိုသည်။

လူ၏ လိုA ပ်ချက်များ (Human Needs) နှင့် ပတ်သက်၍ ပညာရှင်တို့က A စားA စာ စားလိုခြင်းကဲ့သို့သော လိုA ပ်ချက်မျိုးကို Physical Needs၊ A များ၏ A ထင်ကြီးမှု ခံယူလိုခြင်းကဲ့သို့သော လိုA ပ်ချက်မျိုးကို Social Needs ဟု နှစ်ပိုင်းခွဲသကဲ့သို့ A ချို့ကလည်း Basic Existence Needs နှင့် Enrichment Needs ဟူ၍ A ခြေခံ လိုA ပ်ချက်နှင့် A ဆင့်မြင့် လိုA ပ်ချက်ဟု နှစ်ပိုင်းခွဲသည်မျိုးလည်း ရှိပါသည်။

မည်သို့ပင် ခွဲခြား သတ်မှတ်သည်ဖြစ်စေ Self-esteem Needs ခေါ် A များ၏ ကိုယ့်ကို လေးစားစေလိုမှု၊ A ထင်ကြီးစေလိုမှု၊ ကြည်ညိုစေလိုမှု၊ A ားကျစေလိုမှု၊ A့ံဩတကြီး ဖြစ်စေလိုမှု၊ ဝိုင်းဝန်း ငေးမောကြည့်ရှုစေလိုမှု လိုA င် သို့မဟုတ် လိုA ပ်ချက်ကတော့ လူများ A ထူးသဖြင့် လူငယ်များ၌ ရှိတတ်ကြစမြဲပင် ဖြစ်ပါသည်။ ထို Self-esteem Needs လိုA င်သည် လူ၏ A ခြေခံလိုA ပ်ချက်များ (Basic Existence Needs) ထဲတွင်လည်း ပါ၊ လူမှုရေးလိုA င် (Social Needs) များထဲတွင်လည်း ပါဝင်သည့် စိတ်နေသဘာဝ တစ်မျိုးဖြစ်ရာ လူ၌ A ထူးသဖြင့် လူငယ်များ၌ A ရေးပါလှပါသည်။

-သုံး-

လမ်းမပေါ်တွင် စက်ဘီး သို့မဟုတ် ဆိုင်ကယ် တစ်စီးစီးက A ရှိန်ကောင်းကောင်းဖြင့် ပြေးလွှားလျက်ရှိသည်။ လမ်းဘေးဝဲယာ၌ လူထူထူထပ်ထပ်ရှိသော နေရာသို့ ရောက်သောA ခါ လူငယ်က လက်လွှတ်လိုက်သည်။ ထို့ပြင် ဆံပင်ကိုပါ လက်နှစ်ဖက်ဖြင့် သပ်နေပါသေးသည်။ သည်တော့ လမ်းဘေးဝဲယာက လူတွေက သူ့ကို A့ံဩတကြီး လှမ်းကြည့်ကြသည်။ သည်မှာ လူငယ်က စိတ်ကျေနပ်သွားသည်။

လူငယ်တစ်ယောက်ကတော့ သူ့မော်တော်ကား တစ်စီးလုံးကို ကြောင်ကြောင်ကျားကျားတွေ ဆင်ထားသည်။ ပြီးတော့ အိတ်ဇောပိုက်ကိုလည်း အထူးပြုလုပ်ချက်တွေ လုပ်ဆောင်ထားခဲ့ရာ မီးခိုးတွေ တလူလူ ထွက်နေရုံမျှမက သံသေးသံကြောင်များပါ ထွက်ပေါ်လျက်ရှိပါသည်။ သူက ထိုအနေအထားဖြင့် အဆောင်ရှေ့ကနေ ကားဖြတ်မောင်းသွားသည်။ ထိုအခါ အဆောင်သူတွေက သူ့ကို အလန့်တကြားဖြင့် ဝိုင်းကြည့်ကြရာ ဒါကို သူကျေနပ်သွားသည်။

ပလာဇာ (Plaza) ကြီး တစ်ခု၏ ရှေ့၌ လူငယ် သုံးလေးယောက် ရပ်နေသည်။ ဆံပင်ပုံစံတွေက အမျိုးမျိုး။ အထောင်တွေရော၊ အလုံတွေရော၊ အခွဲတွေရော၊ အခွေတွေရော။ အရောင်တွေက နီပြာဝါစိမ်း။ တချို့က နစ်ရောင်၊ တစ်ချို့က အစိမ်းတစ်ဝက် အနီတစ်ခြမ်း၊ နားကွင်းတွေ၊ နားကပ်တွေ၊ ဦးထုပ်ဘေးဆောင်းတွေ၊ ပြောင်းပြန်တွေ၊ အင်္ကျီအပွတွေ၊ ဘောင်းဘီအတိုတွေ။ လူတစ်ကိုယ်လုံးမှာ ကြိုးပေါင်းစုံက ရှုပ်ပွလို့။ ဖြတ်သွားဖြတ်လာတို့က အံ့သြထူးဆန်းစွာဖြင့် သူတို့ကို လှည့်ကြည့်သည်။ ဒါကို သူတို့ ကျေနပ်သည်။

မိန်းကလေးတစ်ယောက် ဘတ်စ်ကားပေါ် တက်လာသည်။ တစ်ကိုယ်လုံး ဘယ်နေရာမှ မလုံခြုံ။ ဗိုက်သားက လက်လေးသစ်လောက် ပေါ်နေသည်။ ဘောင်းဘီအတိုက လက်တစ်ဝါး သာသာလောက်။ အင်္ကျီက စွပ်ကျယ် ချိုင်းပြတ်သာသာ။ ဒေါက်ဖိနပ်က အမြင့်ကြီး။ လက်မောင်းတွေ၊ ပေါင်တွေမှာက ကပ်ခွာ ဆေးမင်ကြောင်အရုပ်တွေနှင့်။ ကားတစ်စီးလုံးက သူ့ကို အံ့သြတကြီး ဝိုင်းကြည့်ကြသည်။ ဒါကို သူကျေနပ်သည်။

ပြောရလျှင် သည်အကြောင်းတရားများ၏ အခြေခံက Self-esteem Needs ပင် ဖြစ်ပါသည်။ လူငယ်တချို့ ဤကဲ့သို့ လုပ်မိလုပ်ရာ ကောက်လုပ်နေကြခြင်းသည် အများက ကိုယ့်ကို ဝိုင်းဝန်းငေးမော အံ့သြအားကျ အထင်ကြီးမှုကို ခံယူလို၍ပင် ဖြစ်ပါသည်။ လူ၏ စိတ်သဘော သဘာဝအရ လူတိုင်း၌ Self-seteem Needs ခေါ် သည်စိတ်ဓာတ်မျိုး ရှိကြစမြဲဖြစ်ရာ အပြစ်မဟုတ်ပါ။ သို့သော် ကိုယ့်ကို လူအများ ဝိုင်းကြည့်ကြဖို့ အတွက်က ဆိုင်ကယ်ကို လက်လွှတ်စီးပြရုံလို အလုပ်မျိုးမှတစ်ပါး အခြား မရှိတော့ပြီလား။

-လေး-

တစ်ခါက နယ်မြို့ကလေး တစ်မြို့မှာ ဆယ်တန်းအောင်စာရင်းတွေ ထွက်ပြီးကာစ တစ်နေ့၌ စက်ဘီးအညံ့ကလေး တစ်စီးနှင့် မြို့ထဲသို့ ထွက်လာသော လူငယ်တစ်ယောက်ကို လူတွေ ဝိုင်းကြည့်နေကြတာ ကြုံဖူးပါသည်။ ဆိုင်ထဲရှိ လူတွေကလည်း ထွက်ကြည့်၊ အိမ်ထဲရှိ လူတွေကလည်း ထွက်ကြည့်၊ လမ်းပေါ်က လူတွေကလည်း လှည့်ကြည့်လှည့်ကြည့်။ သူ့ခမျာ အလွန်ဆင်းရဲပင်ပန်းစွာဖြင့် (၆)ဘာသာဂုဏ်ထူး ရရှိအောင် ဖြေဆိုလာခဲ့တဲ့ လူငယ်လို့ ဆိုပါလား။ လူတွေက သူ့ကို သနားစာနာ၊ အံ့သြချီးကျူး၊ အားကျ အထင်ကြီးသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြခြင်း ဖြစ်ပြီး သူကလည်း ဒါကို ရိပ်စားမိကာ ကျေနပ်နေပုံရပါသည်။

သည်လိုနည်းနဲ့ Self-esteem Needs ခေါ် အများ၏ လေးစားအထင်ကြီး အံ့သြငေးမောစေလိုမှု လိုအင်ကို ဖြည့်စွက်နိုင်ခဲ့တာ ဘယ်လောက် ကျေနပ်ဖို့ ကောင်းလေသလဲ။

နယ်ပယ်တစ်ခု၌ စွမ်းသူ ချွန်သူများကို လူ့အဖွဲ့အစည်းက ဝိုင်းဝန်းဝေးမော အထင်ကြီးကြစမြဲ ဖြစ်ပါသည်။ တေးအဖွဲ့တော်သော မြို့မငြိမ်းကို လူတို့ အံ့သြကြမြဲ ဖြစ်ပါသည်။ တေးအဆိုတော်သော ထူးအိမ်သင်ကို လူတို့ ဝေးမောကြမြဲ ဖြစ်ပါသည်။ ဂစ်တာအတီးတော်သော ချစ်စမ်းမောင်ကို လူတို့ အားကျမြဲ ဖြစ်ပါသည်။ ပန်းချီအဆွဲတော်သော ပေါ်ဦးသက်ကို လူတို့ အထင်ကြီးကြမြဲ ဖြစ်ပါသည်။ ကိုယ်ကျိုးစွန့်၍ ပြည်ကျိုးဆောင်သူ ကိုအောင်ဆန်းကို လေးစားကြမြဲ ဖြစ်ပါသည်။ ထို့အတူ ဘောလုံးလောက၌ စွမ်းသူ၊ စာပေလောက၌ ထက်သူ၊ ဘာသာရေးလောက၌ ချွန်သူ၊ ပရဟိတလောက၌ မွန်သူ အားလုံးကို လူ့အဖွဲ့အစည်းက ဝိုင်းဝန်း၍ ဝေးမောအားကျ အထင်ကြီးကြမြဲ ဖြစ်ပါသည်။

-ငါး-

လူ၌ Physical Needs ခေါ် ကိုယ်ကာယနှင့်ဆိုင်သော လိုအင်နှင့် Social Needs ခေါ် စိတ်နှင့်ဆိုင်သော လိုအင်ဟူ၍ နှစ်မျိုးရှိရာ Self-esteem Needs ခေါ် အများ၏ အားကျအထင်ကြီး လေးစားကြည်ညိုမှုကို ခံယူလိုသော လိုအင်သည် Social Needs နှင့် သက်ဆိုင်ပါသည်။ ထိုလိုအင်သည် လူ၏ အခြေခံလိုအင် (Basic Existence Needs) ထဲ၌လည်း ပါဝင်ပါသည်။ ထိုလိုအင်များ လူငယ်တို့၌ ရှိနေခြင်းသည် အပြစ်မဟုတ်ပါ။ သဘာဝတရားသာ ဖြစ်ပါသည်။ သို့သော်... ...

ဆိုင်ကယ်ကို လက်လွှတ်ပြီး စီးပြလို့ လူဝိုင်းကြည့်တာကို ခံချင်တာမျိုး၊ မော်တော်ကားကို ဝူးဝူးဝါးဝါး စီးပြလို့ လူဝိုင်းကြည့်တာကို ခံချင်တာမျိုး၊ ဆံပင်ကို အနီတစ်ခြမ်း၊ အစိမ်းတစ်ခြမ်း ဆိုးထားလို့ လူဝိုင်းကြည့်တာကို ခံချင်တာမျိုးနှင့် မိမိ၏ စိတ်ဓာတ်လိုအင်ကို မဖြည့်ဆည်းဘဲ ကောင်းသော မွန်သော နယ်ပယ်၌ ချွန်အောင် မွန်အောင် လုပ်ကြလျှင် ဘယ်လောက် ကောင်းလိုက်လေမလဲ။

ဘောလုံးမှာ စွမ်းကြည့်၊ ဂီတမှာ ကျွမ်းကြည့်၊ စာပေမှာ ထူးကြည့်၊ နိုင်ငံရေးမှာ ချွန်ကြည့်၊ ပန်းချီမှာ မွန်ကြည့်၊ နည်းပညာမှာ ထက်ကြည့်၊ ပရဟိတမှာ မြက်ကြည့်၊ ပညာရေးမှာ တော်ကြည့်၊ လမ်းဘေးဝဲယာက လူတွေသာမက လူ့အဖွဲ့အစည်း တစ်ရပ်လုံးကပါ ထိုလူငယ်ကို အားကျသော၊ အထင်ကြီးသော၊ အံ့သြသော၊ လေးစားသော မျက်လုံးများဖြင့် ဝိုင်းဝန်း ဝေးမောကြည့်ရှုကြပါလိမ့်မည်။

ဆိုင်ကယ်ကို လက်လွှတ်စီးပြ၍ လူဝိုင်းကြည့်သဖြင့် စိတ်ကျေနပ်နေရတာမျိုး (Self-esteem Needs) ၌ ပျော်မွေ့မနေဘဲ နယ်ပယ်တစ်ခုခု၌ စွမ်းသူများအဖြစ် နေရာတစ်နေရာ ရကာ ကိုယ့်ကိုကိုယ် ကျေနပ်ကြည်ညိုရသော လူအဖြစ် ထုဆစ်ရန် လိုအပ်ပေသည်။

*BEAUTY MAGAZINE*

*FEBRUARY, 2011*

# မနေ့တုန်းက မြတ်နိုးခဲ့ကြသည်

ကားက မြို့နင်းတွေကြားထဲမှာ အေးတိအေးစက်ကြီးကိုပဲ ရပ်၍ နေပါသည်။ ကားထွက်ချိန် နီးပြီဖြစ်သော်လည်း သည်ကားဂိတ်က ကျွန်တော် တွေ့ဖူး မြင်ဖူးနေကျ အဝေးပြေးကားဂိတ်တွေလို သွက်လက်မြန်ဆန်မှု မရှိလှပါ။ ရှမ်းအစားအစာ မျိုးစုံနှင့် ကော်ဖီ၊ လက်ဖက်ရည် တွဲရောင်းသော ယာဉ်ရပ်နားစခန်း ဆိုင်ကြီးတစ်ဆိုင် ကားနှင့် မလှမ်းမကမ်းမှာ ရှိနေသည်မှာ မှန်ပါသည်။ ဆိုင်ထဲ၌ လူတော်တော်များများတို့ စားနေသောက်နေကြသည်မှာလည်း မှန်ပါသည်။ သို့သော် ရှမ်းခေါက်ဆွဲ ပန်းကန်များ၊ လက်ဘက်ရည် ကော်ဖီခွက်များဆီက ထွက်လာသည့် အငွေ့တထောင်းထောင်းက လွဲလျှင် အရာရာက အေးအေးဆေးဆေးပဲ ဖြစ်ပါသည်။ အစားအသောက် မှာယူနေသံ၊ ကျသင့်ငွေရှင်းသံတို့က လွဲလျှင် အားလုံး တိတ်တိတ်ဆိတ်ဆိတ်။ ခေါပုတ်တို့ ပဲပုတ်တို့လို ဒေသထွက် ပစ္စည်းကလေးများ၊ တောင်ပေါ်ထွက် အသီးအနှံနှင့် ပိုင်ပုလင်းမျိုးစုံ ရောင်းချသည့် ဆိုင်ကလေးတွေ လေးငါးဆယ်ဆိုင်ခန့် ရှိကာ အရောင်းအဝယ် ဖြစ်တန်သလောက် ဖြစ်နေကြသော်လည်း မြေပြန့်က ကားဂိတ်လေးတွေလို ပူပူနွေးနွေး မရှိလှ။ နှင်းများ မြူများနှင့် ဝေရီဝေဝါး နိုင်လှသော တောင်ပေါ်နံနက်ခင်း၏ အေးစိမ့်မှုအောက်မှာ အနွေးထည်ကိုယ်စီနှင့် လူတွေ သက်ဝင်လှုပ်ရှားနေပုံက ကျောင်းသခ်ၤမ်းဆန်နေသည်ဟု ကျွန်တော် ခံစားမိသည်။

ကားထွက်လုထွက်ခင်မှာ ကားပေါ်သို့ တက်လုတက်ခင် အမျိုးသမီး ငယ်ငယ်နှင့် လူငယ်လေး တစ်ယောက်ကို ကျွန်တော် သတိထားလိုက်မိသည်။ လူငယ်က လာရောက် နှုတ်ဆက်သူ ဖြစ်ပြီး အမျိုးသမီးငယ်က ခရီးသွားမည့်သူ ဖြစ်ပါသည်။ သံယောဇဉ်ရှိသူ နှစ်ယောက်ဟု ခန့်မှန်း၍ ရပါသည်။ လူငယ်က အမျိုးသမီးငယ်၏ လက်ထဲသို့ တစ်ရှူးပေပါ (Tissue Paper) လှလှကလေးတစ်ထုပ် အမှတ်တရ လှမ်းပေးလိုက်ပုံ မြင်ကွင်းက ကြည်နူးစရာ ကောင်းလှပါသည်။

၁၄ နာရီ သာသာလောက် စီးရသည့် အဝေးပြေး ခရီးစဉ်တစ်လျှောက် မေးလိုက် ငေးလိုက်၊ ယာဉ်ရပ်နားစခန်းလေးများမှာ ဝင်နားလိုက် ဆက်သွားလိုက်နှင့် ထိုအမျိုးသမီးငယ်က သူ့အမှတ်တရ Tissue Paper ထုပ်ကလေးကို ဖောက်ကာ မွှေးရနံ့သင်းနေပုံရသော နုရွနေသည့် Tissue Paper ကလေးများဖြင့် ချွေးစို့စို့ကို တို့လိုက်၊ နှုတ်ခမ်းလေးများကို သုတ်လိုက် လုပ်နေပုံကို တစ်လျှောက်လုံး တွေ့မြင်ခွင့် ရနေခဲ့ရပြီး သုံးပြီးသည့် Tissue Paper ကလေးများကို လုံးခြေကာ ရှေ့က အမှိုက်အိတ်ကလေးထဲ ထိုးထိုးထည့်နေပုံကို မြင်လိုက်ရသောအခါ ကျွန်တော့်စိတ်ထဲ တစ်ခုခုကို နမြောသလို ဖြစ်သွားမိသည်။

ဖျတ်ခနဲ ဆိုသလို ကျွန်တော် သတိရသွားမိသည်က ကျွန်တော်တို့၏ ချာတိတ်အရွယ် နေ့ရက်များနှင့် အတူ လက်ကိုင်ပဝါလေးတွေပဲ ဖြစ်ပါသည်။ သည်တုန်းက အမှတ်တရ ပေးလေ့ရှိသော သံယောဇဉ် လက်ဆောင်မွန်ကလေးတွေထဲမှာ လက်ကိုင်ပဝါလေးတွေလည်း ပါဝင်ပါသည်။ ချစ်စရာ တော်တော်ကောင်းသည့် အရုပ်ကလေးများ၊ ပန်းပွင့်ပုံ၊ ငှက်ပုံ၊ ယုန်ပုံကလေးများနှင့်အတူ ကျွန်တော်တို့ ပေးခဲ့ကြရဖူးပါသည်။ သည်လက်ကိုင်ပဝါလေးတွေကို

သတိရလျှင် ထုတ်နမ်းမိကြ၊ အင်္ကျီအိတ်ထဲမှာ ဖွဖွကလေး ခေါက်ထည့်ထားကြ၊ ညစ်နွမ်းသွား၍ ဆွေ့ဖွပ်ပြီးသော် မီးပူနှင့် စန့်နေအောင်တိုက်ကာ တယုတယ ပြန်ခေါက်သိမ်းကြ။ မြတ်နိုးတတ်သည့် ခေတ်ကြီးက ကျွန်တော်တို့ကို ရှုးသွပ်အောင် လုပ်ခဲ့ပုံရပါသည်။ အခု သည်လို မြတ်နိုးတန်ဖိုးထားတတ်သော စိတ်ကို Tissue Paper လို ပစ္စည်းတွေက ဖျက်ဆီးလိုက်လေသလားဟု ကျွန်တော် အတွေးဝင်မိသည်။ တစ်ခါသုံးပြီးလျှင် တစ်ရွက် လွှင့်ပစ်လိုက်ရသော သည်ဖြစ်စဉ်ကြီးထဲမှာ ကျွန်တော်တို့၏ လှသော စိတ်တချို့တလေပါ ကပ်ပါသွားခဲ့ပုံ ရပါသည်။

ကျွန်တော်တို့ ချာတိတ်ဘဝက ကျွန်တော်တို့၏ ဖောင်တိန်ကလေးတွေ၊ ဘောလ်ပင်ကလေးတွေ အပေါ်မှာလည်း ကျွန်တော်တို့ မြတ်နိုးခဲ့ကြသည်ပဲ ဖြစ်ပါသည်။ အရောင်တူ၊ အမျိုးအစားတူ အစားပြန်ဝယ်ပေးသည့်တိုင် ပျောက်သွားသည့် Parker ဘောလ်ပင်ကလေးကို ကျွန်တော် တော်တော်နှင့် မေ့မရနိုင်ခဲ့။ အခုတော့ နေရာတိုင်းမှာ တစ်ခါသုံး ဘောလ်ပင်တွေနဲ့ တစ်ချောင်းကုန်လျှင် တစ်ချောင်း လွှင့်ပစ်လိုက်ဖို့ပဲ ဖြစ်ပါသည်။ တစ်ခါသုံး ဝါးတူကလေးတွေ၊ တစ်ခါသုံး ရေဘူးကလေးတွေ၊ တစ်ခါသုံး မီးခြစ်ကလေးတွေ၊ တစ်ခါသုံး ဆပ်ပြာခဲကလေးတွေ၊ တစ်ခါသုံး သွားတိုက်ဆေးဘူးကလေးတွေ... သုံးပြီးလျှင် လွှင့်ပစ်လိုက်ရုံ။

ခရစ်ယာန် သာသနာပြု စာစောင်ကလေး တစ်ခုထဲ၌ မိသားစုဥပဒေ ပညာရှင် စန္ဒြားဒေးဗီးစ်၏ သုံးသပ်ချက်ကလေး တစ်ခုကို ဖတ်လိုက်မိရာ ကျွန်တော် ငေးငေးဆွေးဆွေး ဖြစ်သွားခဲ့ရဖူးပါသည်။ "တစ်ခါသုံး ပစ္စည်းများကိုသာ သုံးလေ့ရှိသော လူ့အဖွဲ့အစည်းတွင် ပေါင်းသင်းဆက်ဆံရေး အပေါ်လည်း အလားတူ သဘောထားရှိကြသည်" ဟူသည့် သုံးသပ်ချက်ပဲ ဖြစ်ပါသည်။

ကျွန်တော်တို့၏ ချစ်သူ ခင်သူ၊ ကျွန်တော်တို့၏ မိတ်ဆွေ သူငယ်ချင်း၊ ကျွန်တော်တို့၏ မိဘဆွေမျိုး၊ ကျွန်တော်တို့၏ ဇာတိရပ်ရွာ၊ ကျွန်တော်တို့၏ ထိတွေ့ဆက်စပ်ရာ မှန်သမျှ အပေါ်မှာပါ တစ်ခါသုံး ပစ္စည်းကလေးတွေ လွှင့်ပစ်သလို လွှင့်ပစ်သွားမှာကို ကျွန်တော်က စိုးရိမ်နေမိခြင်း ဖြစ်ပါသည်။

အဝေးပြေးကားကြီး ခရီးဆုံးတော့ ကားပေါ်က အမျိုးသမီးငယ်က သူ့ Tissue Paper လက်ကျန်ကို လုံးခြေကာ အမှိုက်အိတ်ကလေးထဲ ထိုးထည့်လိုက်ပါသည်။ ကျွန်တော်ကတော့ လက်ကိုင်ပဝါကလေး တစ်ထည်ကို ဆယ်စုနှစ် တစ်ခုနီးနီး သိမ်းထားခဲ့ဖူးသည့် ကိုယ့်အတိတ်ကို ကိုယ် ပြန်သတိရနေမိသည်မှာ အမှန်ပဲ ဖြစ်ပါသည်။

*INTERNATIONAL MAGAZINE*

*JULY 12, 2009*

## မစောင့်စားတတ်သူတို့ နေ့ရက်များ

ကျွန်တော်ငယ်ငယ်က တောမြို့လေးတစ်မြို့မှာ ခဏတာ ကြီးပြင်းခဲ့ရဖူးပါသည်။ ကျွန်တော့်ကို မွေးဖွားခဲ့သည့် ရွာကလေးက တောမြို့ကလေးမှနေ၍ လှမ်းခေါ် လိုက်လျှင်ပင် ကြားရလောက်သည့် ပွတ်သီးပွတ်သပ် ရွာကလေးဖြစ်ရာ ကျွန်တော့်ငယ်ဘဝ ပညာသင်ကြားရာ နှစ်ကာလအချို့ကို အဲသည် တောမြို့ကလေးမှာ ကုန်လွန်ခဲ့ရဖူးပါသည်။ နောက်တော့ ကျွန်တော်တို့ နိုင်ငံ၏ အထွန်းကားဆုံးသော မြို့ကြီးရှိရာသို့ ရောက်ရှိသွားခဲ့ရာ ကျွန်တော်နှင့် ကျွန်တော့်အရွယ်မတိုင်မီ တောမြို့ကလေးတို့ တစ်စတစ်စ ဝေးကွာသွားခဲ့ရပါသည်။ ခပ်စောစောပိုင်း နှစ်တွေတုန်းကတော့ မြို့ကလေးရှိရာဆီ မကြာခဏ ဆိုသလို ကျွန်တော် ရောက်ရောက်သွားတတ်ခဲ့ပါသည်။ တစ်နှစ်ကို သုံးလေးခေါက်လောက်။ နောက်တော့ တစ်နှစ်နေလို့ တစ်ခေါက်ရောက်ဖြစ်အောင် မနည်း ကြိုးစားလာခဲ့ရပြီး နောက်ပိုင်းတွင်ကား မသွားဖြစ်တော့သလောက်ဟု ဆိုရလောက်အောင် ကျွန်တော်နှင့် ကျွန်တော့်ဇာတိရပ်ရွာတို့ စိမ်းသွားကြပါတော့သည်။

မကြာခင် ရက်ပိုင်းတွေတုန်းကတော့ အမှတ်မထင် လူမှုရေးကိစ္စကလေးများနှင့် ကျွန်တော့် ဇာတိမြေ တောမြို့ကလေး ရှိရာဆီ ကျွန်တော် ပြန်ရောက်သွားဖြစ်သည်။ အုန်းပင်တွေ၊ ဓနိပင်တွေ၊ လတာပြင်တွေ၊ ငါးဖိုရုံတွေ၊ ဒီရေ အတက်အကျတွေ၊ ဘုတ်ငှက်အီသံတွေ၊ အုန်းမောင်းခေါက်သံတွေနှင့် တောမြို့ကလေး။ မြို့လည်ကို ဖြတ်သွားသည့် ချောင်းကူးတံတားဆီ ကျွန်တော်ရောက်တော့ တံတားခြေရင်း တစ်နေရာဆီ မျက်လုံးရောက်သွားမိသည်။ နယူးဖက်ရှင်တဲ့။ ဓာတ်ပုံဆိုင်ကလေး။ ကျွန်တော်တို့ ငယ်ဘဝပုံရိပ်တွေကို မှတ်တမ်းတင် ပေးခဲ့ဖူးသည့် ရှင်သန်ဆဲ ဓာတ်ပုံဆိုင်ကလေးကို ကြည့်ကာ ကျွန်တော် ဘာကိုလွမ်းရမှန်းမသိ လွမ်းလွမ်းကြီး ရပ်ကြည့်နေမိသည်။

အဆောက်အဦး မျက်နှာစာကလေးကို ခေတ်နှင့် လိုက်လျောညီထွေရှိအောင် နည်းနည်းပါးပါး ဖီးလိမ်းပြင်ဆင်ထားသည်က လွဲလျှင် အပြောင်းအလဲ သိပ်ပြီး ကြီးကြီးမားမား မရှိလှ။ နယူးဖက်ရှင်ဆိုသည့် ဆိုင်နာမည် စာလုံးဒီဇိုင်းကလည်း သည်အတိုင်း။ မိသားစု လက်ဆင့်ကမ်းခဲ့ကြရာ ဓာတ်ပုံဆိုင်ကလေး ဖြစ်သဖြင့် အခု သည်ဆိုင်ကို ဦးဆောင်လှုပ်ရှားနေပုံရသည့် မျက်နှာတွေက ကျွန်တော်တို့ ကလေးဘဝက သက်တူရွယ်တူတို့၏ မျက်နှာတွေ ဆိုတာကို ကျွန်တော် မှတ်မိနေသည်။

ခုရိုက် ခုယူတဲ့။ ဒါကတော့ ကျွန်တော်တို့ ငယ်ငယ်က မရှိခဲ့သော ဖော်ပြမှုအသစ်ပဲ ဖြစ်ပါသည်။ ကျွန်တော့် ဇာတိရပ်ရွာ တောမြို့ကလေးနှင့် သူ့ပတ်ဝန်းကျင်က ကျေးလက်တောရွာတွေကလည်း စောင့်စားချင်ကြပုံ မရတော့။ သူတို့၏ အမှတ်တရ ပုံရိပ်တွေကို ချက်ချင်းရယူချင်သည့် ဆန္ဒကို နည်းပညာခေတ်ကြီးက အလိုလိုက်ခဲ့ပုံရပါသည်။ အော်... တစ်ခါက စောင့်စားခဲ့ရပုံတွေကို ကျွန်တော့်စိတ်ထဲ လွမ်းသွားမိသည်။

ကျွန်တော်တို့ခေတ်က စောင့်စားခဲ့ရသော ခေတ်ဖြစ်ပါသည်။ ငယ်ငယ်က အမေ့လက်ကိုဆွဲပြီး သည်နယူးဖက်ရှင်ဆိုင်ကလေးထဲ ဝင်ခဲ့ရပုံတွေကို ကျွန်တော် အမှတ်ရမိသည်။ ပိတ်စအနက်ကြီးနှင့် အုပ်ထားသည့် ရှေးကင်မရာအိုကြီး၊ မီးဆလိုက်ကြီးများ၏ အောက်မှာ အသက်ဝဝ မရှူရဲသည့် ကလေးဘဝ။ ဓာတ်ပုံဆိုင်ရှင်က ဓာတ်ပုံရမည့်ရက်ကို တစ်ပတ် ဆယ်ရက်ခွာပြီး ချိန်းလိုက်သည့်အခါတွင်ကား ကျွန်တော်တို့ခေတ်က လူတွေ သိပ်အလိုမကျချင်။ ကိုယ့်ဓာတ်ပုံကို ကိုယ်ပြန်ပြီး မြန်မြန်ကြည့်ချင်လှသည်မှာ ကျွန်တော်တို့၏ ပြင်းပြသော ချင်ခြင်းပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ အလိုမပြည့်ခဲ့ကြ။ နှေးကွေးသော နည်းပညာ၏ ခေတ်ကြီးက ကျွန်တော်တို့ကို စောင့်စားခိုင်းခဲ့ပါသည်။ အလင်းအမှောင်၊ မျက်နှာအနေအထား၊ ကိုယ့်အပြုံး၊ ကိုယ့်အက်တင်၊ ကိုယ့်ဝတ်ပုံစားပုံ ဓာတ်ပုံထဲမှာ ဘယ်လိုပုံရိပ် ထင်နေမှာပါလိမ့်ဆိုသည့် စိတ်ကူးနှင့် စောင့်စားရခြင်း အလုပ်ထဲမှာ လူ့ဘဝ အရသာတစ်မျိုး ပါဝင်နေသည်ဟု ကျွန်တော်ထင်ပါသည်။ တစ်ခါတစ်ခါကျပြန်တော့ ချိန်းဆိုထားသည့် ရက်အတိုင်း သွားခဲ့ပါလျက် နယူးဖက်ရှင်ဘက်က တစ်ခုခု အဆင်မပြေသဖြင့် နောက်ထပ် တစ်ရက်၊ နှစ်ရက် စသည်ဖြင့် ထပ်ပြီး ရက်ချိန်းပေးသည်မျိုး ရှိတတ်ပါသည်။ ကျွန်တော်တို့ ဘယ်လိုမှ နေလို့ထိုင်လို့ မထိတော့။ သွားလည်းသည်စိတ်၊ စားလည်းသည်စိတ်နှင့် ကိုယ့်ဓာတ်ပုံကိုယ် စိတ်ကူးနှင့် ပုံရိပ်ဖော်ကြည့်နေရသည့် စိတ်အခွင့်အရေးကို စောင့်စားနေရသည့် ခေတ်က ကျွန်တော်တို့ကို ပေးခဲ့ပုံရပါသည်။

အခု ကျွန်တော်တို့ တောမြို့ကလေးက နယူးဖက်ရှင်ဆိုသည့် ဓာတ်ပုံဆိုင်ကလေးကပါ ခုရိုက် ခုယူဟု ဆိုခဲ့လေသောအခါ ခေတ်ကို ဆောင့်ကြီးအောင့်ကြီးနိုင်သည့် လေသံများလားဟု ကျွန်တော် တွေးလိုက်မိပြီး မအံ့သြမိသော်လည်း ကမ္ဘာကြီးတစ်ခုလုံး အချိန်မရှိ၊ အချိန်ရှားပါး၊ အချိန်မပေးနိုင် ဖြစ်နေပုံကိုကြည့်ကာ မစောင့်စားနိုင်သူတို့၏ ခေတ်ကို ကျွန်တော် ငေးနေမိသည်။

ဓာတ်ပုံကိုမှ ကျွန်တော်တို့ မစောင့်စားချင်တာ မဟုတ်။ သည်ကနေ့ခေတ် နည်းပညာနှင့် သည်ကနေ့ခေတ် လူ့အဖွဲ့အစည်းကပါ တတ်နိုင်သမျှ ချက်ချင်းနှင့် တတ်နိုင်သမျှ မြန်မြန် ကျွန်တော်တို့ကို တွန်းလွှတ်လိုက်ခြင်း ဖြစ်ပါသည်။

သစ်ပင်တို့ ပွင့်ကြ၊ သီးကြတာကို ကျွန်တော်တို့ ကြာကြာမစောင့်ချင်ကြ။ မြန်မြန်ဖူး၊ မြန်မြန်ပွင့်၊ မြန်မြန်သီးအောင် ဟော်မုန်းတွေထိုးကာ ရုက္ခဗေဒကို မြန်နှုန်းမြှင့်ခဲ့ကြသည်။ သဘာဝ ရေမြေတောတောင် ရှုမျှော်ခင်းတို့ကို မမြင်ရလျှင်လည်း ရှိပါစေ။ ကျွန်တော်တို့ အခုသွား၊ အခုရောက်ဖို့ အသံထက်မြန်သည့် အလျင်ကို ရှာဖွေခဲ့ကြသည်။ သုံးနှစ်သုံးမိုးကို ကျွန်တော်တို့ မသိ။ ချစ်ခြင်းကို ဖြစ်စေ၊ မုန်းခြင်းကို ဖြစ်စေ သွက်လက်သော အဖြေအဖြစ် ကျွန်တော်တို့ ရယူလိုကြသည်။ စျာပန အခမ်းအနားတစ်ခုတွင် မိသားစု ဆွေမျိုးသားချင်းတွေ ငိုကြွေးလို့ အားမရတတ်ကြသေး။ တာဝန်ရှိသူ တစ်ဦးက သင်္ဂြိုဟ်ဖို့ အချိန်ရောက်ပြီဖြစ်ကြောင်း လာသတိပေးသည်။ လူ၏ သောကကို ခေတ်က စောင့်မနေနိုင်။ နောက်ထက် စျာပနတစ်ခုက ဒီခန်းမမှာ ခင်းကျင်းဖို့ အဆင်သင့်။ သည်တော့ မြန်မြန်ငို၊ မြန်မြန်မီးရှို့။ မင်္ဂလာဆောင် အခမ်းအနားတွေမှာလည်း သည်အတိုင်းပဲ ဖြစ်ပါသည်။ တစ်မင်္ဂလာပြီး တစ်မင်္ဂလာဆက်နေသည့် ဟိုတယ်ခန်းမကြီးများ ဖြစ်ရာ အချိန်မရှိ။ မြန်မြန် ပန်းကြဲ၊ မြန်မြန် အခါတော်ပေး၊ မြန်မြန်

ဩဘာစာဖတ်၊ မြန်မြန် လက်ဖွဲ၊ မြန်မြန် နှုတ်ဆက်။ ကော်ဖီတွေက ချက်ချင်းကော်ဖီ။ ခေါက်ဆွဲပြုတ်က ချက်ချင်း ခေါက်ဆွဲပြုတ်။

သွက်လက်မြန်ဆန်လာသော ခေတ်ကြီးနှင့်အတူ အချိန်မရှိတော့သော လူတွေ၏ နေ့စဉ်ဘဝထဲမှာ အေးအေးဆေးဆေး စောင့်စောင့်ဆိုင်းဆိုင်းနှင့် ဘဝကို အရသာခံဖို့ ဒါမှမဟုတ် စိတ်ကူးစိတ်သန်း ကွန့်မြူးဖို့ ဒါမှမဟုတ် ကိုယ့်အလိုဆန္ဒကို ကိုယ် အသာနားချဖို့ ဆိုသည်များကို ကျွန်တော်တို့အားလုံး တစ်စတစ်စ လက်မြှောက်အရှုံးပေးလာကြပုံ ရပါသည်။

ခုရိုက် ခုယူဆိုသည့် နယူးဖက်ရှင် ဓာတ်ပုံဆိုင်ကလေးကို လှမ်းကြည့်ကာ မစောင့်စားချင်တော့သည့် ကျွန်တော့်ဇာတိ တောမြို့ကလေးတစ်နေရာမှာ တစ်ခဏ ရပ်ငေးနေမိခဲ့သည်မှာကား အမှန်ပင် ဖြစ်ပါသည်။

*ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း*
*အောက်တိုဘာ၊ ၂၀၀၉*

## သင် အခု ဈေးကွက်ဝင်ပြီလား

-တစ်-

အခုတလော ကျွန်တော့်စိတ်ထဲကို ဝင်ရောက်နေသည့် စကားလုံးတစ်လုံး ရှိပါသည်။ Skill ဆိုသော စကားလုံး။ လူတစ်ယောက်၏ ဘဝရပ်တည်မှု၊ အလုပ်အကိုင် အောင်မြင်ခြင်း စသည်များနှင့် ဆက်စပ်ကာ သည်စကားလုံးကို ကျွန်တော် အာရုံရောက်သွားခြင်း ဖြစ်ပါသည်။ Skill။ စွမ်းရည်။ ကျွမ်းကျင်မှု။ ခင်ဗျားက ဘယ်နယ်ပယ်မှာ ဘယ်လောက် Skill ရှိနေတာလဲ။ ကိုယ့်ဘဝကို ကိုယ် ကျေကျေနပ်နပ် အောင်မြင်တည်ဆောက်လိုသူတွေအတွက် သည်မေးခွန်းက တကယ့်ကို အရေးတကြီး မေးခွန်းတစ်ခုပင် ဖြစ်ပါသည်။ မှန်ပါသည်။ ခင်ဗျားမှာ (သို့မဟုတ်) သင့်မှာ ဘာ Skill ရှိပါသလဲ။

-နှစ်-

အခုနောက်ပိုင်း လူငယ် တော်တော်များများဆီကနေ ညည်းသံတွေ ပိုကြားလာရသည်။ အလုပ်အကိုင် အဆင့်အတန်း တစ်ခုခုနှင့် မချိတ်ဆက်မိနိုင်ဘဲ ဘာလုပ်ရမှန်းမသိ တွေမဆုံး ဝေမဆုံး ဖြစ်နေသည့် လူငယ်တို့၏ ညည်းသံများ ဖြစ်ပါသည်။ ထိုလူငယ်တို့ကို ကျွန်တော် ခြုံငုံကြည့်လိုက်တော့ သူတို့မှာ ဘာ Skill မှ မရှိ။

ရှေးဟောင်း သုတေသန (Archaeology) A ဓိကဖြင့် ဘွဲ့ရရှိထားပြီး ရန်ကုန်မြို့ပေါ်တွင် နှစ်နှစ်ကျော်သည်A ထိ A လုပ်A ကိုင် တစ်နေရာရာ ရရှိရန် ရှာဖွေနေဆဲဖြစ်သော လူငယ်တစ်ယောက်နှင့် ကျွန်တော် ထိစပ်ဖူးသည်။ သူဘာဖြစ်ချင်တာလဲ သူကိုယ်တိုင် မသိ။ သူဘာလုပ်ချင်တာလဲ သူကိုယ်တိုင် မသိ။ တစ်ခုခုတဲ့။ ဘာတစ်ခုခုမှန်းလည်း မသိ။ ဒါဆို ဘာဖြစ်လို့ ရှေးဟောင်းသုတေသန ပညာကို ယူသလဲ။ ကျွန်တော်မေးကြည့်တော့ သူ့A ဖြေက ပညာရပ်နှင့် မဆိုင်။ ရန်ကုန်မှာ နေချင်လို့။ ဘာရရဆိုပြီး လျှောက်လိုက်လို့။ ဆယ်တန်းA မှတ်နဲ့ မှီတဲ့ဘာသာ ဖြစ်လို့။ သည်တော့ သူက စာသင်နှစ်တွေကို သာမန်ပဲ ဖြတ်သန်းသွားခဲ့ရာ သူ့ဘာသာရပ်မှာပင် သူက သာမန်။ ဘာ Skill မှ မရှိ။

တကယ်တော့ သူ့လိုလူစားတွေက A များကြီး ဖြစ်ပါသည်။ သူများတွေလို ဘွဲ့တစ်ခုခုရမှပဲ ဆိုကာ ဘွဲ့တစ်ခုခုA တွက် ကျောင်းရောက်လာသည်။ ထိုဘာသာရပ်ကို စိတ်မဝင်စား။ သည်တော့ သူတို့ တက်ရောက်သွားခဲ့သော ပညာရပ်နယ်ပယ်မှာ ဘာ Skill မှ မရှိ။ သူများ LCCI ဆိုတော့ ကိုယ်လည်း လိုက် LCCI ၏။ သူများ ကွန်ပျူတာဆိုတော့ ကိုယ်လည်း လိုက်ကွန်ပျူတာ၏။ သူများ MBA ဆိုတော့ ကိုယ်လည်း လိုက် MBA ၏။ သူများ Chinese Language ဆိုတော့ ကိုယ်လည်း လိုက် Chinese Language ၏။ စိတ်A ာရုံထဲမှာ သည်ပညာရပ်တွေA ပေါ် နည်းနည်းမှ မတိမ်းညွတ်။ မတိမ်းညွတ်တော့ မနှစ်မြှုပ်။ မနှစ်မြှုပ်တော့ ဘာ Skill မှ မရ။ ဘာ Skill မှ မရှိသူက

ဘယ်လို အသက်မွေးဝမ်းကျောင်းမလဲ။ ဘယ်လို Professional ဖြစ်မလဲ။ ဘယ်လို ဈေးကွက်ဝင်နိုင်မှာလဲ။

ဘယ်သူမပြု မိမိမှု ကိစ္စ။

-သုံး-

၁၉၉၀ နီးနီး နှစ်တွေမှစကာ ကမ္ဘာပေါ်မှာ ဈေးကွက်ဆိုသော စကား လွှမ်းမိုးသွားပါသည်။

တရုတ်ခေါင်းဆောင်ကြီး တိန်ရှောက်ဖိန်က To get rich is glorious ဆိုသော စကားကို သမိုင်းဝင် ပြောခဲ့၏။ ချမ်းသာတာ ဂုဏ်တဲ့။ ၁၉၈၉ ၌ ဘာလင်တံတိုင်းပြိုကာ အရှေ့အနောက် ဂျာမနီပေါင်းစည်း၏။ ၁၉၉၁ တွင် ဆိုဗီယက်ယူနီယံ ဇာတ်သိမ်း၏။ နောက်တော့ ချက်ကိုစလိုဗက်ဆိုတာ မရှိတော့။ ကမ္ဘောဒီးယားကလည်း ဈေးကွက်။ ဗီယက်နမ်ကလည်း ဈေးကွက်။ လာအိုကလည်း ဈေးကွက်။

သည်တော့ ကျွန်တော်တို့ဆီက လူငယ်တွေ ဈေးကွက်နှင့်အတူ ပါဝင်လည်ပတ် မောင်းနှင်ချင်ကြတာ ဘာမှ မဆန်းကြယ်လှပါ။ သို့သော် သူတို့ နားလည်နေတာက အထည်အလိပ်တွေ၊ စားသောက်ကုန်တွေ၊ အိမ်သုံးဆေးဝါးတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ၊ အလှကုန်တွေကို ရောင်းကြ ဝယ်ကြ၊ ရောင်းတတ် ဝယ်တတ်တာကိုမှ ဈေးကွက်ဟု ထင်နေကြပုံရပါသည်။

လူကိုလည်း ဈေးကွက်ဝင်အောင် လုပ်လို့ရတာ၊ လုပ်သင့်တာကို မသိမှာ၊ ဒါမှမဟုတ် မေ့လျော့နေမှာကို ကျွန်တော်က စိုးရိမ်မိခြင်း ဖြစ်ပါသည်။ လူသားအရင်းအမြစ် Human Resources ဆိုသော စကား။ ဘာသယံဇာတမှ မရှိဘဲ လူကို ဈေးကွက်ဝင်လူသားဖြစ်အောင် လုပ်နေသော စင်္ကာပူနိုင်ငံက အထင်အရှား ဖြစ်ပါသည်။ သင့်ကိုယ်သင် ဈေးကွက်ဝင်အောင် လုပ်တယ်ဆိုတာက သင့်မှာ Skill တစ်ခုခုရအောင် လုပ်ခြင်းပဲ ဖြစ်ပါသည်။

-လေး-

Skill တစ်ခုခု ရဖို့အတွက်ကတော့ Formal Education တဲ့။ Informal Education တဲ့။

ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပညာရေး နှစ်နေရာကနေ ကျွန်တော်တို့ ရနိုင်ပါသည်။

အောင်မြင်သော စာရေးဆရာတစ်ယောက်ဖြစ်ဖို့ သင် ဘယ်လောက် နှံ့နှံ့စပ်စပ် ဖတ်ထားသလဲ။ ဝါကျ ဘယ်နှစ်ထောင်၊ ဘယ်နှစ်သောင်း သင် လေ့ကျင့်ရေးသားထားခဲ့ပြီးပြီလဲ။ သင့်စကားပြေ လှတာ၊ မလှတာ အဲဒါ သင့် Skill ပဲ ဖြစ်ပါသည်။

နိုင်ငံတကာ သတင်းဂျာနယ်တစ်ခုမှာ သင်က စာနယ်ဇင်းသမား လုပ်မယ် ဆိုပါစို့။ ခေတ်ဟောင်းရာဇဝင်ကို သင်ဘယ်လောက် ခြုံငုံမိသလဲ။ ခေတ်သစ်ရာဇဝင်ကိုရော သင်ဘယ်လောက် နှံ့စပ်သလဲ။ လက်ရှိဖြစ်ရပ် Current Affairs တွေနဲ့ရော သင် မျက်ခြည်မပြတ် ရှိပါစ။ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ လုပ်ရပ်တွေ၊ အဲဒါတွေနဲ့ ကျွမ်းဝင်ခြင်း၊ မကျွမ်းဝင်ခြင်းကပဲ သင့် Skill ဖြစ်ပါသည်။

သင်သည် ကာတွန်းဆရာတစ်ယောက် (သို့မဟုတ်) ပန်းချီဆရာတစ်ယောက် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ကွန်ပျူတာ Keyboard ပေါ်မှာ လက်တင်ထားသူ၊ မော်တော်ကားအင်ဂျင်ကို နှိုက်နေသူ၊ အင်္ဂလိပ်ဘာသာစကား သင်ကြားပေးနေသူ၊ ရေပိုက်ဆက်သူ၊ လျှပ်စစ်မီးကြိုး သွယ်တန်းသူ၊ တေးသီချင်း ဖွဲ့စပ်သူ၊ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ၊ ရူပဗေဒ သင်ကြားသူ ဖြစ်နိုင်ပါသည်။ သမိုင်းပညာရှင်၊ မိတ်ကပ်လူးသူ၊ ဒီဇိုင်နာ၊ ဆရာဝန်၊ အင်ဂျင်နီယာ အကုန်ဖြစ်နိုင်ပါသည်။ အဲဒါတွေအားလုံးက လူ့အရင်းအမြစ် Human Resources များ ဖြစ်ကြရာ သက်ဆိုင်ရာနယ်ပယ်မှာ Skill တစ်ခုခု ရနေဖို့က ကိုယ့်ကိစ္စဖြစ်ပါသည်။

-ငါး-

Skillful Person ဆိုတာက ကျွမ်းကျင်မှု တစ်ခုခုရှိနေသော လူကို ခေါ်ခြင်း ဖြစ်ပါသည်။ Skill တစ်ခုခု ရှိနေသော လူမှန်သမျှ ဈေးကွက်ဝင်ပါသည်။ ဈေးကွက်ဝင်လျှင် Professional ဖြစ်ပါသည်။ အသက်မွေး ဝမ်းကျောင်းနိုင်သော သူ။

သည်တော့ သင် ဈေးကွက်ဝင် မဝင်ဆိုသော ကိစ္စက သင့် Skill နှင့် ဆိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် တစ်ခုခု ဆိုတာက ရေရှည်မှာ အလုပ်မဖြစ်နိုင်ပါ။

သင့်မှာ ဘာ Skill ရှိသလဲ။

သင်က ဟင့်အင်း ခဲ့၍ လောကကြီးက သင့်ကို ပြန်ပြီး ဟင့်အင်း လိုက်ခြင်းသည် သင်နှင့်ထိုက်တန်သော အဖြေပဲ ဖြစ်ပါသည်။

*ECOVISION JOURNAL*
*MAY 28, 2008*

MMCYBERMEDIA COMMUNITY FOR ALL

## မေတ္တာအမှတ်တံဆိပ်၏ ပင်ရင်းဌာန

-တစ်-

Love starts at home.

"မေတ္တာတရားက အိမ်မှာ နိဒါန်းစတယ်" တဲ့။

၁၉၇၉ ၏ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် မဟာကရုဏာရှင် မာသာထရီဆာ (Mother Teresa) ၏ စကားပဲ ဖြစ်ပါသည်။ မိသားစုဘဝနှင့် မေတ္တာတရား။ အမေတို့ အဖေတို့၊ သမီးတို့ သားတို့နှင့် ဖွဲ့စည်းအပ်သည့် လူ့အဖွဲ့အစည်း၏ အသေးဆုံးယူနစ်ဖြစ်သော မိသားစုအတွင်းမှာမှ မေတ္တာဓာတ်တွေ ခန်းခြောက်နေခဲ့ပြီဆိုလျှင် သည်လူတွေကြောင့် လူ့အဖွဲ့အစည်းသည် မစိမ်းလန်းနိုင်တော့။ မငြိမ်းချမ်းနိုင်တော့။ လူ့အဖွဲ့အစည်းကို သွေးတွေ၊ မျက်ရည်တွေ၊ ရက်စက်ယုတ်မာမှုတွေနှင့် လောင်မြိုက်အောင် လုပ်တတ်သူတို့၏ ငယ်ဘဝစာမျက်နှာများကို ပြန်လှည့်၍ လှန်လှောကြည့်သောအခါ မေတ္တာခေါင်းပါးသည့် အသိုင်းအဝိုင်း၌ နေခဲ့ကြရလေ့ရှိကြောင်း တွေ့နိုင်ပါသည်။ လူငယ်ဘဝ မေတ္တာတရားနှင့် စိတ်ပိုင်းလုံခြုံမှု နေ့ရက်များ။

-နှစ်-

အဒေါ့ဖ် ဟစ်တလာ (Adolf Hitler) ဟူသည့်A မည်ကို လူA များစု ကြားဖူးကြပါသည်။ ဩစတြီးယားဇာတိ၊ နာဇီပါတီ ဂျာမနီ၏ ခေါင်းဆောင်။ A ာဏာရှင်။ ဂျူးလူမျိုးတို့ကို သန်းနှင့်ချီ၍ သုတ်သင်သတ်ဖြတ်ခဲ့သော မျိုးဖြုတ်လူသတ်သမား။ နောက်ဆုံး မိမိကိုယ်မိမိ သတ်သေခြင်းဖြင့် ဘဝနိဂုံး ချုပ်ခဲ့ရသူ။ သူ့ငယ်ဘဝတွေက မလှပခဲ့ပါ။

ဟစ်တလာ၏ A ဘိုးက ကျုပန်းA လုပ်သမား ဖြစ်ပါသည်။ သည်A ဘိုးက A ဖေမပေါ်ဘဲ ကလေးတစ်ယောက် ရဖူးသည့် လယ်သူမလေးတစ်ယောက်နှင့် ညားရာ A လွိုက်စ်ဆိုသော သားတစ်ယောက် ပါလာပါသည်။ A လွိုက်စ်က A ိမ်ထောင်သုံးဆက်။ ပထမA ိမ်ထောင်က ဆုံးသည်။ ဒုတိယA ိမ်ထောင်ကလည်း A ဖေမပေါ်သည့် သားတစ်ယောက် ပါလာသည့် A ိမ်ထောင်ဖြစ်ပြီး ထိုဇနီးကလည်း ဆုံးပြန်သည်။ ထို့နောက် တတိယဇနီးသည်က လာရာ။ ဟစ်တလာ့ကို A ဖေမပေါ်သည့်သား A လွိုက်စ်နှင့် လာရာတို့က မွေးခြင်းဖြစ်ပါသည်။

A လွိုက်စ်ကို ဘုကျ၊ ကြမ်းတမ်း၊ စိတ်တို၊ A လိုမကျ စသည်ဖြင့် ပုံဖော်ကြပါသည်။ ကျောင်းစာညံ့ဖျင်းသော ဟစ်တလာနှင့် ဖခင်A လွိုက်စ်မှာ A မြဲတမ်း ကတောက်ကဆတ်။ ထို့နောက် ဟစ်တလာသည် ကျောင်းကလည်းထွက်ရ၊ ဖခင်လည်း ကွယ်လွန်။ မလှပသည့် ငယ်ဘဝပုံရိပ်များ။ ဟစ်တလာကို ရာဇဝင်လူဆိုးA ဖြစ် ရက်စက်သော နှလုံးသားပိုင်ရှင်

ဖြစ်လာအောင် တွန်းပို့ရာ၌ အချက်အလက် တစ်ခုမကရှိနိုင်သော်လည်း မလှပသော မိသားစုထဲက ငယ်ဘဝ ဆိုသည်ကလည်း တစ်ချက်ပါဝင်နေမည် ဆိုသည်ကတော့ အသေအချာ ဖြစ်ပါသည်။

-သုံး-

အမေရိကန်၏ ၃၅ ဦးမြောက် သမ္မတ ကနေဒီ (Kennedy, JF) ကို ရိုင်ဖယ်သေနတ်ဖြင့် ချောင်းမြောင်းလုပ်ကြံခဲ့သော လီဟာဗေးအော့စ်ဝဲလ် ဆိုသူ၏ ငယ်ဘဝကို ကြည့်တော့လည်း သည်အတိုင်းပဲ ဖြစ်ပါသည်။

မိခင်က ယောကျ်ားသုံးဆက်။ သူက တတိယယောကျ်ားနှင့် မွေးသည့်သား။ ဖခင်ကို သူမမြင်ဖူးလိုက်။ သူ့မမွေးခင် လပိုင်းအလိုကလေးမှာ နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့သူ ဖြစ်ရာ လီဟာဗေးအော့စ်ဝဲလ်သည် ဖတဆိုး။ မိခင်က သားကို ဘယ်သောအခါကမှ မဆုံးမသော မိခင်တဲ့။ ကြမ်းကြမ်းရိုင်းရိုင်းကြီးတဲ့။ ဘယ်သူ့ကိုမှလည်း မချစ်တတ်သော မိခင်တဲ့။ သည်တော့ လီဟာဗေးအော့စ်ဝဲလ်တစ်ယောက် မေတ္တာငတ်စွာ ကလေးဘဝကို ဖြတ်သန်းခဲ့ရသည်။ ဆင်းရဲမွဲတေစွာ၊ အထီးကျန်စွာနှင့် လူတို့၏ အပစ်ပယ်ခံကာ အရွယ်ရောက်လာခဲ့ရသည်။ မိန်းကလေးတွေက သူ့ကို စိတ်မဝင်စား။ ကမ်းတက်တပ်ထဲ ဝင်ရောက်အမှုထမ်းပြန်တော့ အထုတ်ခံရ။ အလေအလွင့် မိန်းမတစ်ယောက်နှင့် အိမ်ထောင်ကျပြန်တော့ အိမ်ထောင်ရေးက အဆင်မပြေ။

၁၉၆၃၊ နိုဝင်ဘာလ ၂၃ ရက်နေ့၊ နေ့လည်ခင်း ၁၂ နာရီကျော်ကျော်တွင် အသင့်ရှိနေသော ရိုင်ဖယ်ကို လှမ်းဆွဲကာ သမ္မတကားတန်းထဲ ပစ်လိုက်ရာက ဂျေအက်ဖ်ကနေဒီ အနိစ္စရောက်ခဲ့ရသော အမှု၌ ထိုသေနတ်သမား လီဟာဗေးအော့စ်ဝဲလ်၏ ငယ်ဘဝအရိပ်တွေ အများကြီးပါကြောင်း စိတ်ပညာရှင်တွေက သုံးသပ်ကြသည်။ သူ့ဘဝကို မကျေနပ်။ သူ့ဘဝကို မရွှင်ပျော်။ သူ ဘယ်သူ့အချစ်ကိုမှ မခံရ။ ဘယ်သူ့ကိုမှလည်း သူမချစ်။ မေတ္တာတရားခေါင်းပါးတဲ့ မြေပြင်မှာ ပွင့်လာတဲ့ အရိုင်းပန်း။

-လေး-

သည်ဘက်နှစ်တွေထဲမှာ အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန် (Sad-dam Hussein) အကြောင်းက လူသိများပါသည်။ ဘဂ္ဂဒက် (Baghdad) မြောက်ပိုင်း တိုင်းဂရစ် (Tigris) မြစ်ပေါ်က တီကရစ် (Tikrit) မြို့နှင့် မလှမ်းမကမ်း ရွာကလေးတစ်ရွာမှာ မွေးဖွားခဲ့သည့် သူ။ ဆင်းရဲသော လယ်သမားမိသားစုသည် သူ့မိသားစု။

သူ့အဖေကို မမြင်ဖူးလိုက်။ အမေက သူ့ကို ကိုယ်ဝန်လွယ်ထားရစဉ်မှာပင် အဖေဆုံးသည်။ နောက်တော့ ပထွေးလက်ထဲက နေ့ရက်များ။ ပထွေးက သူကျောင်းသွားဖို့ ပြင်ဆင်တာကို တားသူဖြစ်ပါသည်။ စာမသင်ရတဲ့။ တစ်ခါတလေ လယ်တောနီးစပ်ခြံတွေထဲက ကြက်သွားခိုးဖို့ ခိုင်းစေတတ်သေးသည်။ ကြက်တစ်ကောင် ပါမလာဘဲ အိမ်ပြန်မလာရ။ ညအမှောင်ထဲမှာ ကြက်ခိုးဖို့ လယ်ကွက်တွေထဲ ဖြတ်သွားနေရတဲ့ ကလေးငယ်တစ်ယောက်။ နောက်တော့ သူက

အိမ်ပြေးကလေး။ အိမ်ပြန်လာတော့လည်း စောင့်ဆိုင်းနေသည်က ပထွေး၏ ခက်ထန်ကြမ်းတမ်းသည့် ဆက်ဆံမှုများ။ နောက်တော့ ဟိုဦးလေးအိမ် ကပ်နေ၊ သည်ဦးလေးအိမ် ကပ်နေ။ မလုံခြုံသည့် နေ့ရက်များ။

သို့ဖြင့် အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန် ဘဝတွင်ကား သူ ဘယ်သူ့ကိုမှ မယုံတော့။ တစ်နေရာတည်းမှာ သူမအိပ်။ ဟိုသွားသည်လာတွေမှာ ပုံတူကိုယ်ပွားတွေကို လွှတ်သည်။ ပုဂ္ဂိုလ်ရေးပေးစာကိုပင် မိတ္တူကူးပြီးမှ ကိုင်ဖတ်သည်။ သမက်ကအစ သတ်ပစ်သူဖြစ်ရာ Dujail မြို့မှာ လူ ၁၄၈ ကျော်ကို အစုလိုက် အပြုံလိုက် သတ်ပစ်တာမျိုးသည် သူ့အတွက်မဆန်း။ သူ့အတွက် နောက်ဆုံးဇာတ်ဝင်ခန်းက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်။ ဘဂ္ဂဒက်အကျဉ်းထောင်ထဲက ကြိုးမိန့်။

-ငါး-

ဆိုးရွားသော ဇာတ်သိမ်းများနှင့် ကြမ်းတမ်း၊ ခက်ထန်၊ ရက်စက်၊ ယုတ်ညံ့လှစွာ ဘဝကို ဖြတ်သန်းသွားကြသူတို့၏ ချာတိတ်အရွယ် နေ့ရက်များကို စေ့ငုကြည့်သောအခါ မေတ္တာနှင့်ဝေးသည့် ပတ်ဝန်းကျင်တွေ ဖြစ်နေသည်ကို သတိထားမိပါသည်။ သည်လူတွေမှာ ဘဝဟူသည် မလုံခြုံတတ်ကြ၊ မစိမ်းလန်းတတ်ကြ၊ မရွှင်မြူးတတ်ကြ၊ မပျော်ပါးတတ်ကြ။

ဒါကြောင့်လားမသိ။ သူတို့က လောကကို အရုပ်ဆိုးအောင် ဖန်တီးတတ်ကြမြဲ ဖြစ်ပါသည်။ Love starts at home. "မေတ္တာတရားက အိမ်မှာ နိဒါန်းစတယ်" ဆိုသည့် စကားအတိုင်း မေတ္တာလွှမ်းသော မိသားစုဖြစ်ရန် အရေးကြီးလှပါသည်။ အထူးသဖြင့် လူငယ်ဘဝကို မေတ္တာနှင့် ဝန်းရံထားရန် လိုအပ်ပါသည်။ အဖေ အမေလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အဘိုး အဘွားလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဦးဦး ဒေါ်ဒေါ် ရပ်မိရပ်ဖ ဆရာ ဆရာမ မည်သူမဆို ဖြစ်နိုင်ပါသည်။ မေတ္တာပေးဖို့ အရင်းအနှီး ကြီးကြီးမားမား ဘာမှမလိုအပ်သော ကိစ္စဖြစ်ရာ မေတ္တာနဲ့ အိမ်မှာ စလိုက်ကြပါစို့ရဲ့လား။

*ခေတ်ပြတိုက်*
*၂၀၁၀*

## အပင်ကို ပျိုးတာလား အညွန့်ကို ချိုးတာလား

-တစ်-

တစ်ခါက နှစ်မိုင် မရှိတရှိ ရှည်လျားသည့် ကတ္တရာလမ်းမပေါ်မှာ မိန်းကလေးတစ်ယောက် ဒဏ်ရာအနာတရတွေဖြင့် လျှောက်လှမ်းနေခဲ့ဖူးပါသည်။ ပါးပြင်ပေါ်မှာ မျက်ရည်ပေါက်ကြီးတွေက တစ်ပေါက်ချင်း တစ်ပေါက်ချင်း လိမ့်ကျလို့။ မချိမဆန့် လိမ်းကျံလာခဲ့ပုံရသည့် သနပ်ခါးတွေက မျက်ရည်ပေါက်တွေကြားမှာ ကွက်တိကွက်ကြား။ လွယ်အိတ်ကို မနိုင်မနင်းလွယ်ကာ မလှမ်းချင့်လှမ်းချင် လှမ်းနေရှာသည့် သည်သမီးငယ်ကလေးရဲ့ ခြေလှမ်းတွေဟာ ဘယ်လောက်များ နာကျင်နေခဲ့ရှာလေမလဲ။ ဟုတ်ပါတယ်။ ၇ တန်းကျောင်းသူ အရွယ်ဆိုတော့ သမီးငယ်လေးပဲပေါ့။ သည်သမီးငယ်လေးကို ပြစ်ဒဏ်ချမှတ်လိုက်သူတွေက သူ့မိဘနှစ်ပါးတဲ့။ အော်... ရက်စက်လွန်းရာ ကျမနေဘူးလား။

-နှစ်-

ပြစ်ဒဏ်ချမှတ်လိုက်ရခြင်းက လပတ်စာမေးပွဲတွင် အမှတ်နည်းသွားမှု၊ အဆင့် နိမ့်ကျသွားမှုတို့ကြောင့်ဟု ဆိုပါသည်။ သည်သမီးလေးက စာမေးပွဲတိုင်းတွင် အမြဲ အဆင့် ၁။ သို့သော် သည်တစ်ပတ်မှာ အမှတ်ကလေး နည်းနည်းလျော့သွားပြီး အဆင့်ကျသွားခဲ့ရာ အဆင့် ၂ သို့မဟုတ် ၃ တစ်ခုခု။ ဒါကို ညံ့သွားရကောင်းလားဟု ဆိုကာ မိဘတို့က သမီးငယ်ကို အပြစ်ပေးခြင်း ဖြစ်ပါသည်။

ပြစ်ဒဏ်က တစ်ပတ်ကြာသော ပြစ်ဒဏ်။ တစ်ပတ်တိတိ မုန့်ဖိုးကို ရပ်ဆိုင်းပစ်လိုက်ပါသည်။ ထို့ပြင် ဖခင်က ဆိုင်ကယ်ဖြင့် အကြိုအပို့ လုပ်ပေးနေခြင်းကိုလည်း တစ်ပတ် ရပ်ဆိုင်းပစ်လိုက်ပါသည်။ အသွားအပြန် ခြေလျင်။

သည်လမ်းပေါ်၌ ခြေလျင် သို့မဟုတ် စက်ဘီးဖြင့် ကျောင်းတက်သူတွေ အထိုက်အလျောက် ရှိပါသည်။ သို့သော် ကျောင်းနှင့် မလှမ်းမကမ်းက သူတွေသာ များပါသည်။ ပြစ်ဒဏ်ကျသူ သမီးငယ်ကလေးလောက် ဝေးသောသူများကမူ ခြေလျင်လျှောက်သူ မရှိသလောက်ကို ဖြစ်ပါသည်။ ခုတော့ သည်သမီးငယ်ကလေး တစ်ယောက်သာ ခြေလျင်လျှောက်လို့။

စာဖွဲ့လောက်အောင် ကွာလှမ်းလွန်းသည့် ခရီးမဟုတ်သော်လည်း လူတို့၏ စူးစမ်းသော၊ ထို့ပြင် ထူးဆန်းသော အကြည့်တွေအောက်မှာ ထိုသမီးငယ် နာကျင်နေခဲ့ပုံ ရပါသည်။ ဘာကြောင့် ခြေလျင်လျှောက်နေရတာပါလိမ့်။

အော်… အဆင့်ကျသွားလို့တဲ့။ သူ့မေမေတို့ ဖေဖေတို့အပေါ် ရက်စက်သူဟူသော တံဆိပ်ကိုများ နာကြည်းစွာ ရေးကပ်ခဲ့လေပြီလား မသိ။ လမ်းပေါ်မှာ တစ်ပတ်တိတိ အရှက်ကြီးရှက်ကာ ခေါင်းအငုံ့ကြီး ငုံ့နေခဲ့ရရှာသော သည်သမီးငယ်ကလေးသည် နောက်လေးငါးခြောက်နှစ် ခုနစ်နှစ်ကြာသောအခါ ဘဝအဖြေ ထွက်သွားပါသည်။ သာမန်ထက် နည်းနည်းလေးစွန်းသော လူတစ်ယောက်အဖြစ်နှင့်သာ ဘဝကို ကျေနပ်လိုက်ရခြင်း ဖြစ်ပါသည်။

သူ့စိတ်ဓာတ်ကို ကျိုးကြေအောင် လုပ်လိုက်တာက သူ့ဖေဖေနှင့် သူ့မေမေကိုယ်တိုင်ပဲ ဖြစ်ပါသည်။

-သုံး-

ဆရာကြီးရွှေဥဒေါင်း၏ စာပေလက်ရာများထဲတွင် “တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ” စာအုပ်ကြီးမှာ အလွန်ထင်ရှားပါသည်။ သည်စာအုပ်ကြီး တစ်နေရာ၌ ကလေးသူငယ်တို့၏ စိတ်ကိုဖွဲ့သော အဖွဲ့တစ်ခု ပါဝင်ပါသည်။ ကလေးပင် ဖြစ်စေကာမူ မိမိကိုယ်မိမိ လေးစားသောစိတ် Self-respect ရှိသည်ဟု ဆိုပါသည်။

ဆရာကြီးရွှေဥဒေါင်း ငယ်ငယ် လူပျိုပေါက်ကလေးဘဝက အချစ်ရေးအချစ်ရာကိစ္စ စိတ်ဝင်စားစပြုလာရာ အကဲဆတ်သူ ဖခင်က ဒါကို အပြစ်ပေးပါသည်။ ဦးစွာ ဆရာကြီးရွှေဥဒေါင်းကို ကတုံးတုံးပေးသည်။ ထို့နောက် တိုင်တွင် ကြိုးနှင့်တုပ်ကာ ကိုယ်လုံးတီးချွတ်ထားသည်။ ထို့နောက် လမ်းသွားလမ်းလာများရှေ့တွင် ရိုက်နှက်ပါသည်။ သည်အဖြစ်အပျက်ကို နောင်ပြန်လည်သုံးသပ်သောအခါ မိမိတွင် အငုံ့စိတ် (inferiority complex) ဝင်သွားခဲ့ရသည်ဟု ဆိုပါသည်။ ကလေး၏ မိမိကိုယ်မိမိ လေးစားသောစိတ် Self-respect ကို ဖျက်ပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ စိတ်အညွန့်ကို ချိုးပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ လူပုံအလယ်၌ အရှက်တကွဲ အကျိုးနည်း ဖြစ်စေခြင်းဖြင့် အပြစ်ပေးခြင်းသည် မှားကြောင်း ဆရာကြီးရွှေဥဒေါင်းက သုံးသပ်ထားခဲ့ခြင်းပင် ဖြစ်ပါသည်။

-လေး-

အသိဉာဏ်တွေ၊ ဘဝအတွေ့အကြုံတွေ များပြားလှပါသည်ဆိုသော လူကြီးတွေပင်လျှင် မသိ၍မှားကြ၊ တစ်ခါတစ်ရံ သိလျက်နှင့် ဖွတ်တိုးမှားကြသော လောကထဲ၌ သားငယ် သမီးငယ် အရွယ်ကလေးတို့ အမှားအယွင်းတွေ လုပ်မိကြ၊ လမ်းချော်ကြတာမျိုး ရှိသည်မှာ မဆန်းသောကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် ပါးရည်နပ်ရည်ရှိစွာဖြင့် ပြုပြင်ကြဖို့ပဲ ဖြစ်ပါသည်။ ဒါကို ကမ္ဘာ့အံ့သြဖွယ်ရာ ရောမအပြစ်ကြီးအဖြစ် ထင်မှတ်ပြီး မတန်တဆ ပြစ်ဒဏ်ကြီးတွေချလျက် စိတ်ကို အညွန့်ချိုးခြင်းမှာ အမှားပင်ဖြစ်ပါသည်။

လပတ်စာမေးပွဲ အမှတ်နည်းသွားခြင်းကြောင့် ကတ္တရာလမ်းပေါ် ကျောင်းသွားကျောင်းပြန် ခြေလျင်လျှောက်ခိုင်းထားသော သမီးငယ်ကလေး၌ မိမိကိုယ်မိမိ လေးစားသောစိတ် ရှိသကဲ့သို့ ဆံပင်ကို ကွက်ကျားရိတ်ကာ သစ်ပင်၌ ကြိုးချည်ခံထားရသော ကလေး၌လည်း ကိုယ့်ကိုယ်ကို လေးစားသောစိတ် ရှိပါသည်။ စာသင်ခုံပေါ်၌ မတ်တပ်ရပ်ကာ လက်မြှောက်နေရသော

ကျောင်းသားလူငယ်၌ သူ့ကိုယ်သူ လေးစားသောစိတ် ရှိသလို အတန်းဖော်သူငယ်ချင်းများ၏ ရှေ့၌ နားရွက်ဆွဲကာ ထိုင်ထလုပ်နေရသော အတန်အသင့် အရွယ်ရောက်ပြီးဖြစ်သည့် လူငယ်တစ်ယောက်၌လည်း မိမိကိုယ်မိမိ လေးစားသောစိတ် ရှိပါသည်။

ထို Self-respect များကို ချိုးဖျက်ကာ အရှက်ခွဲသောနည်းဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ ထိုလူငယ်ကို ဆွံ့သွား၊ တုန့်သွား၊ နုံချာသွား၊ မျက်နှာမဖော်ရဲအောင် ညှိုးငယ်သွားစေဖို့ ညှင်းပန်းသည်နှင့် တူပါသည်။ မလိုအပ်သော ဆိုးကျိုးများအဖြစ် မိဘ သို့မဟုတ် ဆရာ ဆရာမကို နာကျည်းသွားတာမျိုး၊ သူ့ဘဝကို သူ ထင်ရာစိုင်းပစ်လိုက်တာမျိုးအထိ ရောက်သွားနိုင်ပါသည်။

ဆရာကြီးရွှေဥဒေါင်းက သူ့စိတ်ကိုသူ စောင့်ကြည့်တတ်သူဖြစ်သဖြင့် သူ့အငုံ့စိတ် (inferiority complex) ကို သူသတိထားမိကာ ပြန်လည်ပြုပြင်ခဲ့သူ ဖြစ်ပါသည်။ ကျွန်တော်တို့၏ သားငယ် သမီးငယ်များမှာမူ ရွှေဥဒေါင်းများ မဟုတ်ကြပါ။ ဘဝတွေ ကျိုးကြေသွားနိုင်ပါသည်။

လပတ်စာမေးပွဲတွင် အဆင့်ကျသွား၍ သမီးငယ်ကို တစ်ပတ် ခြေလျင်သွားခိုင်းခဲ့သော မိဘနှစ်ပါးက သူတို့ရင်သွေးကို သူတို့ ပြုပြင်လိုက်တာဟု ထင်ကောင်းထင်နိုင်ပါသည်။ အမှန်က ဖျက်ဆီးလိုက်ခြင်း ဖြစ်ပါသည်။ စိတ်မှာ ဒဏ်ရာရအောင် လုပ်လိုက်သော မိဘ၊ ဆရာသမားလောက် အပြစ်ကြီးသူ လောက၌ မရှိပါပြီ။

*စိတ်ကူးချိုချို*
*၂၀၁၀*

## မာသာထရီဆာရဲ့ ကရုဏာလမ်းများပေါ်မှာ

-တစ်-

ခရစ်ယာန်သာသနာ၌ နေရောင်၊ လရောင်၊ ကြယ်ရောင်သိန်းသန်းနှင့်အပြိုင် တောက်ပထွန်းလင်းနေသည့် လူသား မီးရှူးတန်ဆောင်ကြီး တစ်ပွင့်ရှိပါသည်။ ဒါကတော့ ကမ္ဘာ့သိမဟာကရုဏာရှင်မကြီး မာသာထရီဆာ (Mother Teresa) ပဲ ဖြစ်ပါသည်။ ကိုယ့်မိ၊ ကိုယ့်ဖ၊ ကိုယ့်ဆွေမျိုးရင်းချာတို့အား ပြုစုစောင့်ရှောက်ရမှုများ၌ပင်လျှင် တစ်ခါတလေ၌ ငြီးငြင်တတ်၊ စိတ်မရှည်တတ်သော ဤကမ္ဘာမြေပေါ်၌ အကြွင်းမဲ့ကရုဏာနှင့် အကြွင်းမဲ့ မေတ္တာတော်အနန္တကို ပေးအပ်ကာ ယုယထွေးပိုက် စောင့်ရှောက်သွားခဲ့သော မာသာထရီဆာ၏ အမှတ်တံဆိပ်က မမေ့တတ်သော လူထု၏ရင်ထဲမှာ ထင်းထင်းကြီးဖြစ်ပါသည်။

၁၉၁၀၊ ဩဂုတ် ၂၇ မွေး။ ၁၉၉၇၊ စက်တင်ဘာ ၆ ရက် အနိစ္စရောက်သူ ဖြစ်သဖြင့် ကမ္ဘာပေါ်မှာ ၈၇ နှစ်တိုင်တိုင် နေထိုင်သွားခဲ့သော မာသာထရီဆာ။ ယူဂိုဆလပ်နိုင်ငံ စကော့ပ်ယီမြို့သူ အယ်လ်ဘေးနီးယား အမျိုးသမီး မာသာထရီဆာ။ ငယ်နာမည် အဂ္ဂနက် (Agnes)၊ မျက်လုံးနက်နက်၊ လူကောင်သေးသေးနှင့် ၁၉၇၉ ၏ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မာသာထရီဆာ။ လွတ်လပ်ရေးမရမီ Aိန္ဒိယ၏ ကိုးလ်ကတ္တားမြို့မှ A ခြေစကာ ကမ္ဘာတစ်ဝှမ်း၌ ဒုက္ခသည်စခန်း ၅၀၀ ကျော်ဖွင့်ပြီး A နူတွေ၊ A ရွဲတွေ၊ A ငတ်တွေ၊ မိဘမဲ့တွေ၊ မိဘစွန့်ပစ်တွေ၊ ေA Aိုင်ဒီA ကစ်တွေ၊ A နာတွေ၊ ပြည်တွေ၊ ယင်ကောင်တွေ၊ သွေးတွေ၊ ညည်းသံတွေ၊ ညူသံတွေကြားမှာ ဘဝကို ထိုးကျွေးသွားခဲ့သူ မာသာထရီဆာ။ လူဟာ လူလို ဂုဏ်သိက္ခာရှိရှိနဲ့ နေခွင့်၊ သေခွင့်ရှိပါတယ် ဆိုလေသူ မာသာထရီဆာ။

သည်လို A မျိုးသမီးတစ်ယောက်ကို ကမ္ဘာက ရှားတောင့်ရှားပါး ရရှိခဲ့ဖူးလိုက်တာ ကံကြီးလွန်းတယ်လို့ပဲ ကောက်ချက်ချရလေမလား။ ကျွန်တော် မပြောတတ်နိုင်ပါလေတော့။

-နှစ်-

ကျွန်တော်တို့၏ လူမှုဘဝဝန်းကျင်၌ သီလရှင်ဆရာကလေးတွေ ရှိကြပါသည်။ A ဘးမနာစတမ်းပြောရလျှင် ကျွန်တော်တို့က သီလရှင်ဆိုသည်နှင့် ဆွမ်းဆန်စိမ်း လိုက်A လှူခံသည်ထက် ပိုပြီး A နက်A မိပ္ပာယ်ဖွင့်လေ့ မရှိပါ။

သို့သော် လွန်ခဲ့သည့် သုံးလေးနှစ်လောက်ကလား မသိ၊ ဆရာမောင်သာနိုး၏ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ပါသည်။ ကလျာမှာလား၊ မဟေသီမှာလား၊ ရုပ်ရှင်တေးကဗျာမှာလား တစ်ခုခုထဲမှာ ဆိုတာကတော့ သေချာပါသည်။ ဆရာက ပြည်မြို့ရှိ သီလရှင်ကျောင်းကလေး တစ်ကျောင်းသို့ သွားရောက်လှူဒါန်းပုံကို A ခြေခံပြီး ထိုကျောင်း၌ လောကုတ္တရာ စာပေများကိုသာမက

ခေတ်ပညာတို့ကိုလည်း သင်ကြားပေးနေပုံ၊ ခိုကိုးရာမဲ့တို့ကို ဆရာလေးတို့က ပျိုးထောင်ပြုစုပေးနေပုံများကို ကြက်သီးမွေးညင်းထစရာ ရေးပြထားခြင်း ဖြစ်ပါသည်။ ဆရာမောင်သာနိုးက မာသာထရီဆာလို ခရစ်ယာန်သီလရှင်တို့၏ ပရဟိတ လိပ်ပြာများ သည့်ထက်သည် ပိုမို၍ ကူးစက်နိုးထလာပါစေကြောင်းလည်း ဆန္ဒပြုထားပါသေးသည်။

နောက်တော့ မြန်မာ သီလရှင်ဆရာကလေးတို့၏ ပရဟိတကျောင်းကလေးများနှင့် ကျွန်တော် ထိတွေ့ခွင့် ရလာပါသည်။ မနှစ်က ၂၀၀၉ ရွှေရတနာ သီလရှင်စာသင်တိုက်။ ပရဟိတ စာရေးဆရာမ မသန်းမြင့်အောင်နှင့်အတူ ရွှေပြည်သာမြို့နယ် အစွန်အဖျားက ရွှေရတနာ သီလရှင်စာသင်တိုက်ထဲသို့ ကျွန်တော်ရောက်သွားသည်။ မိဘမဲ့နှင့် မရှိဆင်းရဲသော မြန်မာအမျိုးသမီးငယ်များကို သီလရှင်အဖြစ် ချီးမြှင့်ကာ လောကုတ္တရာ စာပေများသာမက အတန်းပညာပါ သင်ပေးနေသည့် ကျောင်းကလေး။ သည်နေရာမှာ စာရေးဆရာတွေ ဝင်ကြ၊ ထွက်ကြ။ သည်နှစ် ၂၀၁၀ ထဲမှာတော့ မနှစ်က စာသင်တိုက်နှင့် ချောင်းကလေးသာခြားသော “မြိုင်” ပရဟိတစာသင်တိုက်ထဲသို့ ရောက်သွားပြန်ပါသည်။ သည်မှာ ဓမ္မစရိယ သီလရှင်ဆရာလေး ဒေါ်သုနန္ဒာ ဦးဆောင်ကာ ပညာသင်ပေးနေသည့် ကလေးပရိသတ်ကို ကြည့်ကာ ကျွန်တော် အံ့သြသွားပါသည်။ ဆရာကြီးရွှေဥဒေါင်း၏ နာမဝိသေသနကလေး ယူပြီးသုံးရလျှင် “မယုံကြည်လောက်အောင် အံ့သြစရာကောင်းသော” ဟု ညွှန်းရမည့် စာသင်တိုက်ကလေးပဲ ဖြစ်ပါလေသည်။

-သုံး-

ထိုနေ့ ၈-၈-၂၀၁၀ က ကိုသန်းဝင်းနှင့် မစောစောမြင့် ဇနီးမောင်နှံတို့ တည်ခင်းသည့် နံနက်စာ အုန်းနို့ခေါက်ဆွဲကလည်း သားသတ်လွတ်၊ ထမင်းဟင်းကလည်း သားသတ်လွတ် ဖြစ်ပါသည်။ ကြိုက်ရာကို သုံးဆောင်။ အစွန်အဖျား ရရစားစား ရပ်ကွက်ကလေးမို့လား မသိ၊ အားရပါးရ စားနေကြသော ကလေးတွေက နည်းနည်းကလေး ညိုညိုညစ်ညစ် ရှိပါသည်။ နေရာတိုင်းမှာ “နေ” နံ့လိုလို၊ “ရွှံ့” နံ့လိုလိုက ကြီးစိုးပါသည်။ ကလေး ၄၅၀ ကျော်တဲ့။ မနည်းလှသော ပမာဏ။

“အရင်တုန်းကတော့ လေးတန်းအထိပဲပေါ့။ အခု မူလတန်းလွန် ခွင့်ပေးလိုက်ပြီဆိုတော့ ငါးတန်းအထိ လက်ခံသင်ပေးနေရတယ်”

ဆရာလေး ဒေါ်သုနန္ဒာက ကျွန်တော့်ကို စိတ်အေးလက်အေး ရှင်းပြပါသည်။ ကလေး ၄၅၀ ကျော်က သူငယ်တန်းကနေ ငါးတန်းအထိ အရွယ်စုံ။ အကုန်လုံး ကျောပိုးအိတ် အနက်ရောင်ကလေးတွေ ကိုယ်စီနဲ့။ အိတ်အပေါ်မှာ စာတန်းကလေးနှစ်ခု Save the Children တဲ့။ ကျောင်းပြင်ပညာရေး အစီအစဉ်တဲ့။ ကျောင်းအိပ်ကျောင်းစားက အယောက် ၂၀။ သီလရှင်က ၇ ပါး။ ဆရာကလေး ၁၂ ယောက်ကိုလည်း ကျပ်သုံးသောင်းစီနှင့် ခေါ်ထားပေးသည်။ အလှူရှင်တစ်ယောက်က ဆရာမလစာငွေ တစ်ယောက်နှစ်သောင်းနှုန်း လစဉ် ပေးလှူနေလေသတဲ့။

ကျောင်းအိပ်ကျောင်းစား မဟုတ်သည့် ကလေးတွေက ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အိမ်ကိုယ်ပြန်၊ ငါးတန်းအောင်ပြီးကြသော် ဟူသည့်အမေးအတွက်မူ လောလောဆယ် အဖြေမရှိသေး။

၂၀၀၉ ဇန်နဝါရီက စတင်တည်ထောင်ခဲ့သည့် သည်ကျောင်းကလေး၏ အခြေအနေကို ဓာတ်ပုံမှတ်တမ်းတွေထဲက တစ်ဆင့် ကျွန်တော်မြင်ဖူးပါသည်။ အကုန်လုံး ဝါးကြမ်းခင်း။ သည်ခနော်ခနဲ့ ကြမ်းခင်းလေးပေါ်မှာ ကလေးတွေ စာသင်ခဲ့ကြရခြင်း ဖြစ်ပါသည်။ အခုတော့ ပင်မကျောင်းဆောင်နေရာကို Foundation တော်တော်ကြီးကြီး ချထားပြီးပါပြီ။ ထုနှင့် ထည်နှင့် အုတ်မြစ်ကြီးပေါ်က ကျောင်းဆောင်ကတော့ ယာယီအနေအထား။ နားလို့ခိုလို့ ဖြစ်ရုံ။ နောင် တစ်စတစ်စ ရုပ်လုံးဖော်သွားမည့် အစီအစဉ်။

စာရေးဆရာ လေးကိုတင်က သားသတ်လွတ်နို့ခေါက်ဆွဲကို အားရပါးရ စားလို့။ ရန့်သစ်မဂ္ဂဇင်း အယ်ဒီတာ ကိုပြည်သွေးနိုင်က ထမင်းဝိုင်းမှာ။ စာရေးဆရာမ အဖြူရောင် (ရွှေ)တို့ မိသားစုက ကလေးတွေကြားထဲ လူးလာတုံ့ခေါက်။ Myanmar Fiendship Foundation (MFF) က အင်န်ဂျီအို လူငယ်တစ်ယောက်က ကလေးတွေကို တွေငေးကြည့်နေလျက်။ ဆန်အိတ်တွေ၊ အသပြာ ငွေကြေးတွေ၊ စာအုပ်စာတမ်းတွေနဲ့ ပေးလှူကြသူတို့ကလည်း ကမ္ဗည်းကျောက်သား ပြူးတူးပြဲတဲ ထိုးမထားသော သူတို့၏ အလှူအတွက် ကျေနပ်ပီတိတွေနဲ့။

လယ်တီဆရာတော်ဘုရားကတော့ "ဥတ္တမပုရိသဒီပနီ" ထဲမှာ အကျိုးတစ်ခုခုကို မျှော်ကိုးပြီး လူပုဂ္ဂိုလ်ကို အယုတ် အလတ် အမြတ်ရွေး၍ ပေးသောအလှူသည် ပါရမီမြောက်သော ဒါနမဟုတ်ဟု ဆိုပါသည်။ အခုကြည့်။ ဘယ်သူဘယ်ဝါ၊ ဘာဘာညာညာ မရွေး။ အားလုံး အစာအာဟာရ မှီဝဲပါလှည့်။ ပညာရည်နို့ သောက်စို့ပါလှည့်။

ဒါကို အခုခေတ် သီလရှင်တွေက ဦးဆောင်လုပ်ကိုင်လာကြပြီ ဖြစ်ပါသည်။

-လေး-

ထိုနေ့က အမရာဇော်က ကလေးတို့ကို တစ်ကိုယ်ရည် သန့်ရှင်းမှုအကြောင်း ဟောပါသည်။ ထိုစာရေးဆရာမက ရေဇလုံကြီးတွေ၊ ရေခွက်တွေ၊ ဆပ်ပြာခွက်တွေကအစ စားပွဲပေါ်တင်ထားကာ သရုပ်ပြဟောပြောခြင်း ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့်အလှည့်။

သည့်နောက်တွင်ကား မိုးစဲစဲ၊ ရွှံ့စပ်စပ် လမ်းကလေးထဲကနေ Save the Children ကျောပိုးအိတ်ကလေးတွေ လွယ်ကာ ထွက်ခွာသွားကြသော ကလေးအုပ်ကြီးကို ကျွန်တော် လှမ်းငေးနေမိသည်။ ဆရာကလေးကတော့ ပြုံးလို့။ သူ့ဝန်းကျင်မှာ လောကကို လက်ပိုက်ကြည့်မနေတတ်သူတွေက ဝန်းရံလို့။

သီလရှင်ဆိုတာ ဆွမ်းဆန်စိမ်း လှည့်အလှူခံသူတွေမျှသာ မဟုတ်တော့။ ဘာသာ၊ သာသနာကို တစ်တပ်တစ်အား ဝိုင်းဝန်းစောင့်ရှောက်ကာ ပရဟိတနယ်ပယ်ထဲမှာ ပေးဆပ်သူတွေ

ဖြစ်လာခဲ့ပါပြီ။ ကလေးတွေကို ထမင်းကျွေးဖို့။ ကလေးတွေကို စာသင်ပေးဖို့။ ကလေးတွေကို ဓမ္မနှင့် မိတ်ဆက်ပေးဖို့။ ခိုကိုးရာမဲ့ ကလေးတွေကို ထွေးပိုက်ဖို့။

ကရုဏာရှင်မကြီး မာသာထရီဆာလောက် စွန့်လွှတ်စွန့်စား မလုပ်နိုင်သေးသော်ငြား ထိုမာသာထရီဆာ၏ နလုံးသွေးများဖြင့် စီးဆင်းလည်ပတ်လိုသူတွေ ရှိနေကြပါပြီ။ ကျွန်တော်တို့တစ်တွေက ကိုယ့်ထမင်းကိုယ်စားကာ ကြီးတော်၏နွားကို မကျောင်းနိုင်ဘူးထား။ ထို ကြီးတော်၏နွားကျောင်းသူများကို ဝိုင်းဝန်းကူညီဖို့ မသင့်ဘူးလား။ ကမ္ဘာပေါ်မှာ ဘုမသိ ဘမသိ မျက်ရည်ကျနေသူတွေ အများကြီးတဲ့။ ဒါက မာသာထရီဆာ၏ ရင်ထဲကစကား။ ဘုမသိ ဘမသိ မျက်ရည်ကျနေသူတွေကို မြန်မာသီလရှင်တွေက စတင် သုတ်ပေးနေခဲ့ပြီ မဟုတ်ပါလား။

*7 DAY NEWS JOURNAL*

*Vol.9, No.22*

*AUGUST 19, 2010*

## ကစားကွင်းထဲက စောင့်နေတဲ့ မနက်ဖြန်တွေ

-တစ်-

လောလောလတ်လတ် ရက်တွေထဲ၌ ဗလာစာအုပ်ကလေး တစ်အုပ်ကို ကောက်လှန်ဖြစ်ပါသည်။ ဖတ်ခဲ့သမျှ၊ ကြားခဲ့သမျှ မှတ်သင့်မှတ်ရာ တိုတိုထွာထွာကလေးတို့ကို အသာအယာ "တို့" ထား၊ "တေး" ထားသည့် ကျွန်တော့် ဗလာစာအုပ်ကလေးများ အနက်မှ တစ်အုပ်ပဲဖြစ်ပါသည်။ သည်ဗလာစာအုပ်ကလေးကို တောင်လှန်မြောက်လှန် လှျောက်လှန်နေခဲ့တုန်း ကျွန်တော့်ကို ဖမ်းစားလိုက်သည့် သတင်းမှတ်စု အတိုအထွာကလေး သုံးလေးပုဒ်ကို ကျွန်တော် သတိထားလိုက်မိပါသည်။ အကုန်လုံးလိုလိုက ကလေးသူငယ် လူရွယ်ကလေးများ၏ ဆော့ကစားခြင်းနှင့် ပတ်သက်သော မှတ်စုကလေးတွေချည်းပဲ ဖြစ်နေပါသည်။

ပထမမှတ်စုက အီရတ်နိုင်ငံနှင့် ပတ်သက်သော မှတ်စု ဖြစ်ပါသည်။ အီရတ်နိုင်ငံ၏ ကလေးကစားစရာများ ကိစ္စ။ အီရတ်နိုင်ငံ၌ ကလေးကစားစရာ သေနတ်မျိုးစုံကို ပိတ်ပင်လိုက်သည်ဆိုသော အကြောင်းအရာ။ အီရတ် ကျန်းမာရေးဝန်ကြီးဌာန၏ အတိုင်ပင်ခံ ဒေါက်တာ အီမက်အဗ္ဗဒူရာဇာတ်က သည်သတင်းကို ထုတ်ပြန်ပြောဆိုကြောင်း "တေး" ထားသည့် ကျွန်တော့်မှတ်စု ဖြစ်ပါသည်။ ကစားစရာပစ္စည်းနှင့် ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဆက်စပ်မှု။

ပညာရှင်တို့က ကလေးကစားစရာပစ္စည်းကို သုံးမျိုးသုံးစား ခွဲခြားပြီး မြင်ပါသည်။ Action Toys တဲ့။ Imitative Toys တဲ့။ Imaginative Toys တဲ့။ သံပတ်ပေးလို့ ရွေ့လျားသွားလာနေသည့် ကားကလေး၊ ရထားကလေး၊ သင်္ဘောကလေးတွေ၊ စက်ရုပ်ကလေးတွေဟာ Action Toys ပေါ့။ ဆရာဝန်လုပ်တမ်း ကစားဖို့ နားကြပ်ကလေးတွေ၊ ဆေးထိုးA ပ်ကလေးတွေဟာ Imitative Toys ပေါ့။ စက္ကူကဒ်ပြားမျိုးစုံ၊ ပလတ်စတစ် ကဒ်ပြားမျိုးစုံနဲ့ A ရုပ်A မျိုးမျိုးရေA ၁င် ဆက်စပ်ယူတာဟာ Imaginative Toys ပေါ့။

သည်ကစားစရာပစ္စည်း အားလုံးက ကလေးတို့၏ စိတ်နှင့် ဆက်စပ်လျက်ရှိပါသည်။ ဥပမာ... ဆေးထိုးအပ်ကလေးတွေ၊ နားကြပ်ကလေးတွေ၊ သွေးပေါင်တိုင်းသည့် ကိရိယာကလေးတွေနှင့် ဆော့ကစားနေကြသော ကလေးတို့၌ မေတ္တာတို့၊ အကြင်နာတို့၊ ယုယမှုတို့က တွဲစပ်ကာ ပါဝင်လာကြပြီးသား ဖြစ်ပါသည်။ သို့သော် သေနတ်တွေ၊ လက်ပစ်ဗုံးတွေ၊ ဓားမြှောင်တွေနှင့် လူသတ်တမ်း ကစားနေကြသော ကလေးတို့မှာဖြင့် ရက်စက်ကြမ်းတမ်း၍ ခက်ထန်သော စိတ်သဘောထားတို့က တွဲစပ် ပါဝင်လာတတ်ကြပါသည်။ ဒါကို စိတ်ပညာရှင်များနှင့် ဉာဏ်ခံကြီးသော မိဘတို့က ရိပ်စားမိကြပြီးသား ဖြစ်ပါသည်။ ကလေးတွေ ကစားနေကြရင် ပြီးတာပါပဲဟူ၍ သူတို့က သဘောမထားနိုင်ကြပါ။ အခု ကစားစရာ သေနတ်မျိုးစုံ ပိတ်ပင်သည်ဆိုသော အီရတ်သတင်းက သည်ရိပ်စားမိခြင်းအပေါ်၌ အခြေခံခြင်းပင် ဖြစ်ပါသည်။ နောက်တောင် ကျနေပြီလား မသိ။

-နှစ်-

ဒုတိယမှတ်စုက စင်္ကာပူနိုင်ငံနှင့် ပတ်သက်သော မှတ်စုဖြစ်ပါသည်။ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက စင်္ကာပူတွင် လူနေအဆောက်အဦးများ ဆောက်လုပ်ရာတွင် အားကစား လေ့ကျင့်စရာနေရာ ထည့်သွင်းဆောက်လုပ်ခြင်း မရှိပါက မဆောက်ရဟု သတင်းထုတ်ပြန်ကြောင်း မှတ်စုဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲ၌ ဆရာဦးအောင်သင်းကို တစ်ဆက်တစ်စပ်တည်း ဆိုသလို သွားသတိရနေမိပြန်ပါသည်။ "အင်္ဂလိပ်တွေ သိပ်တော်တယ်ကွာ... လူနေရပ်ကွက်တစ်ခုမှာ အားကစားကွင်းတစ်ခု အမြဲပါတယ်" ဟု ဆရာက ဆိုခဲ့ဖူးသည် မဟုတ်ပါလား။ အားကစားကွင်းတွေက လူငယ်၊ လူရွယ်တို့ကို ကိုယ်ကာယသာမက စိတ်ဉာဏကိုပါ တည်ဆောက်ပေးသော နေရာတွေဟု ကျွန်တော်လည်း ယုံကြည်ပါသည်။

အင်္ဂလိပ်ဘာသာစကား၌ Outlet ဟူသော စကားရှိပါသည်။ ထွက်ပေါက်ဟု နားလည်ရပါသည်။ ကလေးတွေ၊ လူငယ်လူရွယ်တွေမှာလည်း Outlet လိုအပ်ပါသည်။ သူတို့သည်လည်း လူသားထဲက လူတွေပဲဖြစ်ရာ ဖေဖေနဲ့၊ မေမေနဲ့၊ ကိုကိုနဲ့၊ မမနဲ့၊ ဆရာ ဆရာမနဲ့ အဆင်မပြေ၍ မျိုသိပ်ထားရ၊ ပြေးရင်းလွှားရင်း၊ ဘောလုံးကန်ရင်း၊ လျှောစီးရင်း၊ ဖန်ခုန်ရင်း၊ အော်ရင်း ဟစ်ရင်းကနေ ထွက်ပေါက်ရသွားပါလိမ့်မည်။ အားကစားကွင်းတွေက စိတ်ကိုလည်း တည်ဆောက်ပေးပါသည်။ ထုပ်ဆီးတိုးတာပဲ ဖြစ်ဖြစ်၊ ဘောလုံးကန်တာပဲ ဖြစ်ဖြစ်၊ ဂျင်ပေါက်တာပဲ ဖြစ်ဖြစ် စည်းနှင့်ကမ်းနှင့် ကစားနေကြရတာ ဖြစ်ပါသည်။ ထမင်းရည်ပူစည်းကို မနင်းနဲ့ဟုဆိုလျှင် မနင်းရပါ။ ဘောလုံးကို လက်နှင့်မထိနဲ့ဆိုလျှင် မထိရပါ။ ထို့ပြင် ထိုအားကစားတွေက တစ်ယောက်တည်း ကစားနေကြခြင်း မဟုတ်ပါ။ အသင်းတွေ၊ အဖွဲ့တွေ၊ အုပ်စုနှင့် ကစားနေကြခြင်း ဖြစ်ပါသည်။ သည်တော့ မိမိမဟုတ်သောသူနှင့် အပေးတွေ၊ အယူတွေ၊ အဝေတွေ၊ အမျှတွေ ပါဝင်လာရပါသည်။ သည်မှာတင် စည်းနှင့်ကမ်းနှင့် နေတတ်သော အလေ့၊ အစုနှင့် အဖွဲ့နှင့် နေတတ်သော အကျင့်တို့ကို အားကစားကွင်းတွေက ကျွန်တော်တို့၏ ကလေးတွေ၊ လူငယ်လူရွယ်တွေကို တည်ဆောက်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က လထိန်ထိန်သာသော ညညများ၌ ရွာလယ် လမ်းမကြီးတစ်လျှောက် ဆော့ကစားရသော အရသာကို ခုထိ ကျွန်တော် အမှတ်ရနေဆဲ ဖြစ်ပါသည်။ ထုပ်ဆီးတိုးသူတွေကလည်း ချွေးတွေ သံတွေနှင့်။ စိမ်ပြေးသူတွေကလည်း ချွေးတွေ သံတွေနှင့်။ ညောင်ပင်တစ္ဆေ ကစားသူတွေကလည်း ချွေးတွေ သံတွေနှင့်။ လိပ်ဥဝှက်တမ်း ကစားတာမျိုးကျတော့ လူကဲခတ်ရတာတွေ၊ သရုပ်ဆောင်ရတာတွေ ပါလာပါပြီ။ ဘယ်သူ့ပေါင်အောက်မှာ လိပ်ဥရှိလေမလဲဟု မျက်နှာရိပ်၊ မျက်နှာကဲကို ဖမ်းကာ အကဲခတ်ပေတော့။ လိပ်ဥ မိမိဆီမှာ အဝှက်ထားခံရသူက မရှိသယောင် သရုပ်ဆောင်၍ မရှိသူကလည်း မိမိဆီမှာ ရှိနေသယောင် သရုပ်ဆောင်ကြရသည်မှာ ကလေးတို့၏ စိတ်တန်ခိုးစွမ်းရည် ပြိုင်ပွဲပင် ဖြစ်ပါသည်။ ခြေတစ်ပေါင်ကျိုးဖြင့် ခုန်ကာ၊ ခုန်ကာ ကစားရသော ကုလားမစည်းနင်း ကစားနည်းကလည်း လူ့ခန္ဓာကိုယ် ထိန်းသိမ်းမှု (Body Control) ကို အထောက်အကူ ပြုပါပေ့။

MMCYBERMEDIA
COMMUNITY FOR ALL

-သုံး-

အခုခေတ် လူ့အဖွဲ့အစည်း၊ အထူးသဖြင့် မြို့ပြလူ့အဖွဲ့အစည်းမှာက ကစားစရာနေရာတွေက တော်တော် ရှားသွားပါပြီ။ ရပ်ကွက်တိုင်း၊ ကျောင်းတိုင်းမှာ ကစားကွင်း မရှိတော့။ ခေတ်မီ ကစားစရာတွေကလည်း ကလေးတွေ၊ လူငယ်လူရွယ်တွေ ကြားထဲကို ထိုးဖောက်ဝင်ရောက်၍ နေကြသည်။ ကွန်ပျူတာဂိမ်း ကစားနေသည့် လူငယ်တစ်ယောက်ကို ကျွန်တော် သတိထားကြည့်မိသည်။ ဓားတစ်ချောင်း၊ သေနတ်တစ်လက်နှင့် တွေ့ရာလူကို လိုက်လံတိုက်ခိုက်နေသောဂိမ်း၊ စက်ဘီးကို လုစီး၊ ကားကို လုမောင်းကာ တွေ့တွေ့သမျှ ထိုးနက်တိုက်ခိုက်နေသောဂိမ်း၊ စစ်ပွဲကြီး ဆင်နွှဲနေသောဂိမ်း စသည်ဖြင့် လူကို ခက်ထန်ကြမ်းတမ်းစေ၍ ကိုယ်ကာယဖွံ့ဖြိုးမှုကို ဘာမှ အထောက်အကူမပြုသော ဂိမ်းတွေ ရှေ့မှောက်မှာ လူငယ်အချို့ ရောက်နေကြပါသည်။ အင်တာနက်ဆိုင်ထဲက ဂိမ်းမှာလည်း သည်အတိုင်း။ အခန်းထောင့်တစ်နေရာမှာ လက်တစ်ဝါးစာ MP4 လေးနှင့် ကစားနေသည့် ဂိမ်းမှာလည်း သည်အတိုင်း။

ကလေးတို့၊ လူငယ်တို့ ကစားဖို့ လိုအပ်ပါသည်။ တစ်ယောက်တည်း ကစားနေခြင်းက အထီးကျန်ဝေဒနာ (Autism) ကို ခံစားရစေသည်ဟု နိုင်ငံတကာ ကလေးဆေးရုံက ကလေးစိတ်ပညာရှင် ဒေါက်တာရှောက်ကီက ပြောပါသည်။ ကလေး စိတ်ပါရဂူ ဒေါက်တာသိန်းလွင်က ကစားခြင်းသည် ကျေနပ်မှုကို ရစေသည်ဟု ပြောပါသည်။ ယေးလ်တက္ကသိုလ်က စိတ်ပညာရှင် ဒေါ်ရိုသီဆင်းဂါးက ကစားခြင်းသည် စိတ်ကူးစိတ်သန်းကို ဖွံ့ထွားစေသည်ဟု ဆိုပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့၏ သားတွေ၊ သမီးတွေ၊ လူငယ်တွေ၊ လူရွယ်တွေ များများကစားဖို့ ကစားကွင်းကြီးတွေ လိုA ပ်ပါသည်။ ချေးတွေ သံတွေက တရွှဲရွှဲ၊ cA ာ်သံ ဟစ်သံတွေက စီစီညံညံ၊ ရယ်သံ မောသံတွေက ဝေဝေလွှင်လွှင်နဲ့ ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်လေမလဲ။ ကိုယ်ရောစိတ်ပါ ဖွင့်ဖွင့်ထွားထွား လန်းလန်းဆန်းဆန်းနဲ့ ဖွံ့ထွားလာမယ့် A နာဂတ်လူငယ်တွေ။ ရက်စက်ကြမ်းတမ်း ကျဉ်းမြောင်းသော စိတ်ဓာတ်နဲ့ သေးကွေးကြုံလှီသော မျိုးဆက်ကို A လိုမရှိဘူး ဆိုလျှင်ဖြင့် သည်လူငယ်တွေA တွက် ကစားစရာနေရာတွေ၊ ကစားကွင်းတွေ များများ ဖန်တီးပေးရပါလိမ့်မည်။ မနက်ဖြန်နေ့များကို စိတ်ဝင်စားလျှင်ဖြင့် သည်ကနေ့ကို နမော်နမဲ့ မလုပ်သင့်ကြောင်း ယူဆမိပါသည်။

*7 DAY NEWS JOURNAL*

*Vol.10, No.3*

*MARCH 24, 2011*

MMCYBERMEDIA
COMMUNITY FOR ALL

# ကြိုးတန်းပေါ်၌ စားသုံးကြသည်

-တစ်-

ယခုနှစ် ခါသကြၤန်ရက်များ မတိုင်မီ တစ်ရက်နစ်ရက်အလို၌ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်၊ ကာတွန်းဆရာ ကိုအောင်ပီကျယ်တို့နှင့် အတူ စာပေဟောပြောပွဲခရီး ထွက်ဖြစ်ပါသည်။ ဆရာမင်းနန် (မော်ကျွန်း) တို့၊ ဆရာမောင်ခိုင်လတ်တို့၊ ဆရာဖေမြိုင်တို့၏ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့ ဖြစ်သော မော်လမြိုင်ကျွန်းမြို့၊ အများအခေါ် မော်ကျွန်းမြို့ကလေးသို့ပဲ ဖြစ်ပါသည်။

မကြာမီ မြန်မာနှစ် ၁၃၇၂ မှ ၁၃၇၃ သို့ ကူးပြောင်းတော့မည့် အကြိုကာလ၊ ခရစ်နှစ် ၂၀၁၁ ခု၊ ဧပြီ ၁၀ ရက် မနက်ခင်း ဝေလီဝေလင်း အချိန်ပဲ ဖြစ်ပါသည်။ ကျွန်တော်တို့ စီးရမည့် မော်တော်က ရုပ်ပြေးယာဉ်။ ဗောတံတားပေါ်သို့ ရောက်လျှင်ရောက်ချင်း တွေ့လိုက်ရသည့် မြင်ကွင်းက ခြေဖျားလက်ဖျားတို့ အေးသွားချင်စရာ မြင်ကွင်းပဲ ဖြစ်ပါသည်။ ခရီးသည် ၁၅၀ ဝန်းကျင်လောက်သာ တင်ဆောင်နိုင်မည်ဟု ခန့်မှန်းရသော ရုပ်ပြေးယာဉ်ပေါ်မှာ လူ ၄၀၀ လောက် ရှိနေပါသည်။ ခေါင်မိုးပေါ်မှာ ခရီးသည်တွေ အပြည့်။ မော်တော်ဆလင်၏ အခန်းထဲမှာလည်း ခရီးသည်တွေ အပြည့်။ မော်တော်ဦးဖျား ခရီးသည် လိုက်ပါလေ့မရှိသော နေရာမှာလည်း ခရီးသည်အပြည့်။ မော်တော်အနောက်ဘက် စက်ခန်းပေါ်မှာ၊ စက်ခန်းဝန်းကျင်မှာ၊ အိမ်သာရှေ့မှာ လူတွေ လူတွေ။ မော်တော်ဦးဖျားက လူတစ်ယောက်လောက် မော်တော်ပဲ့ပိုင်းက အိမ်သာရှိရာဆီသို့ လာလိုသည်ရှိသော် မော်တော်အတွင်းထဲကနေ လမ်းလျှောက်သွား၍ မရပါလေတော့။ မော်တော်နံဘေးကနေ သက်စွန့်ဆံဖျား တွယ်ကပ်၍သာ လျှောက်သွားကြပေတော့။ အန္တရာယ်ကို တွေးမြင်မိကြသူ တချို့တလေကတော့ ဆိပ်ကမ်းပေါ်သို့ ပြန်တက်သွားကြပြီ ဖြစ်ပါသည်။

သို့ဖြင့် မနေသာသူ ကျွန်တော်က ဆိပ်ခံဗောတံတားပေါ်သို့ ပြန်တက်သွားကာ စားပွဲခုံတစ်လုံးချပြီး လက်မှတ်ရောင်းနေသူ ရှိရာသို့ လျှောက်သွားမိပါသည်။ ပြီးတော့ စကားတစ်ခွန်းကိုလည်း ပြောဖြစ်ပါသည်။ "နောင်ကြီးတို့ မော်တော်က ခရီးသည် ဘယ်နှစ်ယောက်လောက် တင်မှာလဲ" ဟူသည့် အမေးစကား။ သည်မှာ လက်မှတ်ရောင်းသူက ခပ်ရင့်ရင့် မျက်နှာထားဖြင့် လှမ်းကြည့်လာကာ "တက်သလောက် အကုန်တင်တယ်" တဲ့။ ကျွန်တော်က ကိုယ့်စားသုံးသူအပေါ် သည်လောက် စော်ကားမော်ကား ပြောရဲသူကို စိတ်ဝင်စားသွားမိကာ "ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ" ဟုပင် မေးကြည့်ပါသည်။ သူက ဘာကိုမှ ဂရုမစိုက်ဘူးဟူသော မျက်နှာထားဖြင့် ရယ်သွမ်းပင် သွေးလာပြန်ကာ သူ့နာမည်ကို သေသေချာချာကြီးပင် ပြောပြနေခဲ့ပါသည်။ ဘယ်သူဘယ်ဝါ ဘာလုပ်ချင်လဲ ဆိုသည့်သဘော။ တကယ်လည်း သူ့နာမည်ကို သိခွင့်ရလိုက်သည့် ကျွန်တော်က ဘာလုပ်ရမှန်းမသိ။ စာပေဟောပြောပွဲ ရှိနေသဖြင့်

နောက်ပြန်လှည့်သွားလို့ကလည်း မဖြစ်။ နောက်ဆုံးတော့ ရွေးချယ်စရာမရှိသော အနေအထားမှာ အန္တရာယ်နှုတ်ခမ်း အ၀က ရုပ်ပြေးမော်တော်နှင့်ပဲ လိုက်ပါသွားခဲ့ရပါလေသည်။

-နှစ်-

ထိုသင်္ကြန်ရက်များ တစ်ပိုက်ပဲ ဖြစ်ပါသည်။ ဆရာချစ်ဦးညိုတို့ ဇနီးမောင်နှံ၊ မိုးလေဝသ ပညာရှင် ဒေါက်တာဦးထွန်းလွင်၊ ကာတွန်းဆရာ ကိုအောင်ပီကျယ်တို့နှင့်အတူ နာမည်ကျော် ပန်းချီဒီဇိုင်းပညာရှင် တစ်ယောက်ပါ ပူးပေါင်းပါဝင်လျက် ရန်ကုန်မြို့တွင်း တစ်နေရာ၌ ဆုံဖြစ်ကြပါသည်။ ထိုပန်းချီဒီဇိုင်း ပညာရှင်မှာ ထင်ရှားသူဖြစ်ပြီး လုပ်ငန်းရှင် တော်တော်များများ၏ လက်စွဲလည်း ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်တွေ၊ ကြော်ငြာတွေကြားထဲက ပညာရှင်တစ်ယောက်။ သူက ထင်ရှားသည့် အရက်တစ်မျိုးကို နာမည်ထုတ်ပြောပါသည်။ သူ ကြော်ငြာဒီဇိုင်း လုပ်ပေးထားသည့် အရက်။

"အဲ့ဒီဆရာကောင်းတာက အဲဒီပိုင်ရှင်တွေနဲ့ ကျွန်တော် အတူတူ သွားလာနေကြတာ၊ သည်လူတွေ သူတို့အရက်ကို သူတို့ မသောက်ဘူးဗျ။ ကျွန်တော့်ကိုလည်း မသောက်ဖို့ တားကြတယ်"

သူ့စကားမှာ ကျွန်တော်တို့ အံ့ဩသွားကြပါသည်။ ထို့နောက် ထပ်ဆင့် အံ့ဩစရာစကားကို ထပ်ဆင့်၍ ဆိုပြန်ပါသည်။

"နောက်... စိုက်ပျိုးရေးသုံးပစ္စည်း တော်တော်များများလည်း ကြော်ငြာကိစ္စ ကျွန်တော် လုပ်ပေးရတယ်။ အရွက်ဖျန်းဆေးတို့၊ ပိုးသတ်ဆေးတို့၊ ဘာတို့တွေပေ့ါဗျာ။ သည်လူတွေ သည်ကို ရောက်လာကြတဲ့အခါ ကျွန်တော်တို့ဆီက အသီးအရွက်တွေကို မစားကြဘူးဗျ" တဲ့။ ကျွန်တော်တို့ တစ်ဝိုင်းလုံး တိတ်ဆိတ်သွားကြပြန်ပါသည်။ စားသုံးသူဘဝဟာ ကျောချမ်းစရာကြီးပါလား။

-သုံး-

ကျွန်တော့်မှာ ဆယ်တန်းဘော်ဒါဆောင် တည်ထောင်ထားသည့် မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးပါသည်။ သူ့ကျောင်းမှာ လာရောက် သင်ကြားပို့ချပေးနေသည့် ဆရာ၊ ဆရာမအားလုံးက ရွှက်ကြမ်းရေကျို အနေအထားမျှသာ။ သို့သော် ကြော်ငြာအားကောင်းကောင်း၊ စည်းရုံးရေး ကောင်းကောင်းနှင့်မို့ ကျောင်းသားအင်အား တော်တော်များများကို သူပိုင်ဆိုင်ထားသည်။

တစ်နေ့ သူ့သားတော်မောင်တစ်ယောက် ဆယ်တန်းသို့ ရောက်လာသောအခါ မမြင်တာကြာသဖြင့် ကျွန်တော်က မေးကြည့်မိပါသည်။ သူက ပြုံးစစနဲ့ အဖြေပေးလာသည်က နာမည်ကျော် ဘော်ဒါဆောင်တစ်ခုကို ပို့ထားပါကြောင်း။ သူ့ဆုံးဖြတ်ချက် မှန်ပါသည်။ သူ့သားတစ်ယောက် ဂုဏ်ထူးတွေ ဝေဝေဆာဆာနှင့် အောင်သွားကာ အခုဆို ဆရာဝန်ပင် ဖြစ်နေပါပြီ။ သူ့ဘော်ဒါဆောင်က ကလေးတွေကတော့ နှစ်အဆက်ဆက် အောင်သည်ဆိုရုံကလေးမျှသာ။

ကိုယ့်ဘော်ဒါဆောင်၏ အခြေအနေကို ကိုယ်သိ၍ ကိုယ့်သားသမီးကိုပင် ကိုယ်မထားသော ဘော်ဒါကျောင်းမှာ ကျောင်းလာအပ်ထားခဲ့ကြသည့် မိဘတွေများ သည်အခြေအနေကို သိခဲ့သော်...။ ကျွန်တော် မစဉ်းစားချင်ပါလေတော့။

-လေး-

အရက်ထုတ်လုပ်သူက ကိုယ့်အရက်ကို ကိုယ်ပြန်မသောက်ရဲ။ စိုက်ပျိုးရေးသုံး ဆေးအမျိုးမျိုး ထုတ်လုပ်နေသူက ထိုစိုက်ခင်းက ထွက်လာသည့် အသီးအနှံကို မစားရဲ။ အဆင့်မြင့်ဘော်ဒါ တည်ထောင်ထားသူက ကိုယ့်ရင်သွေးကိုကျတော့ ကိုယ်မထားရဲ။

မော်တော်ရှုပ်ပြေးပေါ်မှာ လူတွေကို မရှိမဆန့်တင်ကာ မြုပ်လုလုမော်တော်ကို တစ်ချက် လှမ်းကြည့်ပြီး "ဘာမှ မဖြစ်ဘူး၊ ဖြစ်ရင်လည်း သက်ကယ်အင်္ကျီတွေ ပါတယ်" ဟုဆိုသူက ဆိပ်ခံဖောပေါ်မှာ ဒူးနန့်လို့။ စားသုံးသူတွေဘက်က လုံခြုံစိတ်ချရမှုကို လုပ်ငန်းရှင်တို့ဘက်က ဘယ်တော့မှ ထည့်သွင်း မစဉ်းစားလေသမျှ ကျွန်တော်တို့တစ်တွေ စိုးတစ်ထိတ်ထိတ်ဖြင့် အသက်ကို အရင်းအနှီးပေးပြီး ကြုံးတန်းပေါ်၌ လမ်းလျှောက်ရမည်သာ။

7 DAY NEWS JOURNAL

Vol.10, No.7

MAY 5, 2011

## မြေခွေးတွေက ပန်းချီမဆွဲတတ်ဘူး

-တစ်-

၂၀၁၀-၂၀၁၁ စာဆိုတော်ရာသီ၌ နိုင်ငံတစ်ဝန်းလုံးတွင် စာပေဟောပြောပွဲတို့ မြိမ့်မြိမ့်အုန်းအုန်း ကျင်းပခဲ့ကြလေရာ ကေတုမတီခေါ် တောင်ငူမြို့သို့ နှစ်ကြိမ်တိတိ ရောက်သွားခဲ့ရပါသည်။ ပထမတစ်ခေါက်က ဒီဇင်ဘာလထဲမှာ ဖြစ်ပြီး မနုနုရည် (အင်းဝ)၊ ကိုအော်ပီကျယ်တို့နှင့် ဖြစ်ပါသည်။ ဒုတိယအခေါက်ကတော့ မေလထဲမှာ ငါးညတိုင်တိုင် ကျင်းပသောပွဲ။

ပထမတစ်ခေါက် ကျွန်တော်တို့ ရောက်ရှိသွားကြစဉ် ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်က တည်းခိုခန်းတစ်ခုမှာ တည်းပါသည်။ ဟောပြောမည့်နေ့ ညနေစောင်းတော့ မလှမ်းမကမ်းတွင် ရှိနေသော ကေတုမတီ၏ ကျက်သရေဆောင် ကန်တော်ကြီးအတွင်းမှာ အညောင်းပြေ အညာပြေ ဆိုသလို လမ်းလျှောက်ဖြစ်ပါသည်။ စိတ်ကြည်နူးချမ်းမြေ့စရာ ဆောင်းနှောင်းညနေခင်းပဲ ဖြစ်ပါ၏။ သို့ဖြင့် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ကပ်လျက်က ငှက်ပျောကျွန်းထဲ၌ လမ်းလျှောက်နေကြရင်း စံပယ်ကျွန်းဘက်သို့ ကူးရန် ခြေဦးလှည့်လာကြသော အခါတွင်ကား အရုပ်ဆိုး၊ အကျည်းတန်သော မြင်ကွင်းတစ်ခုကို တွေ့လိုက်ကြရပါတော့သည်။

ထူးထူးဆန်းဆန်းတော့ မဟုတ်။ တံတားကို ရိုက်ချိုးဖျက်ဆီးနေသည့် မြင်ကွင်း။ ကန်တော်ကြီးအတွင်း၌ ကျွန်းလေးကျွန်းရှိရာ ဟိုးတစ်ဘက်ဆီ၌ လိမ္မော်ကျွန်း၊ အုန်းကျွန်းတို့ ရှိနေပါသည်။ သည်မှာဘက် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ကပ်လျက်ဆီတွင်လည်း စံပယ်ကျွန်း၊ ငှက်ပျောကျွန်းတို့ ရှိပါသည်။ ဤတွင် ကျွန်းချင်းကပ်နေသည့် စံပယ်ကျွန်းနှင့် ငှက်ပျောကျွန်းတို့ ကူးကြ၊ သန်းကြ လေသောအခါ အပြင်ကနေ တစ်ပတ်ကြီး ပြန်ပတ်ပြီး မသွားရလေအောင် ကျွန်းနှစ်ကျွန်းကြားတွင် ရွက်ကြမ်းရေကျို တံတားကလေးတစ်စင်း ထိုးထားပါသည်။ မကြာခင်ကမှ စိတ်ကူးပေါ်ကာ ဆောက်ထားလို့ပေလား၊ ဒါမှမဟုတ် အဟောင်းကို ပြန်လည် ပြုပြင်ထားလို့ပေလား မသိ။ တံတားက အသစ်ကလေး ဖြစ်ပါသည်။ ဆေးတွေကလည်း သုတ်ထားလိုက်တာ သစ်သစ်လွင်လွင်။ သစ်သားချောင်းတွေကလည်း အသစ်။ တံတားက ကျွန်းနှစ်ကျွန်းဆီကနေ ရေပြင်ညီသွားနေရာက အလယ်နားဆီသို့ အရောက်တွင် လှေကားလေးငါးထစ်လောက် အမြင့်ကို တက်သွားပြီး နားခိုစရာ ဇရပ်ကလေးဖြင့် ဖန်တီးထားသော တံတားကလေး ဖြစ်ပါသည်။ လက်ရန်းကလေးတွေ ဘာတွေနှင့်... ...

ကျွန်တော်ဆိုခဲ့သည့် အရုပ်ဆိုး၊ အကျည်းတန်သော မြင်ကွင်းဆိုသည်မှာ သည်တံတားကလေးကို ရိုက်ချိုးဖျက်ဆီးနေသော မြင်ကွင်းပဲ ဖြစ်ပါသည်။ အထက်တန်းကျောင်းသားအရွယ် လူငယ်ကလေး သုံးလေးငါးယောက်။ အဓိက ရိုက်ချိုးဖျက်ဆီးနေသူက နှစ်ယောက်။ ကျန်လူတွေက လက်ခုပ်လက်ဝါး တီးပေးနေသူတွေ။ လက်ရန်းတွေ တစ်ခုမှ မရှိတော့။ တစ်ချောင်းကို ရိုက်ချိုးလိုက်၊ ကန်ရေပြင်ထဲသို့ ပစ်ချလိုက်နှင့်။ ပန်းနုရောင်အဖျော့

သုတ်ထားသည့် သစ်သားချောင်းကလေးတွေက ရေထဲမှာ ဟိုတစ်ချောင်း၊ သည်တစ်ချောင်း မျောလို့... ...

"ရိုင်းစိုင်းလိုက်တာဟယ်၊ ဘာမှလည်း အကျိုးမရှိ"

မနုနုရည် (အင်း၀) က အံ့သြတကြီး ဖြစ်၍နေပါသည်။ ထိုသူတို့ကား ဖျက်လိုဖျက်ဆီးလုပ်ပြီး စိတ်ကျေနပ်မှုကို ရှာဖွေရာ၌ တော်တော်ကလေး ကျင့်သားရနေကြဟန် တူပါသည်။ ကျွန်တော်တို့ သူတို့နှင့် တော်တော်ကလေး နီးနီးသို့ ရောက်လာသည်အထိ ရိုက်ချိုးမြဲ ရိုက်ချိုးနေကြကာ ပြီးတော့မှ ဟားတိုက်ရယ်မော အော်ဟစ်လျက် စံပယ်ကျွန်းပေါ်သို့ ပြန်ပြေးတက်သွားကြပြီး ဓာတုကလျာ လမ်းမကြီးတစ်လျှောက် ထွက်ပြေးပျောက်ကွယ်သွားကြခြင်း ဖြစ်ပါသည်။ ငှက်ပျောကျွန်းကနေ စံပယ်ကျွန်းဘက်သို့ ကူးမည့် ကျွန်တော်တို့တစ်တွေ မကူးဖြစ်ကြပါလေတော့။ ဖရိုဖရဲဖြစ်နေသည့် တံတားပေါ်၌ ရပ်ကာ သစ်သားချောင်းတွေကို ကြည့်ရင်း စိတ်တွေ နောက်ကျို မှုန်မှိုင်းလေးလံလာသည့်အတွက် နောက်ကြောင်း ပြန်လှည့်ဖြစ်ခဲ့ကြပါသည်။

-နှစ်-

လူတွေကို အဓိပ္ပာယ် ဖွင့်ဆိုကြရာ၌ ရှုထောင့်အထွေထွေ၊ point of view အမျိုးမျိုးအရ လူဆိုတာ နိုင်ငံရေးသတ္တဝါ၊ လူဆိုတာ ပေါင်းသင်းဆက်ဆံရေး သတ္တဝါ စသည်ဖြင့် ဖွင့်ဆိုမှုတွေ အများအပြား ရှိပါသည်။ ဤတွင် လူသည် အလှအပကို ဖန်လည်း ဖန်တီးတတ်၊ ခံလည်း ခံစားတတ်သော သတ္တဝါဟူသည့် ဖွင့်ဆိုမှုလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ မှန်ပါသည်။ ကဗျာကို လူတွေပဲ ရေးပါသည်။ ပန်းချီကို လူတွေပဲ ဆွဲပါသည်။ ပန်းပုကို လူတွေပဲ ထုပါသည်။ သီချင်းကို လူတွေပဲ ဆိုပါသည်။ ယင်းတို့ ယင်းတို့ကို ခံစားသူတွေကလည်း လူတွေသာ။ ဒါသည်ပင် တိရစ္ဆာန်လောကနှင့် ခြားနားချက်။ လူ၌ အလှဓာတ် နည်းသွားလေလေ တိရစ္ဆာန်ကမ္ဘာနှင့် နီးသွားလေလေ။

လောက၌ အလှဓာတ် ခန်းခြောက်သူတွေ ရှိတတ်ပါသည်။ ထိုသူတို့ကား အလှကို မဖန်တီးကြပါ။ ခံလည်း မခံစားကြပါ။ အဆိုးဆုံးမှာ လှအောင် ဖန်တီးထားသည့် အရာကိုပါ ဖျက်ဆီးပစ်တတ်ကြခြင်း ဖြစ်ပါသည်။

မကြာသေးမီကမှ ဆေးအသစ်ပြန်သုတ်ထားသည့် တက္ကသိုလ်စာသင်ခန်း၏ ထောင့်တွေ၊ ထောင့်တွေဆီမှာ ကွမ်းတံတွေးတွေနှင့် နီရဲနေအောင် ထွေးချထားတာကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ အောက်ခြေ၌ အညိုရောင်ခံကာ အထက်ပိုင်းကို အဝါရောင်သုတ်ထားသည့် လှေကားအကွေ့က တိုက်နံရံများဆီ၌ ဟိုတစ်ကွက်၊ သည်တစ်ကွက် ထွေးထုတ်ထားသည့် ကွမ်းတံတွေးကွက်တွေကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ သပ်ရပ်ညီညာစွာ တပ်ဆင်ထားသည့် မှန်ချပ်ကလေးများကို ရိုက်ခွဲသွားသဖြင့် ဟောင်းလောင်းပေါက်ဖြစ်နေသည့် ပြတင်းပေါက်တွေ၊ လေသာတံခါးတွေကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ အုတ်တံတိုင်းနံရံ ဖြူဖြူဖွေးဖွေးကြီးပေါ်၌ ညစ်ညမ်းရုပ်ပုံ၊ ညစ်ညမ်းစာသားတွေ ပေပွအောင် ရေးထားသည်ကိုလည်း ကျွန်တော်တို့

တွေ့နိုင်ပါသည်။ မီးရထား၊ မော်တော်ကားတို့၏ ဆိုဖာထိုင်ခုံများကို ဓားနှင့် ထိုးခွဲထားတာ၊ အလှစိုက်ပန်းပင် ပန်းအိုးတို့ကို ရိုက်ချိုး၊ ထိုးခွဲထားတာ၊ အလှဆင် ကြော်ငြာဆိုင်းဘုတ်ကြီးများကို ရွှံ့နဲ့ ဆေးနဲ့ ပက်ထားတာ၊ မြို့ရွာအလှဆင် မီးပန်းမီးဆိုင်းကြီးတွေကို ရိုက်ခွဲပစ်ထားတာ၊ စာနယ်ဇင်း စာမျက်နှာများပေါ်က အလှဓာတ်ပုံ၊ ပန်းချီ စသည်တို့ကို ဖျက်လိုဖျက်ဆီး မင်ရောင်စုံနဲ့ ရေးခြစ်ပစ်ထားတာ စသည် စသည် စသည်... ...။

အလှအပကို မဖန်တီးတတ်၊ သူတစ်ပါး ဖန်တီးထားသည့် အလှအပကိုလည်း မခံစား၊ မခံစားရုံမက သူ့ဘာသာသူ လှနေသည့် အရာတို့ကိုလည်း သွေးအေးအေး၊ နလုံးသားမာမာဖြင့် ဖျက်ဆီးပစ်ရခြင်း၌ ခံတွင်းတွေ့တတ်သည့် ရာခိုင်နှုန်း အနည်းငယ်မျှသော လူအချို့ ဤကမ္ဘာပေါ်၌ ရှိပါသည်။ လူ့ခန္ဓာကိုယ်ကို ရရှိပိုင်ဆိုင်ထားသည့်တိုင် စိတ်က တိရစ္ဆာန်အဆင့်။ မြေခွေးအဆင့်။

ကျွန်တော်ကတော့ ကျွန်တော်တို့၏ မျိုးဆက်ကို တိရစ္ဆာန်စိတ်၊ မြေခွေးစိတ်ရှိသူတွေ နည်းနိုင်သမျှ နည်းအောင် တာဝန်ရှိသူတိုင်းက ပျိုးထောင်ပေးစေချင်ပါသည်။ ကဗျာလှလှ၊ စာလှလှကလေးတွေ၊ ပန်းချီရုပ်ပုံကား လှလှကလေးတွေ။ သီချင်းဂီတ လှလှကလေးတွေ။ သစ်ပင်တောတောင် လျှိုမြောင်စိမ့်စမ်း သဘာဝဝန်းကျင် လှလှကလေးတွေအပေါ် ချစ်တတ်၊ မြတ်နိုးတတ်၊ တန်ဖိုးထားတတ်အောင် ငယ်ငယ်ကတည်းက လေ့ကျင့်ပျိုးထောင် ပေးကောင်းစွာသည်ဟု ယူဆမိပါသည်။ လှနေသော အရာတွေကို ဖျက်ပစ်လိုသောစိတ် ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွက် မည်သည့်နည်းနှင့်မှ မလိုအပ်သည့် တိရစ္ဆာန်စိတ်ပင် မဟုတ်ပါလား။

*7 DAY NEWS JOURNAL*

*Vol.10, No.9*

*MAY 19, 2011*

# ဒဿဃီရှိကြားရင် ဖျားသွားမယ်

(တစ်)

ကျွန်တော် နယ်တက္ကသိုလ်ကြီး တစ်ခုတွင် တာဝန်ကျစဉ်က ဆိုက်ကားဆရာတစ်ဦးနှင့် ညီရင်းအစ်ကိုပမာ ရင်းနှီးခဲ့ပါသည်။ ထိုဆိုက်ကားဆရာက ကျွန်တော်နှင့်မှ မဟုတ်ပါ။ တက္ကသိုလ်ကျောင်းထဲက ဆရာ၊ ဆရာမ တော်တော်များများနှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်ပါသည်။ ကျွန်တော်နှင့်ကတော့ အထူးတလည်ဟုပဲ ဆိုကြပါစို့ရဲ့။ ဈေးသွားဈေးပြန်လို ကိစ္စလေးတွေမျှသာ မကတော့ဘဲ တစ်ခါတစ်ခါ သူ့ဆိုက်ကားကလေးကို အေးအေးလူလူ လိမ့်သွားကြရင်းက စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ သွားထိုင်ပြီး တောင်ရောက်မြောက်ရောက် စကားဝိုင်းဖွဲ့ဖြစ်တာမျိုးတွေပင် မကြာမကြာ ရှိတတ်ပါသည်။

တစ်ညနေ အဝေးသင်တက္ကသိုလ် ကျောင်းသားတွေ ရှုပ်ယှက်ခတ်နေသည့် ရက်များအတွင်း၌ သူနှင့်ကျွန်တော်တို့ ထုံးစံအတိုင်း ဆုံဖြစ်ပြန်ပါသည်။ သူက သူ့ဆိုင်ကလေးကို ခဏထားခဲ့ကာ ကျွန်တော်နှင့်အတူ လိုက်ထိုင်ခြင်း ဖြစ်ပါသည်။ သူ့ဆိုင်ဆိုသည်က အဝေးသင်တက္ကသိုလ် ကျောင်းသားတွေ ရောက်လာတော့မှ ခါတော်မီဖွင့်သည့် ယာယီ လက်ဖက်ရည်၊ အအေး၊ စားသောက်ဆိုင်ကလေးကို ဆိုလိုခြင်း ဖြစ်ပါသည်။ တက္ကသိုလ်၊ ကောလိပ်ဝန်းကျင်၌ အဝေးသင်တက္ကသိုလ်ရက်တွေ ရောက်တော့မှ ထထပြီး ဖွင့်ကြသည့် သည်လိုဆိုင်လေးတွေက အများအပြားပဲ ဖြစ်ရာ သူ့ဆိုင်က သည်လိုဆိုင်မျိုး ဖြစ်ပါသည်။ လက်ဖက်ရည် အဖျော်ဆရာက ခါတော်မီ အဖျော်ဆရာ။ စားပွဲထိုးက ခါတော်မီ စားပွဲထိုး။ အကြော်သမားက ခါတော်မီ အကြော်သမား။

စကားတွေ တောင်ရောက်မြောက်ရောက် ပြောကြရင်း တစ်နေရာရောက်တော့ ဆိုက်ကားဆရာက သူ့ဆိုင်က အဖျော်ဆရာ အပုံ၊ နပုံ၊ အကင်းမပါးပုံများကို ရင်ဖွင့်လာခဲ့ရာ ကျွန်တော့်မှာ ခေါင်းနားပန်းတွေပင် ကြီးသွားမိပါသည်။

ကျောင်းသားလူငယ် စားပွဲဝိုင်း တစ်ဝိုင်းတဲ့။ ယောကျ်ားလေးက နှစ်ယောက် သုံးယောက်။ မိန်းကလေးက နှစ်ယောက် သုံးယောက်။ ယောကျ်ားလေးတွေက လက်ဖက်ရည်။ မိန်းကလေးတွေက အအေး။ သို့ဖြင့် စားပွဲထိုးကလေးကို လှမ်းမှာလိုက်ပြီးနောက် ယောကျ်ားလေးတွေထဲမှ တစ်ယောက်က ထကာ ဆေးလိပ်ပဲ ထဝယ်သလိုလို၊ ဆေးလိပ်မီးပဲ ထညှိသလိုလို၊ အပေါ့အပါးပဲ သွားသလိုလိုနှင့် လက်ဖက်ရည်ဖျော်သည့် ကောင်တာရှိရာဆီ ရောက်လာပါလေသတဲ့။ ပြီးတော့ အဖျော်ဆရာဆီသို့ အသာ ချဉ်းကပ်လာကာ ဆေးပြားကလေးအချို့ လှမ်းပေးလေသတဲ့။ မိန်းကလေးတို့၏ အအေးခွက်များ အတွင်း၌ ထည့်ပေးလိုက်ရန်။ ဘုရား ဘုရား။ ကြက်သီးမွေးညင်း ထစရာကြီးပါလား။

အဖျော်ဆရာက ဟုတ်ကဲ့ ထည့်ပေးလိုက်ပါမယ် ဟူသော သင်္ကေတဖြင့် ခေါင်းညိတ်ပြကာ သူ့ဆိုင်ရှင် ဆိုက်ကားဆရာကို ဆန္ဒတောင်းခံပါသည်။ ထည့်ပေးလိုက်ရမှာလား၊ မထည့်ပေးလိုက်ရဘူးလား ဆိုသည့်အဖြေ။ သည်တော့မှ ဆိုင်ရှင် ဆိုက်ကားဆရာက ဒေါသထွက်ကာ အဖျော်ဆရာကို အနားဆွဲခေါ်ပြီး အသုံးမကျရကောင်းလားဟု တိတ်တိတ်ကြိတ်၍ ဆူပူကြိမ်းမောင်းပြီး အဲသည့်ဆေးပြားတွေ အသာလှင့်ပစ်လိုက်ဟု လုပ်လိုက်ရခြင်း ဖြစ်ပါသတဲ့။ အော်... ကံကြီးပေလို့ပေါ့။

ယင်းအဖြစ်အပျက်သည် ၂၀၀၀ ပြည့်နှစ်လောက်တုန်းဆီက။ ကျောင်းသားတွေ၊ ကျောင်းသူတွေ ကြားက အဖြစ်အပျက်။ သည်တုန်းက ဆိုက်ကားဆရာ၏ မျက်နှာကို ကြည့်ရင်း ကျွန်တော် စိတ်ညစ်ညူးသွားခဲ့ပုံများကို အခု ပြန်သတိရတော့လည်း ပြန်၍ ညစ်ညူးမြဲသာ ဖြစ်ပါသည်။ ကမ္ဘာပေါ်၌ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ချစ်ခြင်းမေတ္တာတရားတွေ ခန်းခြောက်သွားခဲ့လေပြီလား။

-နှစ်-

အခု ၂၀၁၁ ခုနှစ်ဝန်းကျင်ကို ရောက်လာတော့ စာနယ်ဇင်းတွေပေါ်မှာ ကာမစိတ် လှုံ့ဆော်စေသော အစားအစာ ဆိုတာကို ရံဖန်ရံခါ တွေ့တွေ့လာရပါသည်။ တရားမဝင် ဝင်ရောက်လာသည့် ဆေးဝါးတွေ၊ ပီကေတွေ၊ ချိုချဉ်တွေ၊ ကော်ဖီတွေ၊ ချောကလက်တွေကို ဖမ်းမိသဖြင့် အမျိုးသား ဆေးဝါးဥပဒေအရ အရေးယူရကြောင်း သတင်းတွေကိုပါ ဖတ်ခွင့်ရလာပါသည်။ မိန်းကလေးတို့အဖို့ လောကကို ကျောပေး၍ မထိုင်ရဲလောက်အောင် မလုံခြုံတော့သော နေ့ရက်များဟု တင်စားရမည်လား မပြောတတ်တော့ပါ။ ဒါ... အချစ်လား။ သို့မဟုတ် အချစ်လို့ ထင်မှတ်နေကြတာလား။ မိန်းကလေးတစ်ယောက်ကို ဘယ်လိုနည်းနဲ့ ရရ၊ ရရင် ပြီးစတမ်းလား။ သည်လို ယောက်ျားမျိုးတွေကို ၃၁ ဘုံမှာ ဘယ်လို ခေါင်းစဉ်အောက်မှာထားပြီး ဘယ်လို စာရင်းအင်းထဲ သွင်းထားရပါ့။

(သုံး)

ကမ္ဘာကျော် ရာမာယဏ ဇာတ်တော်ကြီးထဲ၌ ဒသဂီရိက လူသွမ်းလူကြမ်းကြီးအဖြစ် ထင်ရှားပါသည်။ သူ သီတာဒေဝီကို ခိုးယူသွားပြီးနောက် သိင်္ဂျိုလ်ကျွန်း၌ ထားရှိစဉ် ထိုသီတာဒေဝီကို လက်ဖျားနှင့်ပင် မတို့ခဲ့ပါ။ ဘယ်လိုနည်းနဲ့ပဲ ရရဟုဆိုကာ အဓမ္မတွေ၊ အောက်လမ်းတွေနှင့် မကြိုးပမ်းလေခဲ့။

သည်ကနေ့ လှုံ့ဆော်ဆေးဝါး အစားအသောက်တွေအကြောင်းများ ကြားခဲ့ရင် ဒသဂီရိ ဖျားများ ဖျားသွားလေမလား မသိ။

-လေး-

သည်ကနေ့ ရုပ်ရှင်အချို့က ကာမကို လှုံ့ဆော်ပါသည်။ အဝတ်အစား အပြင်အဆင်တွေက ရမ္မက်ကို နှိုးဆွပါသည်။ အကတွေက တဏှာကို ညှို့မြှူပါသည်။ သည်အထဲမှာမှ ဆေးပြားတွေ၊ ဆေးမှုန့်တွေ၊ အစားအသောက်တွေတဲ့။

မိန်းကလေးတစ်ယောက်ကို အမြတ်တနိုး တန်ဖိုးထားပြီး အချစ်ကို ခမ်းနားကြီးကျယ်အောင် ဖွဲ့ဆိုသည့် တစ်ခါက အချစ်ကဗျာများ၊ အချစ်သီချင်းများ၊ အချစ်ဝတ္ထုများကို ကျွန်တော် သတိရ၍ မဆုံးပါလေတော့။

*7 DAY JOURNAL*
*Vol.10, No.15*
*JUNE 30, 2011*

# ရေဒိုးလည်း ခွဲမယ် သစ်ကြားသီးလည်း ခိုးမယ်

-တစ်-

တစ်ခါက ဧရာဝတီမြစ်ကြီးမှသည် မြစ်လက်တက်တစ်ခုအဖြစ် ခွဲထွက်၍ သွားသော ငဝန်မြစ်ကို မြောက်မှတောင်သို့ ကျွန်တော် စုန်ဆင်းခဲ့ဖူးပါသည်။ လေးမျက်နှာတို့၊ အိုင်သပြုတို့ကို ကျော်လွန်ပြီးနောက် ငါးသိုင်းချောင်းသို့ မရောက်တတ် ရောက်တတ်တွင် ငါးသိုင်းချောင်းနှင့် မျက်စောင်းထိုး အနေအထားဌ် ငဝန်မြစ်ကြီး၏ အနောက်ဘက် ကမ်းပါးပေါ်တွင် ရပ်တည်နေသော ရွာကြီးတစ်ရွာကို စက်လှေပေါ်က မိတ်ဆွေက လက်ညိုးညွှန်ပြပါသည်။ သူက အဲဒါ ဒေါင့်ကြီးပဲတဲ့။ ကြည့်စမ်း ကျွန်တော့်စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလိုက်တာ။ ဒါဆို သည်ရွာက ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ ဇာတိကျေးရွာကလေးပါပဲလား။ အော် ရခိုင်ရိုးမရဲ့ အရိပ်မှာ...။

၆ ဧပြီ ၁၉၂၃ တွင် မွေး၍ ၃၀ နိုဝင်ဘာ ၂၀၀၅ တွင် အနိစ္စရောက်ခဲ့ရှာသော ဆရာကြီး ဒေါက်တာသန်းထွန်းက သူ့ဘဝ တစ်သက်တာလုံးကို သမိုင်းပညာရပ်ထဲဌ် နှစ်မြှုပ်၍ထားခဲ့သော ပညာရှင်ကြီး ဖြစ်ပါသည်။ "မအအောင်လို့ သမိုင်းကို သင်ရပါတယ်" ဟု ဆိုလေသူ ဆရာကြီး ဒေါက်တာသန်းထွန်း၊ လက်တစ်ဖက်က ကလေးပုခက်ကို လွှဲရင်း ကျန်လက်တစ်ဖက်က စာရေးနေခဲ့ရပါသည်ဆိုသော ဆရာကြီး ဒေါက်တာသန်းထွန်း။ မည်သည့်အလုပ်ကိုမဆို ကောင်းကောင်းစ၍ ကောင်းကောင်းဆုံးတတ်ပါသည် ဟူသော ဆရာကြီး ဒေါက်တာသန်းထွန်း၊ ကိုယ်နှင့် အတူနေသောသူကို စိတ်မဆင်းရဲစေ ဟူသောမူနှင့် နေထိုင်ခဲ့ပါသည်ဆိုသော ဆရာကြီး ဒေါက်တာသန်းထွန်း၊ "ဒီစာအုပ်က ဖတ်ကောင်းမယ်လို့ အာမ,မခံ" ဟုဆိုကာ ကိုယ့်စာအုပ်ကို ကိုယ်ရည်ညွှန်းခဲ့လေသူ ဆရာကြီး ဒေါက်တာသန်းထွန်း၊ သို့နှယ်ထို့နှယ်သော ဆရာကြီး ဒေါက်တာသန်းထွန်း တစ်ယောက် ပြုစုရေးသားသွားခဲ့သော စာအုပ်စာတမ်းတွေကဖြင့် ထုနှင့်ထည်နှင့်ကိုပဲ ကျန်ရစ်ခဲ့ပါလေသည်။

ကျွန်တော့်တွင် "သူတို့နှင့် ကျွန်တော်" ဟူသည့် စာအုပ်ကလေးတစ်အုပ် ရှိပါ၏။ သည်စာအုပ်ကလေးထဲဌ် ဆရာကြီး ဒေါက်တာသန်းထွန်း၏ ပုံရိပ် တစ်စွန်းတစ်စကို ဖမ်းမိနိုင်ပါသည်။ ထိုစဉ်က ၁၉၆၅ ခုနှစ်များအလွန် မန္တလေးတက္ကသိုလ်တွင် ဆရာကြီး တာဝန်ထမ်းဆောင်နေစဉ် နေ့ရက်များ ဖြစ်ပါသည်။ တစ်နေ့ တက္ကသိုလ် ဆီးနိတ် (Senate) အစည်းအဝေးဌ် ကျောင်းသား ပြဿနာတစ်ရပ်ကို တင်ပြလာပါသည်။ ကျောင်းဆောင်ပေါ်က သောက်ရေအိုးကို ကျောင်းသားတစ်ယာက်က ပစ်ချကာ ခွဲပစ်လိုက်သည့်အတွက် အရေးယူပေးပါရန် အဆောင်မှူးကတစ်ဆင့် တင်ပြလာခြင်း ဖြစ်ပါသည်။ ထိုဆီးနိတ် အစည်းအဝေးဌ် စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုဦးလှလည်းပါ၊ ပါမောက္ခချုပ် ဦးလှရွှေလည်း ပါဝင်ပေရာ မည်ကဲ့သို့ အရေးယူမလဲ ဟူသော ကိစ္စနှင့်ပတ်သက်၍ ဆရာကြီး ဒေါက်တာသန်းထွန်း၏ သဘောထားကို မေးမြန်းလာပါသည်။ ဆီးနိတ်ရှိ ပုဂ္ဂိုလ်အချို့က

မှတ်လောက်သားလောက် ရှိသွားအောင် ထိုကျောင်းသားကို ကျောင်းထုတ်ပစ်ဖို့ ဆန္ဒရှိနေကြသော အခြေအနေလည်း ဖြစ်ပါသည်။

သို့သော် ဆရာကြီး ဒေါက်တာသန်းထွန်း၏ သဘောထားဟုပဲ ဆိုရမလား၊ အကြံပြုချက်ဟုပဲ နာမည်တပ်ရမလား၊ ဘာမှန်းမသိသည့် တုန့်ပြန်မှုမှာ ပွဲပျက်သွားသည်ဟု ဆိုပါသည်။ ဆရာကြီးက ထိုကျောင်းသားကို မည်သို့ အပြစ်ပေးလိုက်ပါဟု တိုက်ရိုက်မဆိုပါ။ သူ့ကိုယ်သူ ပြန်လည်ရည်ညွှန်းပြီးနောက် "ရန်ကုန်တက္ကသိုလ်တွင် နှစ်စဉ် အိုးဆယ်လုံးလောက် ခွဲလေ့ရှိခဲ့သည့် သမိုင်းကျောင်းသား တစ်ယောက်ကတော့ ယခုအခါ သမိုင်းပါမောက္ခ လာဖြစ်နေတာပဲ" ဟု ပြောချလိုက်လေသောအခါ ဝေါခနဲ ရယ်သံများနှင့်အတူ ပွဲပြီးသွားခဲ့ရကြောင်းပင် ဖြစ်ပါသည်။ ဒါက သတင်းစာဆရာ၊ စာရေးဆရာကြီး လူထုဦးလှ၏ ပြန်လည်ပြောပြချက်ကို "သူတို့နှင့် ကျွန်တော်" စာအုပ်ထဲ၌ မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။

သည်စာကိုဖတ်ပြီးနောက် အပြုံးနှင့်အတူ ဆရာကြီးကို ပိုလို့ချစ်ခင်သွားမိကာ တိုးလို့လည်း ကြည်ညိုသွားမိကြောင်း ဝန်ခံလိုပါသည်။ ပြစ်မှုနှင့် ပြစ်ဒဏ်။ လူငယ်တို့ ဘာသာဘာဝ ဆိုးတိုးတိုး ပေတေတေ ဂျစ်တစ်တစ် နှစ်ကာလများ၌ ကျူးလွန်မိတတ်ကြသော အမှားအယွင်းတို့ကို တရွေးသားမျှပင် ခွင့်မလွှတ်နိုင်သောစိတ်ဖြင့် စီရင်ချက် အကြီးကြီးတို့ကို ချပစ်လိုက်ခြင်းအား ဆရာကြီး ဒေါက်တာသန်းထွန်း လက်မခံကြောင်းပင် ဖြစ်ပါသည်။ မေတ္တာဖြင့်ယှဉ်ကာ ပြုပြင်ဆုံးမ သိမ်းသွင်းခေါ်ဆောင်၍ ရသမျှ သိမ်းသွင်းခေါ်ဆောင်ခြင်းဖြင့် ထိုလူငယ် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိသွားသောအခါ အကျိုးကျေးဇူး များနိုင်သည် ဖြစ်လေရာ ဘဝတွေ ကျိုးကြေသွားအောင် ထစ်ခနဲရှိ အရေးယူပစ်လိုက်ခြင်းမျိုးကို ဆရာကြီး ဒေါက်တာသန်းထွန်း သဘောမတူပုံပင် ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်မှာတုန်းက ရေအိုးခွဲတဲ့ ကောင်ကလေးကို ကျောင်းကနေများ ထုတ်ပစ်မိခဲ့လိုက်ရင် ဒေါက်တာသန်းထွန်းမှ ဖြစ်လာနိုင်ပါ့မလား။

-နှစ်-

ဆရာမြသန်းတင့်၏ "လမင်းကို ထရံပေါက်မှ ကြည့်ခြင်း" တွင် ဆရာက ဂျွန်ရပ်စကင်း (John Ruskin) ၏ စကားအချို့ကို ကောက်နုတ်ဖော်ပြခဲ့ဖူးပါသည်။

ဂျွန်ရပ်စကင်း ဆိုသည်မှာ ၁၈၁၉ တွင် မွေး၍ ၁၉၀၀ ပြည့်နှစ်တွင် ကွယ်လွန်သော အင်္ဂလိပ် အနုပညာနှင့် လူမှုရေးခေါင်းဆောင် ဖြစ်ပါသည်။ ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ဗြိတိသျှအင်ပါယာကို ချဲ့ထွင်နေချိန်၌ ဂျွန်ရပ်စကင်း ပြောခဲ့သော စကားများထဲမှ တစ်ချက်ကို ကျွန်တော် ကောက်နုတ်ဖော်ပြလိုပါသည်။ ယင်းမှာ "ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးဟာ သစ်ကြားသီးခြောက်လုံးလောက် ခိုးမိတာနဲ့ ကလေးတွေကို ထောင်ထဲ မပို့ဘူး" ဆိုသည့်စကားပဲ ဖြစ်ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းနဲ့ စိတ်နေသဘောထားချင်း တူမျှနေလိုက်ကြတာ။

(သုံး)

ငယ်ရွယ်သော၊ နုနယ်သော၊ ဘဝအတွေ့အကြုံ ကြွယ်ကြွယ်ဝဝ မရှိရှာသေးသော၊ သို့သော် မိုက်မဲသော၊ ဆိုးပေသော၊ ဂျစ်ကန်ကန်နိုင်သော၊ အရွဲ့တိုက်ချင်သော၊ လက်မောင်းကြွက်သားကို ညွှစ်ပြချင်သော လုလင်တို့၊ လုံမတို့က ကျွန်တော်တို့ဝန်းကျင်၌ ရှိနေကြပါသည်။ သူတို့ကို တစ်ဘဝစာ မှတ်ရော့ဟုဆိုကာ အပြစ်ပေးကြမလား။ ခွင့်လွှတ်နားချ စည်းရုံးကာ လမ်းကြောင်းမှန်ရှိရာဆီ တွန်းပို့ကြမလား။

ကျွန်တော်သာ ပြန်လည် ငယ်ရွယ်၍ ပြန်လည် မိုက်မဲမိခဲ့သော် သောက်ရေအိုးကို ခွဲချင်ပါသည်။ သစ်ကြားသီးကိုလည်း ခိုးချင်ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ အရှေ့မှာပေါ့။ ဂျွန်ရပ်စကင်းရဲ့ အရှေ့မှာပေါ့။

*7 DAY NEWS JOURNAL*
*Vol.10, No.20*
*AUGUST 4, 2011*

# စိတ်သတ္တိရှင် "ဟင့်အင်း" သမား

-တစ်-

ငယ်တုန်းရွယ်တုန်း၊ သွေးကြွတုန်းအရွယ်ဟု ဆိုကြပါစို့။ ဆေးမင်ကြောင်ခေါ် တက်တူး (Tattoo) ထိုးဖို့လည်း စိတ်ကူးပေါ်သည်ဟု ဆိုကြပါစို့။ အရုပ် ကြီးကြီးမားမားတွေကို မထိုးဘဲ စာလုံးကလေး တစ်လုံးစ၊ နှစ်လုံးစလောက်သာ ထိုးမည်ဟု ရည်ရွယ်ထားသည်လည်း ဆိုပါစို့။ ချာတိတ်အရွယ် လူငယ်အများစု အရွေးများသည့် စကားလုံးမှာ "သတ္တိ" ဆိုတာပဲ ဖြစ်ပါသည်။ လက်မောင်းပေါ်မှာ "သတ္တိ"။ လက်ခုံပေါ်မှာ "သတ္တိ"။ လက်ဖျံပေါ်မှာ "သတ္တိ"။ ရင်ဘတ်ပေါ်မှာ "သတ္တိ"။ သေရာပါ သတ္တိတွေကို ဘယ်လိုမှ ဖျက်မရပါလေတော့။ မည်သူ့ကိုမဆို ရင်ဆိုင်မယ်၊ ထိုးနက်မယ်၊ တိုက်ခိုက်မယ်၊ ချေမှုန်းမယ်ဆိုသည့် အနက်အဓိပ္ပာယ်ဗျူဟာမျှပွတ်များဖြင့် သတ္တိကို နားလည်ခဲ့သည့် အရွယ်မတိုင်မီ နေ့ရက်များ။

နောက်တော့ ဟိုနားစပ်စပ်၊ သည်နားစပ်စပ်ဖြင့် စာအုပ်တွေ ဖတ်ဖြစ်လာသောအခါ မြန်မာစကားလုံး သတ္တိနှင့် ညီညွတ်သည့် ကားရေ့ဂျ် (Courage) ဟူသော စကားလုံးကို သွားတွေ့ပါသည်။ သူ့တစ်လုံးတည်းတောင် မဟုတ်။ Intellectual Courage တဲ့။ Moral Courage တဲ့။ ပထမစကားလုံးကို ဉာဏသတ္တိ၊ ဉာဏ်သတ္တိဟုပဲ ဆိုကြပါစို့။ ဒုတိယစကားလုံးကိုလည်း ကိုယ်ကျင့်တရားသတ္တိ၊ စာရိတ္တသတ္တိဟု ဆိုကြပါစို့။

ထိုသတ္တိနှစ်မျိုးအနက် လူတစ်ယောက်ကို သမိုင်းက အဆုံးအဖြတ်ပေးသွားသည်က Moral Courage ခေါ် ကိုယ်ကျင့်တရားသတ္တိ၊ စာရိတ္တသတ္တိ၊ စိတ်သတ္တိ ဆိုပါလား။ ကိုယ်ခန္ဓာအရေပြားပေါ်မှာ ရေးထိုးထားမိတာတွေက ဘယ်လို သတ္တိအမျိုးအစားများပါလိမ့်။

-နှစ်-

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေကို အခုနှစ်တွေထဲ ပလူပျံအောင် ဖတ်ရတော့ ရွှေဘိုက အငြိမ့်မင်းသမီး ညိုညိုစိန်နှင့် ကိစ္စကိုပါ သိခွင့်ရပါသည်။ ၁၉၄၇ ရွေးကောက်ပွဲ အကြိုကာလ ဖဆပလအဖွဲ့ချုပ် မဲဆွယ်ရေးအတွက် ဗိုလ်ချုပ်တို့ ရွှေဘိုမြို့သို့ ရောက်သွားစဉ် ဦးစံထွေး၏တိုက်၌ ရွှေဘိုညိုညိုစိန် အငြိမ့်အဖွဲ့ဖြင့် ဧည့်ခံခဲ့သည်ဟု ဆိုပါသည်။ ဤတွင် အငြိမ့်ပွဲ စီစဉ်သူတို့က အငြိမ့်မင်းသမီးအား ချဉ်းကပ်ကာ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ကို ရအောင်ဆွဲဖို့နှင့် ဆွဲနိုင်လျှင် ဆုငွေ ၅၀ ကျပ် ချီးမြှင့်မည်ဖြစ်ကြောင်း ညှိနှိုင်းပါသည်။ မင်းသမီးကလည်း ဆွဲဖို့ ကြိုးစားပါသည်။ ယင်းကို ရိပ်မိသွားသူ ဗိုလ်ချုပ်အောင်ဆန်းက...
"မင်းသမီး ကျုပ်ကို ဆွဲလားရမ်းလား လုပ်ဖို့တော့ မကြိုးစားနဲ့၊ ကျုပ်မှာ ကာမပိုင်ရှိတယ်။ မခင်ကြည်ကြားရင် စိတ်ဆိုးသွားလိမ့်မယ်" စသည်ဖြင့် ပြောခဲ့ကြောင်း စာမျက်နှာများပေါ်၌

ကျွန်တော်တို့ ဖတ်ရှုကြရပြီး ဖြစ်ပါသည်။ သည်လို စိတ်သတ္တိမျိုးကိုပင် Moral Courage ဟု ခေါ်နေကြခြင်း ဖြစ်ပါသည်။

အများသိပြီးဖြစ်သည့် သာဓကတစ်ခုကို ထပ်ဆင့် တင်ပြလိုပါသေးသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ Moral Courage ပင် ဖြစ်ပါ၏။ ၁၉၂၁ ခုနှစ်၌ ဝတ်လုံတော်ရ ဦးမေအောင်က ဆရာကြီးထံသို့ ချဉ်းကပ်ကာ ဘုန်းတော်ဘွဲ့ ရတုတစ်ပုဒ် ရေးဖွဲ့ပေးဖို့ မေတ္တာရပ်ခံပါသည်။ အင်္ဂလန်နိုင်ငံရှိ ဂျော့ဘုရင်၏ သားကြီး ဝေလမင်းသားကို ချီးကျူးဖွဲ့ဆိုရမည့် ဘုန်းတော်ဘွဲ့ရတု။ ဆုငွေက အသပြာကျပ် ၁၀၀၀။ သို့သော် ဆရာကြီး သခင်ကိုယ်တော်မှိုင်း "ဟင့်အင်း" လုပ်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

၂၀ ရာစု၏ အထူးချွန်ဆုံးလူသား (Man of the Century) အိုင်းစတိုင်း၊ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရှင် အိုင်းစတိုင်း၊ ထို Albert Einstein ဟူသည်က ကမ္ဘာသိပင် ဖြစ်ပါသည်။ A စ္စရေးနိုင်ငံ တည်ထောင်ခါစက နိုင်ငံရေးခေါင်းဆောင် ဒေးဗစ်ဘင်ဂူရီယန် (David Ben Gurian) က A စ္စရေးသမ္မတ လုပ်ပေးဖို့A တွက် ဂျူးလူမျိုးဖြစ်သော A ိုင်းစတိုင်းကို ကမ်းလှမ်းပါသည်။ A ိုင်းစတိုင်း၏ A ဖြေက "ဟင့်A င်း" ဆိုသည်သာ။ ဖိလစ်ပိုင်နိုင်ငံ၏ A မျိုးသမီး သမ္မတဟောင်း ကိုရာဇန်A ကွီနို (Corazan Aquino) ဆိုလျှင်လည်း "ဟင့်A င်း" နှင့် နာမည်ကြီးပါသည်။ သူ ဖိလစ်ပိုင်သမ္မတ ဖြစ်နေစဉ် နိုင်ငံတော်က မာစီးဒီးကား ပေးသည်။ အကွီနိုက "ဟင့်အင်း"။ သမ္မတသက်တမ်း ခြောက်နှစ်ပြည့်စဉ် သမ္မတသက်တမ်း တစ်ကြိမ်သာဟု ရှိထားသည့် ဥပဒေကို ပြင်ဆင်ကာ နောက်ထပ် သက်တမ်းတစ်ကြိမ် ဆက်လက်အုပ်ချုပ်ဖို့ ဝိုင်းဝန်း အကြံပေးကြတော့လည်း "ဟင့်အင်း"။

ဟိန္ဒူကြီးစိုးသည့် အိန္ဒိယနိုင်ငံ၌ ရှားရှားပါးပါး အစ္စလာမ်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အဗ္ဗဒူကလမ် (Abdul Kalam) ဆိုလျှင်လည်း ဒုံးပျံA င်ဂျင်နီယာ၊ ဒုံးပျံလက်နက်စီမံကိန်း ဦးဆောင်သူ၊ သုတေသနဌာန A ကြီးA မှူး၊ Ph.D သင်တန်းဆရာ စသည် စသည်။ ငယ်ငယ်ကလေးတည်းက သူ၏ဖခင် ကူးတို့မှူးကြီးက "ဘာလက်ဆောင်မှ လက်မခံနဲ့" ဟု ဆုံးမခဲ့သည့်A တွက် မည်သည့်လက်ဆောင်ကိုမှ လက်မခံခဲ့သူ။ သူ့သမ္မတသက်တမ်းက ၂၀၀၂ ခုနှစ် ဇူလိုင် ၂၄ မှ စတင်ရာ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ ၌ ငါးနှစ်သက်တမ်း ကုန်ဆုံးပါသည်။ သို့ဖြစ်ရာ A ိန္ဒိယသမ္မတ A ဗ္ဗဒူကလမ် သမ္မတနန်းတော်ပေါ်က ဆင်းသည့်နေ့က ၂၀၀၇ ခုနှစ် ဇူလိုင် ၂၅။ တစ်ရက်ကလေးမှ ပိုမနေ။ "ဟင့်A င်း"။

-သုံး-

တကယ်တော့ A မျိုးမျိုးသော ဖြားယောင်းသွေးဆောင်မှုတို့ကို "ဟင့်A င်း" လုပ်ရသည်က တော်ရုံတန်ရုံ စိတ်သတ္တိ၊ ကိုယ်ကျင့်တရားသတ္တိနှင့် မလွယ်ကူလှပါ။ ဗိုလ်ချုပ်A ာင်ဆန်းက သူ့ကာမပိုင် မဟုတ်သည်ကို "ဟင့်A င်း"၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သူမယုံကြည်ရာကို ကဗျာဖွဲ့ဆိုပေးဖို့ "ဟင့်A င်း"၊ A ိုင်းစတိုင်းက သူ့A လုပ်မဟုတ်သည့် သမ္မတရာထူးကို "ဟင့်A င်း"၊ ဖိလစ်ပိုင်သမ္မတ ကိုရာဇန်A ကွီနိုက A ဆောင်A ယောင် A ခမ်းA နား မာစီးဒီးကားကို

"ဟင့်အင်း"၊ အိန္ဒိယသမ္မတ အဗ္ဗဒူကလမ်က လက်ဆောင်ပစ္စည်းကို "ဟင့်အင်း"၊ သမ္မတအိမ်မှာ နောက်တစ်ရက်ထပ်နေဖို့ "ဟင့်အင်း"။

ထိုသို့ ဟင့်အင်းလုပ်ရဲသည့် စိတ်သတ္တိကိုပင် Moral Courage ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ကမ္ဘာကလည်း သည်လို "ဟင့်အင်း" လုပ်ရဲသူတွေကိုသာ ခေတ်အဆက်ဆက် သတိတရ လွမ်းဆွတ်နေခဲ့ကြခြင်း ဖြစ်ပါသည်။ အရေပြားပေါ်မှာသာ "သတ္တိ" လို့ ဆေးမင်ကြောင်ထိုးထားတာမျိုး မဟုတ်ဘဲ စိတ်ဝိညာဉ် လိပ်ပြာပေါ်မှာပါ အဲ့သည်သတ္တိကို ဆေးမင်ကြောင် ထိုးထားလိုက်ချင်စမ်းပါဘိ။

*7 DAY NEWS JOURNAL*
*Vol.10, No.26*
*SEPTEMBER 15, 2011*

# နော်ရူးနဲ့ ဖိုးစော်ကဲရဲ့ တဲပျက်

-တစ်-

နော်ရူးဟူသည့် နိုင်ငံငယ်ကလေး တစ်နိုင်ငံ၏ အကြောင်းကို မကြာခဏ ကြားရလေ့ရှိခဲ့သည်မှာ စာရေးဆရာ ဖေမြင့်၏ နှုတ်ဖျားမှ ဖြစ်ပါသည်။ ကျွန်တော်တို့က ဆရာဖေဟူ၍ ချစ်စနိုးခေါ်လေ့ရှိသော ထိုစာရေးဆရာက ဘူ့စာပေဟောပြောပွဲ စင်မြင့်ပေါ်ကနေ ဟောပြောလေသောအခါ မကြာခဏဆိုသလို ထိုနော်ရူးနိုင်ငံကလေးအကြောင်း ပါတတ်ပါသည်။

Nauru (သို့မဟုတ်) Naoero ဟု စာလုံးပေါင်းလေ့ရှိသော ထိုနိုင်ငံကလေးက ကျွန်းနိုင်ငံလေးမျှသာ ဖြစ်ပါသည်။ ပစိဖိတ်သမုဒ္ဒရာ၏ အလယ်က သန္တာကျွန်းကလေး။ ဧရိယာ စတုရန်းမိုင် ၁၀ မိုင်ပင်မပြည့်သည့် ဘဲဥပုံ ကျွန်းကလေး။ အီကွေတာမျဉ်း၏ တောင်ဘက်မှာ ကပ်နေသည့် ကျွန်းကလေး။

ဤကျွန်းနိုင်ငံလေးရှိရာဆီသို့ ၁၇၉၈ ၌ ဗြိတိသျှတို့ ရောက်လာခဲ့ကြတာ၊ ၁၈၈၈ ၌ ဂျာမနီက သိမ်းပိုက်လိုက်တာ၊ ၁၉၁၄ ၌ ဩစတြေးလျတို့၏ လက်အောက်သို့ ကျရောက်သွားခဲ့ပြန်တာ၊ ဒုတိယကမ္ဘာစစ် အတွင်း၌မူ ၁၉၄၂ မှ ၁၉၄၅ အထိ ဂျပန်တို့ လက်အောက်သို့ ကျရောက်သွားခဲ့ပြန်တာ၊ ထို့နောက် ဩစတြေးလျ၊ နယူးဇီလန်နှင့် အင်္ဂလန်နိုင်ငံတို့၏ ကြီးကြပ်မှုဖြင့် ကုလသမဂ္ဂ လက်အောက်၌ ခိုလှုံနေထိုင်ခဲ့ကာ ၁၉၆၈ ဇန်နဝါရီ ၃၁ ၌ လွတ်လပ်သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့တာ စသည်တို့မှတစ်ပါး နော်ရူးနိုင်ငံငယ်ကလေး၏ အကြောင်းကို ကျွန်တော် သိပ်မသိလှပါ။ သို့သော် သဘာဝသယံဇာတကို ဘယ်တော့မှ မကုန်နိုင်၊ မခန်းနိုင်သော တိုင်းပြည်၏ ရတနာများအဖြစ် ယူဆကာ ထုတ်ရောင်းစားလာကြရာက နောင်တွင် မွဲပြာကျသွားရသည့် နိုင်ငံတစ်ခုအဖြစ်မူ စိတ်ထဲမှာ စွဲ၍နေပါသည်။

နော်ရူးနိုင်ငံကလေးက ဖော့်စဖိတ် (Phosphate) ခေါ် မီးစုန်းဓာတ်ပါသည့် သဘာဝမြေဩဇာ ဒြပ်ပေါင်းများဖြင့် ပြည့်နှက်နေသည့် နိုင်ငံကလေး ဖြစ်ပါသည်။ သို့ဖြစ်ရာ ဘာမှ ပင်ပင်ပန်းပန်း တွေးခေါ်ကြံစည် လုပ်ကိုင်စားသောက်နေစရာ မလို။ သဘာဝကပေးထားသည့် သယံဇာတဖြစ်သော ဖော့စဖိတ်ကြွယ်ဝသည့် မြေကြီးကို တူးပြီး ရောင်းစားနေကြရုံ။ သည်မှာတင် နော်ရူးက ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံ ဖြစ်သွားခဲ့ပါသည်။ တစ်ဦးချင်း ဝင်ငွေကလည်း အမြင့်ဆုံး။

သို့သော် တူးရင်းဆွရင်းကနေ သည်ဖော့်စဖိတ်သတ္တုသိုက်တွေက ကျွန်းနိုင်ငံကလေး၏ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်လိုက်ပါသည်။ နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသော နေရာတွေမှာ လူတွေ အခြေချနေထိုင်လို့ မရတော့။ ဒေသခံ ငှက်မျိုးစုံတို့ ခိုနားစရာ အသိုက်အမြုံတွေ ပျောက်ဆုံးသွားကြရပါသည်။ သို့ဖြင့် နောက်ဆုံးမှာ တူးဆွယူငင်စရာ မရှိတော့သော

နော်ရှးနိုင်ငံ ပိန်ချုံးသွေ့ခြောက် ကျုံလှီ၍ သွားပါတော့သည်။ သည်မှာတင် တိုင်းပြည်၏ အနာဂတ်စီးပွားရေးအတွက် နိုင်ငံတကာအကူအညီကို လှည့်ရှာရသည့် နော်ရှး ဖြစ်သွားခဲ့ရပုံကို သံဝေဂရဖွယ် တွေ့ရှိနိုင်ပါသည်။ နိုင်ငံနှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ဘဲ သဘာဝကပေးသည့် အရင်းအမြစ်ကို တူးရောင်းသည့် နော်ရှးအဖြစ်က ကြောက်ခမန်းလိလိပဲ မဟုတ်ပါလား။

-နှစ်-

အမည်မသိ စာဆိုတော်တို့၏လက်ရာ ကဗျာလင်္ကာများထဲ၌ လူသိများသည့် ကဗျာတစ်ပုဒ် ရှိပါသည်။ အခြေခံပညာ ကျောင်းသုံးစာအုပ်များထဲတွင်သာမကဘဲ ဟိုစာအုပ် သည်စာအုပ်များထဲ၌လည်း မကြာခဏ ပါလေ့ပါထရှိသည့် ကဗျာလေးတစ်ပုဒ် ဖြစ်ပါသည်။ ဖိုးစော်ကဲဟူသော အမည်ဖြင့် လူသိများသော ကဗျာဖြစ်ပါသည်။ ကြည့်ပါ။

*လွှမ်းမပြေ မန်းမြေ တမိတော့*
*ကမ်းခြေမှာ စမ်းရေကျတယ်နှင့်*
*ဖျန်းလေက တသုန်သုန်။*

*တဲတစ်ဖက်*
*ဆွဲဖျက်ကာ အလျင်လိုရှော့ထင့်*
*ကရင်အို ယာပြင်ကြီးမှာ*
*မီးထည့်ကာ လှုံ။*

*မပူပေါင် နောက်ဆီက ချမ်းရှော့ထင့်*
*အဖြူစောင် ခေါက်ထည်ကြမ်းကိုလ*
*လွှမ်းတဲ့လို့ လွှားကာခြုံ*
*ပါးမှာငုံပါလို့ နဝါကွမ်း။*

*ဘေးအိတ်ကို လှို*
*ဆေးလိပ်ကို နားမှာထိုးပါလို့*
*တောင်ရိုးမှာ ဘာသာပျော်ကြ*
*အမိုးခေါ် ဖိုးစော်ကဲတို့မှာ*
*ကွင်းအငူ နှင်းမြူမှ မစဲခင်က*
*တဲဖျက်တဲ့လမ်း။*

ကဗျာ၏အနက်က ရှင်းပါသည်။ တဲတစ်လုံးနှင့် ကရင်အမျိုးသားအိုကြီး တစ်ယောက်။ ကရင်အိုကြီးက ကွမ်းနဝါကလေးကို ပါးမှာငုံလို့။ ဘေးအိတ်ကလေးထဲမှာ လက်ကိုလှိုလို့။ ဆေးလိပ်တိုကလေးကို နားကြားမှာ ထိုးလို့။ အဖြူရောင် စောင်ကြမ်းကလေးတစ်ထည်ကိုလည်း ကိုယ်ပေါ်မှာ လွှမ်းခြုံလို့။ တဲနှင့် မလှမ်းမကမ်းဆီမှာက စမ်းချောင်းတစ်ခုက စီးဆင်းလျက်။

ဆောင်းလေက တသုန်သုန် တိုက်ခတ်လျက်။ တောင်ရိုးတစ်လျှောက် ကွင်းပြင်အနှံ့မှာ နှင်းမြူတွေက ထူထူထဲထဲကျလျက်။ ကရင်အိုကြီးက အချမ်းဒဏ်ကို တုပရန်အလို့ငှာ တဲတစ်ဖက်ကို ဆွဲဖျက်ကာ မီးပုံထဲထိုးထည့်ပြီး မီးလှုံနေခဲ့လေသတဲ့။

အော်... ပစိဖိတ်သမုဒ္ဒရာ အလယ်က နော်ရူးနိုင်ငံကလေးကို ကျွန်တော် သတိရလိုက်တာ။

-သုံး-

ထင်းမရှိသောကြောင့် ခြံစည်းရိုးကို ချိုးပြီး မီးထိုးကာ ထမင်းအိုး၊ ဟင်းအိုး ချက်နေရသည့် မြင်ကွင်းမျိုးကို ကျေးလက်တောရွာများဆီ၌ တွေ့ရတတ်ပါသည်။ "ဖိုးစော်ကဲ" ကဗျာထဲကလိုပဲ လတ်တလော အအေးဒဏ်ကို တုပဖို့ ကိုယ့်တဲကို ကိုယ်ဖျက်ကာ မီးထည့်လှုံရသည့် အဖြစ်က ကြေကွဲဖို့ကောင်းပါသည်။ အနီးကပ် ပြဿနာကို ဖြေရှင်းဖို့ အနာဂတ်ကို မျှော်မကြည့်နိုင်သည့် လုပ်ရပ်များ။

နော်ရူးက သည်သင်ခန်းစာပဲ ဖြစ်ပါသည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ကျောက်သံပတ္တမြား၊ ကိုယ့်တော၊ ကိုယ့်တောင်၊ ကိုယ့်သီးနှံ၊ ကိုယ့်သစ်ဥ သစ်ဖုတို့ကို မထိန်းသိမ်းဘဲ သဘာဝပတ်ဝန်းကျင် အပျက်ခံကာ လူရော ငှက်ပါ နေစရာမရှိတော့အောင် ပိုက်ဆံရှာကြရာက အချမ်းသာဆုံးဘဝကနေ နိုင်ငံတကာကို "ကယ်ပါ" ဟု အကူအညီ တောင်းခံရသော နော်ရူးအဖြစ်က ကြေကွဲစရာ ဖြစ်ပါသည်။

ချမ်းချင်သလောက် ချမ်းပါစေ ဖိုးစော်ကဲရယ်၊ တဲဖျက်ကာ မီးထဲတော့ ထည့်မလှုံလိုက်ပါနဲ့။

*7 DAY NEWS JOURNAL*

*Vol.10, No.28*

*SEPTEMBER 29, 2011*

# ကိုရွှေရှင်ဘုရင်နဲ့ မန်ကျည်းပင်ပေါ်က လူထု

-တစ်-

စာရေးဆရာကြီး ဇေယျ မကြာခဏ ညွှန်းလေ့ရှိတတ်သော စာအုပ်လေးတစ်အုပ် ရှိပါသည်။ "အတ္တုပ္ပတ္တိထူး" ဟူသော စာအုပ်လေးပဲ ဖြစ်ပါသည်။ ထုတ်ဝေသောနှစ်ကို မြန်မာနှစ် ၁၂၆၈ ဟု ဖော်ပြထားပြီး ရန်ကုန်မြို့၊ လမ်းမတော်ရပ်၊ မြန်မာ့ဩဘာ စာအုပ်တိုက်က ထုတ်ဝေသည် ဆိုသဖြင့် သည်စာအုပ်ကလေးကို ရှာဖွေတွေ့ရှိရန်မှာမူ အလွန်ပင် ခက်ခဲသွားပါပြီ။ စာအုပ်က ပါးစပ်ရာဇဝင် အမျိုးအစား ဖြစ်ပါသည်။ တစ်ဆင့်စကား တစ်ဆင့်နား သူပြောငါပြော Oral History အမျိုးအစား ဖြစ်သည့်အတွက် အကိုးအကား အထောက်အထားအားဖြင့် အလွန်တရာ အားနည်းလှသည့်အတွက် ဆရာကြီး ဒေါက်တာသန်းထွန်းတို့လို တကယ့်သမိုင်း ပညာရှင်များကတော့ ခံတွင်းတွေ့လှမည် မဟုတ်ပါ။ သို့သော် လူတို့၏စိတ်ကို ခံစားမှုပေး၍ ပြုပြင်နိုင်သော ရသစာပေသဘောမျိုးဖြင့် ဖတ်ကြည့်လျှင်ပင် မဆိုးလှဟု၍ အောက်မေ့မိပါသည်။

သည်စာအုပ်ကလေးထဲ၌ ထူးခြားသည့် လူပုဂ္ဂိုလ် ၁၁ ဦး၏အကြောင်းကို ဖော်ပြထားရာ "ဗညားကျန်းတော" လည်း ပါဝင်ပါသည်။ လူတူမရှား နာမည်တူမရှားဟု အဆိုရှိသကဲ့သို့ မြန်မာရာဇဝင်အဆက်ဆက်၌ "ဗညားကျန်းတော" ဟူသော အမည်ကို မကြာခဏ တွေ့ရတတ်လေ့ရှိရာ သည် "ဗညားကျန်းတော" က ညောင်ရမ်းခေတ်၊ သာလွန်မင်းတရား၏ထံတွင် အမှုထမ်းသူ "ဗညားကျန်းတော" ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ခရစ်နှစ် ၁၅၉၇ မှသည် ၁၇၅၂ အထိ ကြာညောင်းသော ညောင်ရမ်းခေတ်တွင် အင်းဝထီးနန်း၌ စိုးစံသွားသည့် သာလွန်မင်းတရားထံ၌ အမှုထမ်းသည့် "ဗညားကျန်းတော" ပဲ ဖြစ်ပါသည်။

(နှစ်)

တစ်နေ့တွင် သာလွန်မင်းက စစ်ကိုင်းဘက်ကမ်းသို့ ကူးရန် ကိစ္စပေါ်ပါသည်။ ဤခရီးတွင် ဝန်ကြီး ဗညားကျန်းတောလည်း ပါဝင်ပါသည်။

သို့ဖြင့် မင်းနှင့်တကွ အမှုထမ်းများ အင်းဝမြို့ကိုဖြတ်ကာ ဧရာဝတီမြစ်ကမ်းစပ်သို့ ဆင်းပါသည်။ ထိုအခါ မန်ကျည်းပင် စုစုကလေးရှိရာ တောအုပ်ကို ဖြတ်သန်းကြရသည်။

ဤ၌ ညောင်ရမ်းခေတ် အင်းဝဘုရင် သာလွန်မင်း အစိုးရအဖွဲ့နှင့် မန်ကျည်းရွက်ခူးသူတို့ တည့်တည့်တိုးကြပါတော့သည်။

မန်ကျည်းရွက်တို့ ပင်လုံးကျွတ်မတတ် နနေကြသည့် ရာသီဖြစ်ရာ အပင်တိုင်း အပင်တိုင်း၌ မန်ကျည်းရွက် တက်ခူးနေသူများနှင့် စည်ကားနေပါသည်။ သုပ်စားစား၊ ဟင်းချို

လုပ်သောက်သောက်၊ ချဉ်ရည်ဟင်း ချက်ချက် အသုံးတည့်လှသည့် မန်ကျည်းရွက်ဖြစ်ရာ မန်ကျည်းရွက်နုချိန်၌ မန်ကျည်းရွက် ခူးလေ့ရှိကြသည်မှာ ဘာမှ မဆန်းကြယ်လှပါ။

ဤတွင် ဝန်ကြီးဗညားကျန်းတောက ဘုရင်ကို ကိုယ်စားပြုလျက် မန်ကျည်းရွက်ခူးနေသူများကို ဟိန်းဟောက် မာန်မဲခြိမ်းခြောက်ပါတော့သည်။ သည်တော့ ဘုရင်ဆိုလျှင် ဘာပဲဖြစ်ဖြစ် ကြောက်ရွံ့ကြရမြဲ ဓမ္မတာ မန်ကျည်းပင်ပေါ်က မန်ကျည်းရွက်ခူးနေသူများ ခများ ဆင်းပြေးကြရှာပါသည်။ သို့သော် တစ်ယောက်…။ ဟုတ်ပါသည် တစ်ယောက်။ ထိုတစ်ယောက်ကဖြင့် ဆင်းမလာပါ။ မန်ကျည်းကိုင်း တစ်ကိုင်းပေါ်မှာ မတ်တပ်ရပ်လျက်က သူလက်လှမ်းမီရာ မန်ကျည်းရွက်တို့ကို ခူးဆွတ်မြဲ ခူးဆွတ်နေပါလေသည်။ သည်တော့ “ထူးဆန်းသည့် လူတစ်ယောက်ပါလား” ဟုဆိုကာ ဝန်ကြီး ဗညားကျန်းတောက ထိုသူကို အောက်ဆင်းလာဖို့ ခေါ်သည်။ မန်ကျည်းရွက်ခူးသူက အောက်သို့ဆင်းလာကာ မထီမဲ့မြင်လည်း မဟုတ်၊ မျက်စိစုံမှိတ်ကာ ကြောက်နေခြင်းမျိုးလည်း မဟုတ်ဘဲ ပုံမှန်အနေအထားဖြင့် ဘုရင်နှင့် သူ့လူစုကို မျက်နှာချင်းဆိုင်ပါသည်။

ဝန်ကြီးဗညားကျန်းတောက “မင်း ငါ့ကို သိသလား” ဟု မေးပါသည်။ မန်ကျည်းရွက်ခူးသူက ဘုရင်သာလွန်မင်းနှင့်တကွ အားလုံးကိုသိကြောင်း လျှောက်တင်ပါသည်။ “အများသူငါတို့ ထွက်ပြေးပါလျက် မောင်မင်းက ဘာကြောင့် ထွက်မပြေးတာလဲ၊ မကြောက်လို့လား” စသည့် မေးခွန်းများကိုလည်း ဗညားကျန်းတောက ဆက်မေးပြန်ပါသည်။ မန်ကျည်းရွက်ခူးသူက ပြန်လည်ဖြေကြားရာ တောသူတောင်သားတို့ သဘာဝ တစ်လုတ်တစ်ဆုပ် စားမှုသောက်မှုအတွက် မန်ကျည်းရွက် တက်ခူးနေကြခြင်း ဖြစ်ကြောင်း၊ သည့်အတွက် မည်သူ့ကိုမှ ကြောက်စရာ မလိုကြောင်း၊ ဘုရင်နှင့် ဝန်ကြီးတို့၏ အလုပ်သည် တိုင်းပြည် ငြိမ်ဝပ်ပိပြား အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရန်သာ လိုကြောင်း၊ သာမန် လက်လုပ်လက်စား ပြည်သူလူထုကို ခြောက်လှန့်ဖို့ မဟုတ်ကြောင်း စသည့် အဓိပ္ပာယ်သက်ရောက်သော စကားတို့ပင် ဖြစ်ပါသည်။

အံ့ဩစရာကောင်းသည်က ဗညားကျန်းတော ဖြစ်ပါသည်။ မန်ကျည်းပင်ပေါ်က မဆင်းသော ထိုလူကို စိတ်မဆိုးခြင်းပင် ဖြစ်ပါသည်။ ပို၍ အံ့ဩစရာကောင်းသည်မှာ စိတ်မဆိုး၊ အမျက်မထွက်ရုံမျှမက နန်းတော်သို့ခေါ်ယူ၍ မြှောက်စားလိုက်ခြင်းပင် ဖြစ်ပါသည်။

(သုံး)

မြန်မာ့ လူ့အဖွဲ့အစည်းက လောကပါလတရား နှစ်ပါးနှင့် နီးစပ်ပါသည်။ ဟီရိနှင့် ဩတ္တပ္ပတဲ့။ ရှက်ခြင်းနှင့် ကြောက်ခြင်းဟု ကျွန်တော်တို့ ခပ်လွယ်လွယ် အနက်ဖွင့်ပါသည်။ တကယ့်တကယ်၌ “မကောင်းမှု” ကို ဟူသည့် ဝိသေသကလေး ရှေ့က ပါပါသေးသည်။ အလကားနေရင်း ရှက်နေကြဖို့၊ ကြောက်နေကြဖို့ မဟုတ်။ မကောင်းမှုကို ပြုဖို့ ရှက်ရကြောက်ရမည် ဟူ၍သာ။ ကျန်တာ ရှက်စရာမလို၊ ကြောက်စရာမလို။

အစိုးရနှင့် လူထု ဆက်ဆံရေးကလည်း သည်အတိုင်းပဲ ဖြစ်ပါသည်။ အထူးသဖြင့် လူထုအတွက် လူထုက ရွေးချယ်တင်မြှောက်ထားသော လူထု၏ အစိုးရတစ်ရပ်ကို အပြစ်မရှိသူ လူထုက ဘာမှ ကြောက်ရွံ့နေစရာ မလိုလှပါ။

ညောင်ရမ်းခေတ်က အင်းဝမြို့အစွန် မန်ကျည်းပင်စုစု အတွင်း၌ မန်ကျည်းရွက်ခူးနေသူ လူတစ်ယောက် သာလွန်မင်းနှင့် ဗညားကျန်းတောကို မြင်ပါလျက် မန်ကျည်းပင်ပေါ်က ဆင်းမလာခြင်းမှာ သည်သဘောထားပဲ ဖြစ်ပါသည်။ ဒါကို သည်တုန်းက ဝန်ကြီး ဗညားကျန်းတောကလည်း လက်ခံပါသည်။ သက်ဦးဆံပိုင် ဘုရင့်အုပ်စိုးမှု စနစ်အောက်၌ ရှားတောင့်ရှားပါး တွေ့မြင်ရခဲ့သည့် Freedom from Fear ဇာတ်ဝင်ခန်းပင် ဖြစ်ပါသည်။

လူထု၌ ထိုမန်ကျည်းရွက်ခူးသူ၏ စိတ်ဓာတ်မျိုးရှိဖို့ လိုပါသည်။ အစိုးရကလည်း သာလွန်မင်းနှင့် ဝန်ကြီး ဗညားကျန်းတောတို့လို မန်ကျည်းပင်ပေါ်က မဆင်းသည့်လူ၏ စိတ်သတ္တိကို အသိအမှတ်ပြုဖို့ လိုပါသည်။ အမြဲတမ်း အထိတ်ထိတ် အလန့်လန့် အကြောက်ကြောက် အရွံ့ရွံ့ ဖြစ်အောင်လုပ်ပြီး မွေးမြူထိန်းကျောင်းတတ်သူ မိဘတို့၏ သားသမီးများ ဘယ်သောအခါမှ ထွန်းကားလေ့မရှိပါလေ။

*7 DAY NEWS JOURNAL*
*Vol.10, No.31*
*OCTOBER 20, 2011*

## ဉာဏ်ပညာထဲမှာ နလုံးသား ထည့်ပေါင်းဖို့

-တစ်-

*ပညာပြည့်ဝ၊ နလုံးလှသော်*
*ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်*
*ကျဉ်းကျယ်ထွင်းဖောက်၊*
*ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏။*

လူတိုင်းနှင့် ရင်းနှီးသည့် ကဗျာကောက်နုတ်ချက်ကလေးပဲ ဖြစ်ပါသည်။ စာမျက်နှာ တစ်နေရာရာ ဒါမှမဟုတ် ရုံးခန်း၊ ဧည့်ခန်း၊ အစည်းအဝေး ခန်းမနံရံ တစ်နေရာရာတို့၌ သည်ကဗျာ ကောက်နုတ်ချက်ကလေးကို အများပြည်သူ မြင်သာစေရန် သပ်သပ်ရပ်ရပ် ရေးသား ချိတ်ဆွဲထားသည်များကို မကြာခဏ တွေ့ရတတ်ပါသည်။ ငယ်ငယ်ကတော့ သည်ကဗျာ ကောက်နုတ်ချက် အတိုကလေးပေါ်မှာ ဘာမှ အလေးအနက် မရှိလှ။ နောက်တော့ ကြီးလာလေလေ တစိမ့်စိမ့် တွေးမိလေလေ အောင်မြင်ခြင်း၏ သော့ချက်ကို ရိပ်စားမိလေ ဖြစ်လာရသည်ကို ဝန်ခံလိုပါသည်။

လောကကို လိုသလို ထုဆစ်ပိုင်းဖြတ် ပုံဖော်နိုင်ဖို့အတွက် နှစ်ခုပဲ လိုပါသတဲ့။ တစ်ခုက ပညာ။ တစ်ခုက လှသော နလုံးသား။ ဒါက ကဗျာကောက်နုတ်ချက်၏ ဆိုလိုရင်း။

သည်ကဗျာကောက်နုတ်ချက်က မာဃဒေဝ လင်္ကာသစ်ထဲက ကောက်နုတ်ချက် ဖြစ်ပါသည်။ ကဗျာစာဆိုက မန်လည်ဆရာတော်ဘုရား။ "မာန်မလုပ်ချင်ဘု၊ မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ နကိုသတ်ရုံပဲ" ဟု ဆရာတော်ကိုယ်တိုင် ဖွဲ့စပ်ဖူးခဲ့လေရာ ငယ်နာမည်ကို နသတ်ရုံနှင့် မာန်ဖြစ်သွားမည်ဟု ဆိုတာကတော့ ထင်ရှားပါသည်။

အဖ သစ်ကုန်သည် ဦးထင်ညိုနှင့် အမိ ဒေါ်ဖြေတို့၏ သား။ မန်လည်မြို့ ဇာတိ။ ရဟန်းအမည် ရှင်ဇဝန။ မြန်မာနှစ် ၁၂၃ တွင် မွေး၍ ၁၂၈၂ တွင် ပျံလွန်တော်မူ။ သက်တော် ၇၉ နှစ်၊ ဝါတော် ၅၆ ဝါ။ အင်္ဂလိပ်အစိုးရ လက်ထက်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို အဆက်ကပ်ခံတော်မူခဲ့ရသူ။ မာဃဒေဝလင်္ကာသစ်က ဆရာတော်၏ နာမည်ကျော် လက်ရာ။

အခု အထက်တစ်နေရာတွင် ကောက်နုတ်ဖော်ပြခဲ့သော ကဗျာ တစ်ပိုင်းတစ်စက ထိုမာဃဒေဝလင်္ကာထဲက ကောက်နုတ်ချက် ဖြစ်ပြီး လူဆိုသည်မှာ ပညာတတ်နေရုံမျှနှင့် မပြီး။ စိတ်ထားကောင်းနေရုံမျှနှင့်လည်း မပြီး။ နှစ်ခုပေါင်းတော့မှ ဘဝကို လိုသလို ပုံဖော်ထုဆစ်နိုင်မည် ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်ပေရာ လောကကို လှမ်းမြှုံကြည့်လိုက်တော့ သည်အတိုင်း ဖြစ်နေသည်ကို ထင်လင်းစွာ တွေ့မြင်ရပါသည်။

-နှစ်-

ဆိုကြစို့။ အယ်လ်ဘတ်အိုင်းစတိုင်း (Albert Einstein) ဂျာမနီနိုင်ငံ ဂူတင်ဘာ့ဂ်မြို့သား။ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရှင် $E=MC^2$ ဟူသည့် စွမ်းA င်ဆိုင်ရာ ညီမျှခြင်း၏ ဖခင်၊ ၂၀ ရာစုနှစ်၏ စံပြလူသား (Man of The Century For 20th Century)၊ ရူပဗေဒပညာရပ် နယ်ပယ်မှာ ကြယ်ပွင့်ကြီးတစ်လုံး၊ ဒါက A ယ်လ်ဘတ်Aိုင်းစတိုင်း၏ ပညာဉာဏ်ကိစ္စ၊ ထား။

သူ့ပညာဉာဏ်ကိစ္စကို A သာထားကာ စိတ်နေစိတ်ထားကို လှမ်းကြည့်လိုက်တော့ နှလုံးသားA လှကလည်း ထင်းထင်းကြီး။ A ဝတ်A စားကို ဘယ်တော့မှ တောက်တောက်ပြောင်ပြောင် ခန့်ခန့်ထည်ထည်နဲ့ ကိန်းကြီးခန်းကြီး မဝတ်မဆင်ပါလေတဲ့။ A စ္စရေးသမ္မတ A ဖြစ် ကမ်းလှမ်းလာတော့ သူ့A လုပ်မဟုတ်ဘူးဟု ဆိုကာ ငြင်းဆန်ပါလေသည်။ ကိုယ်နှင့် မဆိုင်တာကို ဝင်မရှုပ်။ ဒေါ်လာ ၁၅၀၀ တန် ချက်လက်မှတ်ကို ဖတ်လက်စစာA ုပ် ညှပ်ဖို့လောက်သာ စိတ်ဝင်စားလေသတဲ့။ ငွေက သူ့စိတ်ကို မလွှမ်းမိုးနိုင်။ သို့နှယ် ထို့နှယ်သော စိတ်ထားသဘောထား A လှများက သူ့ပညာဉာဏ်ကြီးမှုဆီမှာ သွားရောက်ပေါင်းစပ်လေသောA ခါ ချစ်မြတ်နိုးဖွယ်ရာ A ယ်လ်ဘတ်Aိုင်းစတိုင်းA ဖြစ် ကမ္ဘာကျော်သွားပါလေတော့သည်။

ထပ်ဆင့်၍ ဆိုကြပါဦးစို့။ Aိန္ဒိယနိုင်ငံ၏ ၁၁ ဆက်မြောက် သမ္မတကြီးA ဖြစ် ၂၀၀၂ မှသည် ၂၀၀၇ A ထိ တာဝန်ထမ်းဆောင်သွားခဲ့လေသော A ဗ္ဗဒူကလမ် (Abdul Kalam) ၏ A ကြောင်း။ ပညာဉာဏ်နယ်ပယ်တွင် သူက သိပ္ပံနှင့် နည်းပညာသမား။ ဒုံးပျံ A င်ဂျင်နီယာ။ Anna University Chennai တွင် PH.D သင်တန်းများ ပို့ချပေးသူ။ ပညာကြီးသည့်ကဖြင့် A များသိပြီး ဖြစ်ပါသည်။

သူ့စိတ်နေသဘာဝကရော။ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ တွင် သမ္မတသက်တမ်း ကုန်ဆုံးတော့ နောက်တစ်နေ့ ဇူလိုင် ၂၅ မှာ သမ္မတAိမ်တော်ပေါ်မှ ဆင်းသွားသည်။ သမ္မတA ဖြစ် သေတ္တာနှစ်လုံးနှင့် ရောက်လာခဲ့ကာ ထိုသေတ္တာနှစ်လုံးနှင့်ပဲ ပြန်ဆင်းသွားလေသတဲ့။ သူ့ကိုယ်ပိုင်ပစ္စည်းက သူပိုင်ငွေကြေးနှင့် ဝယ်ယူထားသည့် စာA ုပ်များသာ။ ဘဝတစ်လျှောက်လုံး ဘာလက်ဆောင်ကိုမှ သူ မယူ။ သူ သမ္မတတာဝန် ထမ်းဆောင်နေစဉ် ၂၀၀၆ ခုနှစ် မေလကြီးထဲ ဆွေမျိုးညာတိ စုစုပေါင်း ၅၂ ယောက်တို့ နယူးဒေလီသို့ ရောက်လာကြလေသောA ခါ သမ္မတAိမ်တော်၌ မထားဘဲ နယူးဒေလီတစ်ဝိုက်က တည်းခိုခန်းများ၌သာ နားခိုကြစေသည်။ A စိုးရကားကို မသုံး။ ကိုယ့်ကားနှင့် ကိုယ်သာ မြို့လုံးA နှံ့ လိုက်လံပို့ဆောင် ပြသကာ ကျွေးမွေးနေထိုင် စားသောက်စရိတ် ရူပီးငွေ သုံးသိန်းခွဲဝန်းကျင်ကို ကိုယ်ပိုင်ငွေကြေးများထဲမှသာ သုံးစွဲကျခံခဲ့သည်။ ေA ာ်... ဤသို့ ထိုသို့သော စိတ်နေစိတ်ထား A လှA ပများက သမ္မတကြီး၏ ဉာဏ်ပညာကြီးမှုဆီမှာ သွားရောက် ပေါင်းစပ်လေသောA ခါ ကမ္ဘာက ခေါင်းမော့ငေးကြည့်ရသည့် A ဗ္ဗဒူကလမ် ဖြစ်သွားပါတော့သည်။

ထပ်ဆင့်၍ တစ်ဖန် ဆိုကြပါဦးစို့။ ဘီလ်ဂိတ် (Bill Gates)။ ကမ္ဘာကျော် မိုက်ကရိုဆော့ဖ် (Microsoft) ကွန်ပျူတာကုမ္ပဏီကို တည်ထောင်သူ ဘီလ်ဂိတ်။ ဉာဏသမား။ ဉာဏ်ဖြင့် အသက်မွေးဝမ်းကျောင်းသူ။ သူ့စိတ်ကတဲ့ရော။ သူပိုင် ခနဉစ္စာ ဒေါ်လာ ၅၈ ဘီလီယံကို

ပရဟိတကိစ္စများ ဆောင်ရွက်ရန်အတွက် ကမ္ဘာသို့ လှူဒါန်းထားလေသတဲ့။ ပညာကောင်းကောင်း၊ စိတ်ထားကောင်းကောင်းနှင့် ဘီလ်ဂိတ်ကို ကမ္ဘာက အလေးအနက်ထားတာ ဘာမှမဆန်း။

အိန္ဒိယနိုင်ငံ၏ နေတစ်ပွင့် လတစ်ပွင့် မဟတ္တမဂန္ဒီ (Gandhi) ဆိုလျှင်လည်း အင်္ဂလန်နိုင်ငံ၌ ဥပဒေပညာ သွားရောက်သင်ယူခဲ့သူ ပညာတတ်။ သည်မျှအထိဖြင့်တော့ ဂန္ဒီဆိုတာ ဘာမှမဟုတ်။ သို့သော် သူက အကြမ်းမဖက် လမ်းစဉ်သမား။ သူ့တရားက ခန္တီစတရား။ ရထားပေါ်သို့အတက် ဖိနပ်တစ်ဘက် ကျွတ်ကျသွားစဉ် နောက်တစ်ဘက်ကို ထပ်ချွတ်ချကာ ကောက်ရသောသူ တစ်ရံအပြည့် စီးလို့ရဖို့ လုပ်ပစ်ခဲ့သူ။ မီးရထားကို စတုတ္ထတန်း မရှိလို့ တတိယတန်းက စီးပါတယ်ဟု ဆိုသူ။ ပြည်တွင်းဖြစ်ကိုသာ ခြိုးခြံချွေတာစွာဖြင့် ဝတ်ဆင်သူ။ သည်မှာတင် မဟတ္တမဂန္ဒီဆိုသော နာမည်ကြီးက ကမ္ဘာပေါ်မှာ ဟိန်းသွားပါတော့သည်။

-သုံး-

ဆိုကြပါစို့။ ဆိုကြပါစို့ ဟူသောစကားဖြင့် တစ်ယောက်ပြီးတစ်ယောက် ထုတ်ပြရသော် ပညာပြည့်ဝ နှလုံးလှသောသူတို့ ဆုံးနိုင်ဖွယ်မမြင်ပါ။ ဒေါက်တာ နော်မန်ဗက်သွန်းလည်း ပါနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း ပါနိုင်ပါသည်။ သခင်ကိုယ်တော်မှိုင်းလည်း ပါနိုင်ပါသည်။ တဂိုးလည်း ပါနိုင်ပါသည်။

ထိုသို့သော ပုဂ္ဂိုလ်အပေါင်းတို့က ပညာတွင် နှလုံးသားထည့်ပေါင်းဖို့ သာဓက ပြခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ဒါကိုလည်း ကုန်းဘောင်ခေတ် ရဟန်းစာဆို တစ်ပါးဖြစ်သော မန်လည်ဆရာတော်ဘုရားက ခပ်စောစောကတည်းကပင်လျှင် "ပညာပြည့်ဝ၊ နှလုံးလှသော်" ဟု ထည့်သွင်းစပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

စာမေးပွဲမှာ အမှတ်တွေ အများကြီးရဖို့၊ ဂုဏ်ထူးတွေ အများကြီးထွက်ဖို့၊ သင်တန်းဆင်း လက်မှတ်တွေ တစ်ခုပြီး တစ်ခုရဖို့ အမောတကော ကြိုးစားနေကြသော ခေတ်လူငယ်တို့ အနေနှင့် စိတ်ကိုလည်း တန်ဆာဆင်ဖို့ မမေ့အပ်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါသည်။

*7 DAY NEWS JOURNAL*
*Vol.11, No.2*
*MARCH 15, 2012*

## ခြောက်သွေ့သော နေ့ရက်နှင့် စိုရွှဲသည့် စိတ်ကူးများ

-တစ်-

ကျွန်တော်က စာပေဖတ်ရှုလေ့လာမှု၌ တော်တော့်ကို မွေ့လျော်သူ ဖြစ်ပါသည်။ ထို့ပြင် ဖတ်ရှုလေ့လာမိသမျှ စာမျက်နှာပေါင်းများစွာပေါ်က မှတ်ဖွယ်မှတ်ရာ တိုတိုထွာထွာ ကလေးများကိုလည်း ကူးယူ တို့ထိထားလေ့ရှိရာ မကြာခဏ ဆိုသလို ထိုမှတ်စုပဒေသာ စာအုပ်ကလေးများကို ပြန်ပြန်ဖတ်မိနေလေ့ရှိပါသည်။

တစ်နေ့က ထိုမှတ်စုပဒေသာ စာအုပ်ကလေး တစ်အုပ်ကို တောင်လှန်မြောက်လှန် ပြန်ဖတ်၍နေမိစဉ် ရေနှင့်ပတ်သက်သော မှတ်စုကလေး တစ်ခုဆီအရောက်၌ စိတ်က လှုပ်နိုး၍ သွားပါသည်။ လူတို့၏ ကျင်ငယ်ရေကို သောက်ရေအဖြစ် ပြန်သန့်သည့် သတင်းမှတ်စုကလေး။

နိုင်ငံက စင်္ကာပူနိုင်ငံ ဖြစ်ပါသည်။ စင်္ကာပူသည် သောက်သုံးရေကိုပင် မလေးရှားကနေ၍ မှာယူတင်သွင်းရသည့် နိုင်ငံဖြစ်ရာ ရေချို အလွန်ရှားသော ဒေသအဖြစ် လူသိများပါသည်။ သို့ဖြစ်ရာ စွန့်ပစ်ရေများကို ပြန်သုံး၍ ရရန်အတွက် စက်ရုံငါးရုံ တည်ဆောက်ပြီး ကြိုးစားခဲ့ကြရာ ယခု အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ အထူးသဖြင့် ကျင်ငယ်ရေများကို သောက်ရေအဖြစ် ပြန်သန့်စင်ခြင်း ဖြစ်ပါသည်။ နာမည်က New နှင့် ပေါင်းစပ်ကာ Newater တဲ့။ ထို Newater ကို စင်္ကာပူနိုင်ငံသားတို့ စတင်သောက်သုံးနေပြီ ဆိုပဲ့လား။ အော်... ရေ... ရေ။ ကိုယ့်ကျင်ငယ်ရေကို ကိုယ်ပြန်သောက်ရလောက်သည်အထိ ကမ္ဘာပေါ်က အချို့အချို့သော နေရာတွေမှာ ခန်းခြောက်နေကြသည် ဆိုပဲ့ကလား။

အာဖရိကတိုက်ကြီးထဲက ကင်ညာနိုင်ငံတွင်ကား လူတစ်ယောက်အတွက် တစ်နေ့တာ ရေခွဲတမ်းက ရေဆယ်လီတာတဲ့။ ဒါဆို ရေသန့်ဘူး ဆယ်ဘူးစာလောက်ပဲ ရှိမှာပေါ့။ ချိုးတာရော၊ မျက်နှာသစ်တာရော၊ လျှော်တာ ဖွပ်တာရော၊ သောက်တာရော၊ ကိုယ်လက် သန့်စင်တာရော အကုန်လုံးအတွက်မှ ရေသန့်ဘူး ဆယ်ဘူးစာလောက် ဆိုတော့ ရေခွဲတမ်းက မနည်းလွန်းနေဘူးလား။ လူတစ်ယောက်အတွက် တစ်နေ့တာ ရေအခြေခံ လိုအပ်ချက်က လီတာ ၂၀ ကနေ လီတာ ၅၀ အထိ လိုတယ်လို့ ခန့်မှန်းထားကြတာ မဟုတ်လား။ အင်းလေ... ခန်းခြောက်ရာဒေသမှာ သည် ဆယ်လီတာလောက် ရနေတာကိုကပဲ ကံထူးလေစွဟု အောက်မေ့ရတော့မည် ဖြစ်ပါသည်။

-နှစ်-

ကျွန်တော်တို့နိုင်ငံကို ပြန်ကြည့်လိုက်တော့ ရေတွေက ပေါသယောင် ထင်ရပါသည်။ မြစ်တွေ ချောင်းတွေ အင်းတွေ အိုင်တွေ ပင်လယ်ကြီးတွေနှင့် မဟုတ်လား။ သည့်အပြင် မြေအောက်ရေ

အပေါ်များဆုံးနိုင်ငံတွေကို စာရင်းချကြည့်လိုက်ပြန်တော့လည်း ရုရှားက နံပါတ်တစ်တဲ့။ မြန်မာက နံပါတ်လေးတဲ့။ အင်း… သိပ်ပြီးတော့ မဆိုးလှ။ ရေရှားပါးမှု အန္တရာယ်နှင့် ကြုံတွေ့နိုင်သော နိုင်ငံများကို ရာခိုင်နှုန်းတွက်ကြည့်တော့ မြန်မာက ၁၀ ရာခိုင်နှုန်းပဲ ရှိသတဲ့။ ရေဒုက္ခက တို့တွေနဲ့ အဝေးကြီးမှာပါဟု ထင်ကောင်း ထင်နိုင်စရာ ရှိပါသည်။ သို့သော် ထိုအထင်ကို ချေဖျက်ဖို့အတွက် နိုင်ငံအနှံ့ ခရီးသွားကြည့်စေချင်ပါသည်။ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်က ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံ၊ ဂွ၊ သောင်ကျိုး၊ တိုင်ကျိုး၊ ကျိန္တလီ၊ မြပြင်၊ ဂျိတ်တော၊ ပေလီ၊ သံတွဲ၊ တောင်ကုတ်သားတို့ သူတို့ရဲ့ဘေးမှာ ရှိနေသော ဘင်္ဂလားပင်လယ်အော်ကြီးထဲက ရေကို သောက်မရပါ။ ထို့အတူ မုတ္တမ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ရေး၊ ကော့သောင်းသားတို့ သူတို့ဘေးက မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်ကြီးထဲက ရေကို သောက်မရကြပါ။ မိတ္ထီလာကန်ကြီးထဲက ရေကို သောက်သုံးရန် မသင့်တော်။ အင်းလေးကန်ကြီးထဲက ရေက သောက်သုံးရန် မသင့်တင့်။ ဟိုမြို့ သည်မြို့ ဟိုရပ် သည်ရွာ တူးသမျှ ရေအများစုမှာ သံဓာတ်များလို့၊ ခဲဓာတ်များလို့၊ အာဆင်းနစ်များလို့ စသည်ဖြင့် အသံတွေ ကြားကြရစမြဲ။ မြစ်ကြီးနားကစလို့ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ ပုဂံ၊ ပြည်၊ အောင်လံ၊ သရက်ဝန်းကျင်အထိက ဧရာဝတီမြစ်ထဲက ရေကို ဟိုတုန်းက အကုန်လုံး သောက်ခဲ့ကြ၊ ယခုလည်း သောက်သူက သောက်ကြဆဲ။ မြို့ရွာများက စွန့်ပစ်လိုက်သည့် ရေဆိုးတွေက မြစ်ထဲကို တသွင်သွင် စီးဆင်းလို့။ အော်ဂလီဆန်ချင်စရာ ကောင်းလှပါရဲ့။

ပုပ္ပားတောင်ကြီးနှင့် မလှမ်းမကမ်း မြင်းခြံခရိုင်ထဲက ရွာကလေးတစ်ရွာသို့ ရောက်သွားစဉ် ရေပတ်တိုက်နေသူ မိသားစုတစ်စုနှင့် ဆုံခဲ့ရဖူးပါသည်။ ရေပုံးထဲသို့ ပုဆိုးကို နှစ်လိုက်။ ရေကို နမြောလှစွာဖြင့် ဖခင်ကြီးက ရေပတ်တိုက်လိုက်။ ထို့နောက် သမီး။ ထို့နောက် သား။ ရေပုံးထဲက ရေကို လုံးဝ ကုန်မသွားစေရဘဲ တစ်အိမ်လုံး တစ်ယောက်တစ်လှည့် ရေပတ်တိုက်ခြင်းဖြင့် ကိုယ်လက်သန့်စင်လိုက်ကြခြင်းပင် ဖြစ်ပါသည်။ “ကျုပ်တို့က ရေတစ်ထမ်းရဖို့ ဟိုးသုံးလေးငါးမိုင်အထိ သွားထမ်းရတာဗျ…” တဲ့။ ကျွန်တော့်ရင်ထဲမှာ နာကျင်ရပါသည်။

အချို့အချို့သော အညာရွာကလေးများကမူ အလှူ ရက်လည်၊ မင်္ဂလာပွဲများတွင် ကြွရောက်လာသည့် ပရိသတ်ကို ဘယ်တော့မှ ချက်ပြုတ်ကျွေးမွေးလေ့မရှိ။ ဆန်နှင့်တကွ သားငါးအစိမ်းတို့ကို အထုပ်ကလေးတွေ ထုပ်ကာ ဝေငှပေးလိုက်ကြသည်။ ကိုယ့်အိမ်ရောက်မှ ကိုယ့်ဘာသာချက်စား ဆိုသည့် သဘော။ ရေဒုက္ခကြောင့် အိုးကြီးခွက်ပြဲ ချက်ပြုတ်ကျွေးမွေး ဆေးကြောမနေနိုင်။ တောင်တန်းဒေသအချို့၌မူ တောင်စောင်းကနေ စိမ့်ထွက်နေသည့် စိမ့်ရေကို ဝါးကျည်တောက်ကလေးများဖြင့် ခံယူကာ တစ်တောဝင်ထွက်၊ တစ်တောတက်ကြသည့် တိုင်းရင်းသူ၊ တိုင်းရင်းသားကလေးတို့ကို စာနာစွာဖြင့် တွေ့ရမြင်ရတတ်သည်။ အညာက လက်ယက်ကွင်းကလေး တစ်ခုဆီမှာ အညာသူညိုညိုကလေးက စိမ့်ရေကို တစ်ခွက်ချင်း ခပ်ယူလို့။

ကျွန်တော်တို့ဆီမှာ နိုင်ငံတော်အနှံ့ ရေရှားတကယ်ပေါ်တာ ဟုတ်ရဲ့လား။

-သုံး-

WHO က ကမ္ဘာပေါ်တွင် လူခြောက်ဦးမှာ တစ်ဦးက ရေသန့်မရဟု ဆိုပါသည်။ FAO ကမူ ကမ္ဘာ့လူသား သန်း ၁၀၀၀ သည် ရေသန့်မရဟု ဆိုပါသည်။

ရေနှင့်ဆက်စပ်သော ပြဿနာကြောင့် ဖြစ်ပွားရသော ရောဂါက ရောဂါဝေဒနာ၏ ၄၀ ရာခိုင်နှုန်း ရှိလေသတဲ့။ ရေကြောင့် သေဆုံးရသူ ကလေးသူငယ်များက သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်း ရှိလေသတဲ့။ ကမ္ဘာ့ဒုက္ခများထဲတွင် ရေကြောင့် ဒုက္ခရောက်ရသည်က ၉၈ ရာခိုင်နှုန်း ရှိလေသတဲ့။

ကျွန်တော်တို့၏ ကမ္ဘာ၌ ရေထုက ၁ ဒသမ ၄ ဘီလီယံ ကုဗကီလိုမီတာ ရှိရာ ရေချိုက ၃၅ သန်း ကုဗကီလိုမီတာသာ ရှိသဖြင့် ရေချို ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ နားလည်လွယ်အောင် ပြောရလျှင် ရေတစ်ပိဿာရှိလျှင် ရေချိုက နှစ်ကျပ်သားကျော်ကျော်သာ ရှိသည့်သဘော။

ထိုရေချိုများတွင်လည်း ၇၀ ရာခိုင်နှုန်းက အာတိတ်ရေခဲပြင်၊ အန္တာတိက ရေခဲပြင်နှင့် တောင်ထိပ်က ဆီးနှင်းများ၊ ရေခဲများ ဖြစ်လေရာ ကန်များ၊ ချောင်းများ၊ မြစ်များထဲမှာက ၃၀ ရာခိုင်နှုန်းသာ ရှိပါသည်။ ရှင်နည်းရာ အဂ္ဂလူထွက်သလိုပါပဲလား။

ဒါ့ကြောင့်လည်း ၂၀၂၅ ၌ ကမ္ဘာ့လူသား ၁ ဒသမ ၈ ဘီလီယံတို့ ရေဒုက္ခတွေ့မည်ဟု ဟောကိန်းထုတ်လာကြခြင်း ဖြစ်ပါလိမ့်မယ်။ လူတွေ လူတွေ ရေငတ်မှာကို စိုးကြောက်တာ ၁၉၉၃ မတ် ၂၂ ရက်မှ စတင်ကာ World Water Day တဲ့။ ကမ္ဘာ့ပထမဦးဆုံး ရေအရင်းအမြစ် ထိန်းသိမ်းရေးနေ့။

၂၀၀၀ ပြည့်နှစ်အစ စက်တင်ဘာလတွင် ကျင်းပခဲ့သော နယူးယောက်မြို့ ကမ္ဘာ့ထောင်စုနှစ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးက ၂၀၁၅ တွင် ရေကောင်းရေသန့် ရရှိရေး ကြိုးပမ်းကြဖို့ သဘောတူကြလေသတဲ့။ Global Water Partnership ကမ္ဘာလုံးဆိုင်ရာ ရေမျှဝေသုံးရေးအဖွဲ့တဲ့။ ရေထဲက မျက်စိနဲ့ မမြင်နိုင်တဲ့ အမှုန်တွေကို Ceramic Tube နဲ့ စစ်သတဲ့။ ပိုးကို ခရမ်းလွန်ရောင်ခြည် (Ultra Violet) နဲ့ သတ်သတဲ့။ O Zone Sterilizer နဲ့ သတ်သတဲ့။ Septic Tank ဆိုတဲ့ မိလ္လာကန်ထဲက မစင်ရည်ကို မြေအောက်ထဲ စိမ့်ဝင်တဲ့နည်းနဲ့ မြို့ရွာတွေ တည်ဆောက်ထားကြတာ မဟုတ်လား။ မြေအောက်ရေတွေ ကိုယ်တိုင်က မသန့်စင်နိုင်ပါလေတော့။ သန့်စင်လို့ ထုတ်ယူဦးမည်ပဲ ထား၊ မြို့ရွာတို့ အောက်တို့ နိမ့်ကျ၊ ကျွံကျမသွားရလေအောင် မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူ၍ မဖြစ်ပြန်။

စကားကို ချုပ်ရသော် ရေကောင်းရေသန့်ဆိုတာ ထင်သလောက်မပေါများ ဟူ၍ပင် ဖြစ်ပါသည်။

-လေး-

လူတစ်ယောက်က ရေချိုးခန်းထဲ၌ ဆပ်ပြာတိုက်နေစဉ်မှာပင် သူ့ရေပန်းကို ပိတ်ထားပါသည်။ နမြောလို့တဲ့။ မိန်းမတစ်ယောက်က အိုးခွက်ပန်းကန်တို့ကို ဆေးကြောစဉ် ဆပ်ပြာရည်ဖြင့်

ပွတ်တိုက်နေခိုက် ရေဘဲနှုတ်သီးကို ပိတ်ထားပါသည်။ နမြောလို့တဲ့။ ရေစင်၌ မျက်နှာသစ်သွားတိုက် လာလုပ်သူ တစ်ယောက်က သွားပွတ်တံကို ရေဆွတ်အပြီး သွားတိုက်နေခိုက် ရေကို ပိတ်ထားပါသည်။ နမြောလို့တဲ့။

အတာသင်္ကြန် ရက်တွေထဲမှာ မြို့ကြီးပြကြီးများ၌ ရေပိုက်ပေါင်း ထောင်သောင်း သိန်းသန်းကုဋေတို့ဖြင့် စိုပြီးသူကို ထပ်ရွှဲ၊ ရွှဲပြီးသူကို ထပ်နစ်၊ နစ်ပြီးသူကို စုန်းစုန်းမြုပ်အောင် အပျော်ကြူးကြပါတော့မည်။ ရေတွေ ရေတွေ တဝေါဝေါ တဖြောဖြော တသောသော။

သပြေခက်ကလေးနဲ့ အသာအယာ ရေပက်ကစားသည့် နေ့ရက်များ၊ ဖလားကလေးနဲ့ အသာကလေး စိုရွှဲအေးမြသွားရုံ လောင်းပက်သည့် နေ့ရက်များကို ကျွန်တော် သတိရလိုက်တာ။ တစ်နေ့တာ ရေဆယ်လီတာနဲ့ ကင်ညာက အသက်ရှင်နေသူများကို ကျွန်တော် အားနာမိသလိုပဲ။ ပုဆိုးရေစိုတစ်ထည်နဲ့ မိသားစု အလှည့်ကျ ရေပတ်တိုက်ကြတဲ့ ပုပ္ပားတောင် မလှမ်းမကမ်းက အပူပိုင်းဒေသ မိသားစုကိုလည်း ကျွန်တော် မျက်နှာပူမိသလိုကြီးပါ။ ဝါးကျည်တောက်ကလေးများနဲ့ တောင်စောင်းတစ်နေရာက စိမ့်ရေကို ခံယူနေရရှာတဲ့ တိုင်းရင်းသူကလေး တစ်ယောက်ကိုလည်း ကျွန်တော် မလုံမလဲ ဖြစ်မိပါရဲ့။

ဟော... ဂစ်တာသံတွေ၊ ကီးဘုတ်တွေ၊ တူးပို့ တူးပို့ အသံတွေ၊ ဒရမ်ရိုက်ချက်တွေက ဆူညံလို့။ လူတွေက ပွက်လို့။ ပိုက်လုံးတွေ ပိုက်လုံးတွေ။ ရေလုံး သေးသေးကလေးတွေ။ ရေလုံး အကြီးကြီးတွေ။ ဒလဟော၊ ဝါးလုံးထိုး၊ နွားသိုးကြိုးပြတ်။

ကိုယ့်ကျင်ငယ်ရေကို ကိုယ် ပြန်သန့်စင်ပြီး Newater အဖြစ် သောက်ကြပြီဆိုတဲ့ စင်္ကာပူက လူတွေကို ကျွန်တော် ရေသန့်ရေချိုတွေ တစ်ဝကြီး တိုက်ချင်စမ်းပါဘိ။
7 DAY NEWS JOURNAL
Vol.11, No.6
APRIL 12, 2012

## ဝန်ကြီးမဝင်ရ၊ ဒါ ဘယ်သူ့ကားထင်သတုံးကွနှင့် အဂတိတရားလေးပါး

-တစ်-

တစ်ခုတုန်းကပဲဟု ဆိုကြပါစို့။ ရန်ကုန်မြို့တစ်နေရာရှိ ယာဉ်အသွားအလာ ထူထပ်သော မီးပွိုင့်တစ်ခုတွင် မီးနီပြထားသည့်အခိုက် အိမ်သုံးကားတစ်စီးက မီးနီကို ဖွတ်ကျော်ဖြတ်ကာ မောင်းချသွားလိုက်ပါသည်။ ဒါကို မီးပွိုင့်အလွန် လမ်းဘေးတစ်နေရာတွင် တာဝန်ကျနေသည့် ယာဉ်ထိန်းရဲကလေးက မြင်သဖြင့် လှမ်း၍ တားပါသည်။ စည်းကမ်းကို ဖောက်ဖျက်ထွက်လာသော ယာဉ်ဖြစ်သည့်အတွက် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့်အညီ အရေးယူရန် ကားလိုင်စင်အပါအဝင် လိုအပ်သော စာရွက်စာတမ်းများကို တောင်းပါ၏။

ကားမောင်းသူက ထီမထင်သော မျက်နှာနှင့်။ သူက ယာဉ်ထိန်းရဲကလေး ဘာမှ ဆက်မလုပ်ရဲတော့အောင် စကားတစ်ခွန်းတည်းပဲ ပြောပါသည်။ "ဒါ ဘယ်သူ့ကား ထင်သတုံးကွ..." တဲ့။ မသိ။ ဒါဘယ်သူ့ကားမှန်း ကျွန်တော်မသိ။ ထို့အတူ ယာဉ်ထိန်းရဲကလေးလည်း မသိ။ လမ်းပေါ်တွင် သွားလာလှုပ်ရှားနေသူတွေလည်း မသိ။ ဒါ ဘယ်သူ့ကားပါလိမ့်။ ဤသို့ဖြင့် ဘယာဂတိဆိုသော အကြောက်တရားဖြင့် တရားကိုစီရင်ကာ ထိုမော်တော်ကား အပြစ်မှ လွတ်မြောက်သွားခဲ့လေပါသည်။

-နှစ်-

စပ်မိစပ်ရာ သတင်းအတိုအထွာကလေး နှစ်ခုကို သတိရမိပါသည်။ တစ်ပုဒ်က အင်္ဂလန်နိုင်ငံက သတင်း။ ဗြိတိသျှဘုရင်မကြီး အယ်လီဇဘက်၌ သမီးတစ်ယောက် ရှိပါသည်။ အဲန်း... တဲ့။ ထိုမင်းသမီးက ကားမောင်းကြမ်းသူ ဖြစ်လေရာ ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၂၇ ရက်နေ့က ကားကို မိုင်နှုန်းထက်ကျော်၍ မောင်းပါသည်။ ၁ နာရီကို ၉၃ မိုင်နှုန်းဖြင့် မောင်းလေသတဲ့။ ထိုစဉ်က အဲန်းမင်းသမီး မောင်းနှင်သွားရာ လမ်းပေါ်၌ ၁ နာရီကို မိုင် ၇၀ နှုန်းနဲ့ပဲ ခွင့်ပြုထားရာ ၂၃ မိုင်နှုန်း ပိုမောင်းထားခြင်းပင် ဖြစ်ပါသည်။ သို့ဖြင့် ရဲက တရားစွဲပါသည်။ ဒဏ်ရိုက်ပါ၏။ ပေါင် ၂၀၀ ကျော်အပြင် တရားရုံးစရိတ် ပေါင် ၃၀ ကိုပါ ထပ်ဆောင်း၍ ဒဏ်ရိုက်ခြင်းဖြစ်ပါသည်။ ဗြိတိသျှဘုရင်မကြီး အယ်လီဇဘက်၏ သမီးဖြစ်သော်လည်း ပေးဆောင်စေ။ အဲန်းမင်းသမီး ကျေကျေနပ်နပ်နှင့် ဒဏ်ငွေကို ပေးဆောင်သွားခဲ့သည်။

နောက်ထပ် သတင်းတစ်ပုဒ်ကတော့ မလေးရှားနိုင်ငံက သတင်း။ မလေးရှား ဝန်ကြီးချုပ် ဘာဒါဝီ၏ သတင်း။ ဝန်ကြီးချုပ်၏ နာမည်အပြည့်အစုံက အဗ္ဗဒူလာအာမက်ဘာဒါဝီ။ တစ်နေ့သော် ယာဉ်ထိန်းရဲက ယာဉ်စည်းကမ်း ဖောက်ဖျက်မှုဖြင့် ဝန်ကြီးချုပ်ကို တရားစွဲဆိုပါသည်။ စုစုပေါင်း အမှု ၁၁ မှု။ မိုင်နှုန်းကျော်၍ မောင်းနှင်မှု ၅ မှု။ ယာဉ်ကြောမှားယွင်းမှုက ၄ မှု။ ကားမရပ်ရသော နေရာတွင် ရပ်မှုက ၂ မှု၊ စုစုပေါင်း ၁၁ မှု ဖြစ်ပါသည်။ သည့်အတွက် ဝန်ကြီးချုပ်ကို

MMCYBERMEDIA
COMMUNITY FOR ALL

မလေးရှားရင်းဂစ် ၁၀၀၀ ဒဏ်ငွေရိုက်ပါသည်။ ဝန်ကြီးချုပ်က ကျေကျေနပ်နပ်ကြီးကိုပင်လျှင် ဒဏ်ငွေကို ပေးဆောင်သွားပါလေ၏။

သည်သတင်းနှစ်ပုဒ်စလုံးကို ကြည့်လျှင် အပြစ်တစ်ခု (သို့မဟုတ်) အမှားတစ်ခု ကျူးလွန်လေမိသောအခါ ယင်းကို ပြစ်ဒဏ်ပေးမည့်သူနှင့် ပြစ်ဒဏ်ကို ကျခံရမည့်သူ နှစ်ဦးလုံးတို့သည် မည်သည့် အဟန့်အတားမှမရှိ ကျေနပ်စွာ လိုက်နာကြသည့် စိတ်သဘောထား ကြီးမြတ်မှုကို သတိပြုနိုင်ပါသည်။ အဲန်းမင်းသမီးကလည်း "ငါ ဘုရင်မကြီးရဲ့ သမီးပဲ" ဟူ၍ ငါ့မြင်းငါစိုင်းပြီး စစ်ကိုင်းသို့ မရောက်။ အဗ္ဗဒူလာအာမက်ဘာဒါဝီကလည်း "ငါ ဝန်ကြီးချုပ်ပဲ" ဟူ၍ ငါ့လှေ ငါထိုးပြီး ပဲခူးသို့ မရောက်။

ယာဉ်ထိန်းရဲကလေးများကလည်း ဘုရင်မသမီးမို့၊ ဝန်ကြီးချုပ်မို့ဆိုကာ အကြောက်တရားဖြင့် ဘယာဂတိလိုက်စားပြီး အမှုကို မဆုံးဖြတ်။

(သုံး)

မြန်မာကြိုက် ပါးစပ်ရာဇဝင် တစ်ခုထဲ၌ သည်စိတ်အထားအသိမျိုးကို ကျွန်တော်တို့ ဖတ်ဖူးကြပါသည်။

ခေတ်က ညောင်ရမ်းခေတ်။ ဘုရင်က သာလွန်မင်းတရားကြီး။ ဝန်ကြီးက ဗညားကျန်းတော။ တစ်နေ့တွင် ဘုရင်နှင့် ဝန်ကြီးတို့ စစ်ကိုင်းဘက်သို့ သွားပြီး အင်းဝသို့ ပြန်လာရာ တော်တော်ကြီးမှောင်မှ မြို့ရိုးအနီးသို့ ရောက်ပါသည်။ ဤတွင် မာန်အောင်တံခါးမှူးအား တံခါးဖွင့်ခိုင်းရာ တံခါးမှူးက ညအမှောင်တွင် မည်သူမည်ဝါမှန်း ခွဲခြားမသိသဖြင့် ဖွင့်မပေးနိုင်ကြောင်း၊ ဝန်ကြီးဟု ဆိုရုံနှင့် ဖွင့်ပေးရစတမ်းဆိုလျှင် လူဆိုးသူဆိုးတို့ ဝန်ကြီးဟုဆိုကာ မြို့ထဲသို့ ဝင်ရောက်လာမည်ကို ကြောက်ရကြောင်း စသည်ဖြင့် မြို့ရိုးပေါ်က ပြန်ပြောသဖြင့် အခြား အလွယ်တကူ ဖွင့်ပေးသော အောင်ထွန်းတံခါးမှူး၏ တံခါးပေါက်မှ ဝင်ခဲ့ရပါသည်။ ဤတွင် အံ့သြဖို့ကောင်းသည်မှာ နောက်တစ်နေ့ နံနက်၌ ဝန်ကြီးဗညားကျန်းတောက မြို့ရိုးတံခါး ဖွင့်မပေးသည့် တံခါးမှူးကို ဆုချပြီး ဖွင့်ပေးသူကို အပြစ်တင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ စည်းကမ်းအရ အမှောင်ထဲတွင် ဝန်ကြီးဝင်ခွင့် မရခဲ့သော ပါးစပ်ရာဇဝင် အလုပ် ဖြစ်ပါလေသည်။ ၁၂၆၈ ခုနှစ်၊ ရန်ကုန်မြို့ လမ်းမတော်ရပ် မြန်မာ့သြဘာ စာအုပ်တိုက်ထုတ် အတ္ထုပ္ပတ္တိထူး စာအုပ်ထဲတွင် ဖတ်ရှုနိုင်ပါသည်။

-လေး-

စည်းကမ်းနှင့် ပတ်သက်လာလျှင် ဝန်ကြီးလည်း မဝင်ရသည့် ဘယာဂတိ ဝေးကွာသော ဖြစ်ရပ်မှာ ဘယ်လောက် ကျက်သရေ ရှိလိုက်လေသလဲ။

အဲန်းမင်းသမီးလည်း ဒဏ်ငွေဆောင်ပေတော့။ ဝန်ကြီးချုပ် ဘာဒါဝီလည်း ဒဏ်ငွေဆောင်ပေတော့။ ဘယ်သူ့ကားပဲဖြစ်ဖြစ် တာဝန်ကျ ယာဉ်ထိန်းရဲသားကလေးက လှမ်းတားပြီး မီးနီ

ကျော်ဖြတ်မောင်းနှင်မှုကို အကြောက်အရွံ့ကင်းစွာ ဒဏ်ရိုက်နိုင်ပြီး ဒဏ်အရိုက်ခံရသူကလည်း ကျေကျေနပ်နပ်နှင့် အော်... ဒါ ငါ့အပြစ်ပါလားဟု လက်ခံသော လမ်းများကို ကျွန်တော်တို့နိုင်ငံမှာ အမြန် ဖောက်နိုင်ကြပါစေသားဟူ၍... ... ... ... ။

*7 DAY NEWS JOURNAL*

*Vol.11, No.14*

*JUNE 14, 2012*

## ပြုတ်သောက်၍ မရသော ပုပ္ပားနှင့် ကင်စား၍ မရသော ငပလီ

-တစ်-

ကျွန်တော် ကချင်ပြည်နယ်၊ မိုးညှင်းမြို့သို့ ရောက်စဉ်က ကချင်တိုင်းရင်းသူကလေး တစ်ဦးနှင့် စကားစမြည် ပြောဆိုခွင့် ရခဲ့ရာ ထိုတိုင်းရင်းသူကလေးမှာ ဂျပန်အတွေ့အကြုံ အနည်းငယ်ရှိသော တိုင်းရင်းသူကလေး ဖြစ်ကြောင်း သိခွင့်ရလိုက်ပါသည်။ ထိုစဉ်က ဂျပန်-မြန်မာ ရင်းနှီးချစ်ကြည်ရေးအတွက် မြန်မာကျောင်းသူ၊ ကျောင်းသားကလေးများကို ဂျပန်သို့ ခေါ်ဆောင်ကာ ဟိုအိမ်သည်အိမ်များသို့ တစ်အိမ်တစ်ယောက်ကျ ပို့ဆောင်ပေးသည့် အစီအစဉ်ဖြင့် ထိုတိုင်းရင်းသူကလေး ပါဝင်သွားခဲ့ရာ ဂျပန်မိသားစုများနှင့်အတူ ရောနှောနေထိုင်ရသဖြင့် ချစ်ကြည်ရင်းနှီးမှုများအပြင် ဂျပန်ကို အနည်းငယ် တီးမိခေါက်မိရှိအောင် လုပ်ဆောင်သော အစီအစဉ်လည်း ဖြစ်ပါသည်။

သို့ဖြင့် မြန်မာကျောင်းသူ ကျောင်းသားကလေးတို့ သက်ဆိုင်ရာ ဂျပန်အိမ်ကလေးများ၌ တော်တော်ကလေး အသားကျသွားသည့် တစ်နေ့တွင် ကျွန်တော့်တိုင်းရင်းသူကလေးက သူနေထိုင်ရာ အိမ်ကလေး၏ ရှေ့မြေကွက်တွင် စိုက်ထားသည့် နှင်းဆီပင်မှ နှင်းဆီပွင့်ကလေးကို သဘောကျသွားကာ ဆိုးခနဲဆတ်ခနဲဆို ခူးယူလိုက်ပါသည်။

၍တွင် ဂျပန်ဇနီးမောင်နံက လှမ်းတွေ့ကာ မျက်နှာအနည်းငယ် ပျက်သွားပြီး ဘာကြောင့်ခူးသလဲ မေးပါသည်။ တိုင်းရင်းသူကလေးကလည်း မြတ်နိုးလို့ပါဟု ဖြေပါသည်။ ထိုအခါ ဂျပန်ဇနီးမောင်နံက မြတ်နိုးရင် မခူးရဘူးလေတဲ့။

ထိုနေ့က တိုင်းရင်းသူကလေး ကျွန်တော့်ကို ပြောပြနေပုံက ဂျပန်တို့၏ စိတ်ကို အတုယူခြင်းဖြင့် ပြန်လည်သုံးသပ်ကာ မိမိကိုယ်မိမိ ဝေဖန်ရေး လုပ်နေပုံမျိုး ဖြစ်ပါသည်။ သူတို့ပြောသလို ကျွန်မတို့မှာ မြတ်နိုးတတ်တဲ့ စိတ်ကလေးတွေများ အားနည်းနေသလား ဆရာ... တဲ့။

အော်... မြတ်နိုးတတ်တဲ့စိတ်။

-နှစ်-

ယခုနှစ် ၂၀၁၂ ဂျပန်တွင် ချယ်ရီတွေပွင့်တော့ ချယ်ရီပွင့်ချိန်ကို အစိုးရကပင် ကြေငြာပေးပါသည်။ ဂျပန် မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက ချယ်ရီပန်းပွင့်ချိန် ရောက်ပြီဖြစ်ကြောင်း ကြေငြာပေးလေသတဲ့။ ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်ကို ချယ်ရီပန်း စပွင့်ချိန်အဖြစ် ကြေငြာပေးလိုက်ရာ ဂျပန်ပြည်သူ သန်းပေါင်းများစွာတို့ ဝင်ရောက် ဆင်နွှဲကြလေသတဲ့။ ပန်းနုရောင် ပင်လယ်ကြီးပမာ လွှတ်ပြီးပွင့်နေသည့် ချယ်ရီပင်များ၏ကြား၌ မျက်လုံးတွေရော၊

မျက်နှာတွေရော၊ သွင်ပြင်အမူအရာတွေရော ပြုံးပျော်ရွှင်လန်း လွတ်လပ်ပေ့ါပါး မြူးတူးနေသည့် ဂျပန်ကလေး၊ ဂျပန်လူကြီးတို့ကို ရုပ်မြင်သံကြား ဖန်သားပြင်များပေါ်၌ မြင်ရရုံနှင့်ပင် သူတို့၏ ချယ်ရီပန်းကို မြတ်နိုးတတ်သောစိတ်က ကိုယ့်ဆီကို ကူးစက်၍ လာပါသည်။

ဂျပန်တို့က ပန်းကို ဟန (HANA) ဟု ခေါ်ပြီး ပန်းကြည့်ပွဲများကို ဟနမိ (HANAMI) ဟု ခေါ်ကြရာ နွေဦးရာသီ ချယ်ရီပန်းပွင့်ချိန်၌ ပန်းကြည့်ပွဲကို နိုင်ငံနှင့်ချီ၍ လုပ်ကြမြဲ ဖြစ်ပါသည်။

ကျွန်တော်တို့က ဆာကူရာဟု A သံထွက်နေကြသော စကုရ (SAKURA) ခေါ် ချယ်ရီပန်းများ ပွင့်ကြပြီဆိုသည်နှင့် ဂျပန်တို့ တခြားဘာကိုမှ သတိမရတော့ဘဲ ချယ်ရီပင်များေA ာက်၌ မိသားစုများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ စုဆုံကာ ဆိုကြ၊ ကကြ၊ ေA ာ်ကြ၊ ဟစ်ကြ၊ ငြင်းကြ၊ ခုံကြ၊ စားကြ၊ သောက်ကြနဲ့တဲ့။ ချယ်ရီပန်းကလေး ပွင့်တာနဲ့များဟု သွားပြီး A မြင်မတိမ်လိုက်လေနဲ့။ သူတို့မြေ၊ သူတို့ရေ၊ သူတို့တော၊ သူတို့တောင်၊ သူတို့ချောင်း၊ သူတို့မြစ်ကို A ချစ်ကြီးချစ်သူတို့၏ စိတ်ကို လှစ်ပြလိုက်ခြင်းဟု မြင်ေA ာင် ကြည့်နိုင်ကြဖို့ ဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာသန်းထွန်းက ဂျပန်မှုတစ်ရာကို (A Hundred Things Japanese) ကို ဘာသာပြန်သောA ခါ ဂျပန်တို့၏ ကိစ္စဝိစ္စတစ်ရာ၌ ထိုချယ်ရီကို မြတ်နိုးကြပုံများကိုလည်း တစ်ရာထဲက တစ်ခုA ဖြစ် ဖော်ပြထားခဲ့ပြီး ဒီနေ့ ဂျပန်ဖြစ်လာေA ာင် လုပ်ပေးတဲ့ ဂျပန်တို့ရဲ့ ဇာတိရုပ်၊ စိတ်ဓာတ်၊ A သည်းနှလုံးA ဖြစ် ကောက်ချက်ချပေးထားခဲ့လေရာ သဘာဝပတ်ဝန်းကျင်ကို A ချစ်ကြီးချစ်၊ A မြတ်နိုးကြီး မြတ်နိုးတတ်သည့် စိတ်သည် နိုင်ငံသူနိုင်ငံသားတို့၌ A ရေးပါလှကြောင်း ကျွန်တော် ကောက်ချက်ချမိပါသည်။

ေA ာ်... ဂျပန်ရောက် မိုးညှင်းသူကလေးကို နင်တို့က မမြတ်နိုးတတ်ဘူးတဲ့။ မြတ်နိုးရင် မရူးရဘူးတဲ့။

-သုံး-

မြန်မာတို့က တန်ဖိုးဟု လုံးထွေးခြုံငုံစွာ သုံးသော စကားလုံးကို A င်္ဂလိပ်တို့က ကွဲပြားခြားနားစွာ သုံးပါသည်။

Intrinsic Value, Traditional Value, Cultural Value, Social Value, Moral Value, Exchanged Value, Sentimental Value စသည် စသည်ဖြင့်။ မိမိ ရပ်တည်သုံးသပ်ရာ နယ်ပယ်၏ ရှုထောင့်A ရ Value ၏ ရှေ့၌ အလျဉ်းသင့်ရာ စကားလုံးကို ထည့်ပြီး Value နှင့်ပေါင်းကာ ဘာတန်ဖိုး ညာတန်ဖိုး လုပ်၍ရပါသည်။

သို့သော် ကျွန်တော် ယခုပြောလိုသည်က မြတ်နိုးခံစားတတ်သည့် တန်ဖိုးအကြောင်း ဖြစ်ပါသည်။ Sentimental Value ဟု ဆိုပါတော့။

ငွေစက္ကူများက တစ်ခုခုနှင့် လဲလှယ်၍ ရပါသည်။ ထိုတန်သောငွေကိုသာ ပေးလိုက် ကျွန်တော်တို့ အလိုရှိရာကို ရပါ၏။ ဆန်၊ ဆီ၊ ဆား၊ ဖုန်း၊ ကား၊ အဝတ်အစား၊ တိုက်တာ၊ အိမ်ခြေ စသည် စသည်။ ထို့ကြောင့် ငွေစက္ကူ၌ ဖလှယ်သော တန်ဖိုး (Exchanged Value) ရှိပါသည်။

ရေက သောက်၍ရသည်။ ကြက်ကြော်က စား၍ရသည်။ ကားက စီး၍ရသည်။ ဖုန်းက စကားပြော၍ရသည်။ နာရီက အချိန်ကြည့်၍ရသည်။ ထို့ကြောင့် ဝတ္ထုပစ္စည်းများ၌ အသုံးချတန်ဖိုး (Used Value) ရှိပါသည်။

သို့သော် မြတ်နိုးခံစားမှုတန်ဖိုးက ဘာမှလုပ်၍ မရပါ။ ကြော်၍မရ၊ ပြုတ်၍မရ၊ ဖုတ်၍မရ၊ ကင်၍မရ။ ဆိုကြပါစို့ ပေလီကမ်းခြေ။ ပြည်တွင်းဧည့်သည်များသာမက ပြည်ပဧည့်သည်များပါ ငွေကြေးများစွာ အကုန်အကျခံပြီး လာရောက် ခိုနားကြသော ကမ်းခြေ။ ထိုကမ်းခြေကို လက်တွေ့ မည်သို့ အသုံးချ၍ ရသနည်း။ တစ်လီဖုန်းတစ်လုံးလောက်၊ ထမင်းတစ်ပွဲလောက်၊ ထီးတစ်လက်၊ ဖိနပ်တစ်ရံလောက်တောင်မှ အသုံးမဝင်ကြောင်း လူတိုင်းအသိ။ သို့သော် ပြာနေတဲ့ပင်လယ်၊ ဖွေးနေတဲ့လှိုင်း၊ ယိမ်းနွဲ့နေတဲ့ အုန်းပင်၊ လက်လက်ထနေတဲ့ သဲပြင်၊ ရှင်းသန့်နေတဲ့ လေညင်း၊ ရှင်းလင်းတဲ့ ရှုမျှော်ခင်းအကျယ်၊ နေရောင် လရောင် ကြယ်ရောင်တွေကို ကြည့်ကာ ဒါတို့ရဲ့သဘာဝ၊ တို့ရဲ့ အလှဟုဆိုကာ ဘာမှန်းမသိ မြတ်နိုးခံစား တန်ဖိုးထားသောစိတ်က ထိုနေရာသို့ ကျွန်တော်တို့ကို တွန်းပို့လိုက်ခြင်း ဖြစ်ပါသည်။

ထို့အတူ တောင်တော်ရွှေပုပ္ပား။ ကြော်စားလို့ ရလို့လား။ အင်းလေး ကန်တော်မဟာ။ ချက်စားလို့ ရလို့လား။ မေခ မလိခတို့ ဆုံရာဒေသ။ ပြုတ်သောက်လို့ ရလို့လား။ ဂန္ထဝင် ပုဂံဒေသ။ ဖုတ်စားလို့ ရလို့လား။ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း ရှမ်းရိုးမ။ ကင်စားလို့ ရလို့လား။

သို့သော် သည်တော သည်တောင်၊ သည်မြောင် သည်ချပ်၊ သည်ကမ်းစပ် သည်ပင်လယ်၊ သည်လယ် သည်ကွင်း၊ သည်အင်း သည်အိုင်၊ သည်နိုင်ငံကို ချစ်မြတ်နိုး တန်ဖိုးထားသော စိတ်က ငွေစက္ကူတစ်ထပ်၊ ဖုန်းတစ်လုံး၊ ကားတစ်စီး၊ တိုက်တစ်လုံး၊ ခေါက်ဆွဲတစ်ထုပ်၊ ဒံပေါက်တစ်ပွဲ၊ အအေးတစ်ပုလင်းတို့ကို တန်ဖိုးထားပုံထက် ပို၍ အရေးကြီးပါသည်။ exchanged Value (ပိုက်ဆံ)၊ Used Value (ဝတ္ထုပစ္စည်း) တို့ကို တန်ဖိုးထားခြင်းထက် ထို Sentimental Value (မြတ်နိုးခံစားမှုတန်ဖိုး) က ပို၍ အရေးကြီးပါသည်။

-လေး-

ပုပ္ပားတောင်က ပြုတ်သောက်၍ မပါ။ ပေလီကမ်းခြေက ကင်စား၍ မရပါ။

ထို့အတူ ချယ်ရီပန်းများသည်လည်း ဘာမှ လုပ်၍ မရပါ။ သို့သော် ချယ်ရီပွင့်သည်နှင့် သူ့မြေက ပန်းကို မြတ်နိုးတန်ဖိုးထားမှု ကြီးသူ ဂျပန်တို့ ချယ်ရီပင်အောက်သို့ အရောက် ထွက်လာကုန်ကြပါလေပြီ။ ကျွန်တော်ကတော့ ကျွန်တော်တို့၏ ဖုတ်မရ၊ ကင်မရ၊ ချက်မရ၊ ပြုတ်မရ၊ လက်တွေ့အသုံးချ၍ မရသည့် အရာများကို တန်ဖိုးထားလျက် ရှိပါသည်။

မိုးရေတာက်ရေ တဖွေးဖွေးနဲ့ လယ်စောင့်တဲလေးလည်း ပါမပေါ့။ ချောင်းပြင်မှာ စီတန်းနေတဲ့ ဖေဒါပန်းလေးလည်း ပါမပေါ့။ ထနောင်းပင်ကလေးတွေ၊ တမာပင်ကလေးတွေလည်း ပါမပေါ့။ ပုဂံက အာနန္ဒာ၊ ညောင်ဦးက ရွှေစည်းခုံ၊ ရန်ကုန်က မြတ်ဘုရား ရွှေတိဂုံကြီးလည်း ပါမပေါ့။ ပိတောက်ပန်းဝါဝါတွေ၊ ရခိုင်ရိုးမ ရှမ်းရိုးမ တောင်တန်းကြီးတွေ၊ ဧရာဝတီ ချင်းတွင်း သံလွင် စစ်တောင်းမြစ်အကြောင်းတွေလည်း ပါမပေါ့။ သင်္ကန်းတော်ဝါဝါနဲ့ "ဆွမ်းတော်ဖို့" လို့ ဟစ်အော်သံများလည်း ပါမပေါ့။

အော်… ရင်ထဲမှာ တည်ဆောက်ထားရတဲ့ တန်ဖိုးများ။

*7 DAY NEWS JOURNAL*
*Vol.11, No.15*
*JUNE 21, 2012*

## ကြက်တူရွေးတွေရဲ့ နှုတ်သီးကို ဖြတ်ပြီးရင် လပ်ဖက်ကား စီးကြတာပေါ့

-တစ်-

ကျွန်တော် စိတ်ဝင်စားသည့် လူပုဂ္ဂိုလ်နာမည်များထဲ၌ "ဝင်းဖေများ" လည်း ပါဝင်ပါသည်။ မှန်ပါသည်။ ပရိသတ် စိတ်ဝင်စားစေရန် "ဝင်းဖေများ" ဟု လုပ်လိုက်ခြင်းမဟုတ်ဘဲ "ဝင်းဖေ" တွေက "များ" နေသောကြောင့် "ဝင်းဖေများ" လုပ်လိုက်ရခြင်း ဖြစ်ပါသည်။

ပထမဝင်းဖေက ကျွန်တော်နှင့် အရင်းနှီးဆုံးဝင်းဖေဟု ဆိုရပါမည်။ ထိုဝင်းဖေ၏ အနုပညာအမည်က ဆရာမောင်စွမ်းရည်။ "အမေ့ခေါ်သံ" လို ကဗျာမျိုး၊ "ဗမာစာပေ ဘာလဲ ဘယ်လဲ" လို ဝေဖန်ရေးမျိုးနှင့် ကဗျာလောက၊ စာလောကထဲမှာ ထင်ရှားလှသော ဦးဝင်းဖေပဲ ဖြစ်ပါလေသည်။

ဒုတိယဝင်းဖေကမူ ကျွန်တော်နှင့် မရင်းနှီးပါ။ သို့သော် စာပေနှင့် ပတ်သက်ဆက်နွယ်ရာ ပွဲလမ်းသဘင်ကလေးများ၌ ဆရာ့ကို မြင်ခွင့်တွေ့ခွင့် ရပါသည်။ ဆရာ့ အနုပညာအမည်က မြဇင်။ ဆရာ့ "ကဗျာ့နရီနှင့် နမိတ်ပုံ" စာအုပ်ကလေးက ကျွန်တော်တို့လက်စွဲ။ ဆရာ့ "မြကန်" ကဗျာ ဘာသာပြန်ဆိုချက်များက ကျွန်တော်တို့ အတုယူ မှီငြမ်းစရာ။ ထို့နောက် ပညာရပ်ဆိုင်ရာ ဆရာ့ စာတမ်းများ။

တတိယဝင်းဖေကမူ ကျွန်တော်နှင့် လုံးဝမသိသော ဝင်းဖေပဲ ဖြစ်ပါလေသည်။ လူအမည်ရော၊ အနုပညာအမည်ရော တစ်ထပ်တည်းဖြစ်နေသည့် ဆရာဦးဝင်းဖေ။ ရုပ်ရှင်ဒါရိုက်တာ ဆရာဝင်းဖေ၊ ပန်းချီအနုပညာပညာရှင် ဆရာဝင်းဖေ၊ စာရေးဆရာ ဆရာဝင်းဖေ၊ မန္တလေး ပန်းချီကျောင်းအုပ် ဆရာဝင်းဖေ စသည် စသည်ဖြင့် သူ့နယ်ပယ်တွေက ကျယ်ဝန်းလှပါဘိ။

ယခု ကျွန်တော်ပြောလိုသည်က ထို တတိယဦးဝင်းဖေ အကြောင်းပဲ ဖြစ်ပါသည်။ အထူးသဖြင့် သူ၏ ဝတ္ထုတိုကလေး တစ်ပုဒ်အကြောင်း။

-နှစ်-

ဆရာဝင်းဖေ၏ ဝတ္ထုတိုပေါင်း များစွာအနက် "ပလတ်စတစ်အနီ" ဆိုသော ဝတ္ထုကလေးကို ကျွန်တော် တော်တော်စွဲပါသည်။

ဝတ္ထုထဲ၌ ကိုဘချယ်ဆိုသူ မီးရထားဖြင့် ခရီးသွားစဉ် မထင်မှတ်ဘဲ ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်နှင့် ပြန်ဆုံပါသည်။ ထိုသူငယ်ချင်းမှာ လမ်းဘူတာတစ်ခု၌ ဆင်းသွားသူဖြစ်ရာ ကိုဘချယ်က မီးရထားရပ်ထားစဉ် ဘူတာရုံထဲသို့ လှမ်း၍ ငေးနေသည့်အခိုက်

MMCYBERMEDIA
COMMUNITY FOR ALL

ထိုသူငယ်ချင်းကို ပြန်တွေ့လိုက်ခြင်း ဖြစ်ပါသည်။ အိပ်စင်တွဲကနေ ဆင်းချလာသော သူငယ်ချင်းကြည်ဝင်း၊ နောက်ပါတပည့် နှစ်ယောက်နှင့်အတူ ဆင်းချလာသော သူငယ်ချင်းကြည်ဝင်း၊ ဘူတာရုံထဲတွင် လာရောက် ကြိုဆိုသူများက အရိုအသေပေးကြ၊ ဆူညံစွာ ဝိုင်းဝန်းနှုတ်ဆက်ကြနှင့် အရေးပါ အရာရောက်နေသူ သူငယ်ချင်းကြည်ဝင်း၊ အကြီးအကျယ် ချမ်းသာကြီးပွားနေသူ သူငယ်ချင်းကြည်ဝင်း၊ ထိုကိုကြည်ဝင်းက ကိုဘချယ်အား တွေ့သွားပြီး လာရောက်နှုတ်ဆက်ကာ နောင်လာတွေ့ဖို့၊ လိုအပ်တာ အကူအညီတောင်းဖို့ မှာကြားနေသူ သူငယ်ချင်းကြည်ဝင်းပဲ ဖြစ်ပါသည်။

ကိုဘချယ်က သူငယ်ချင်းကြည်ဝင်း ခုလို ကြီးပွားတိုးတက်၊ အရာရောက်၊ အရာဝင်လာခြင်းနှင့် ပတ်သက်၍ ငယ်ငယ်ကပင် ထိုသို့ဖြစ်လာမည့် အရိပ်နမိတ်တို့ကို သူသတိထားမိခဲ့ကြောင်း ပြန်တွေးမိပါသည်။

ကျောင်းသားဘဝ ကျောင်းပြေးပြီး မန္တလေးမှ မြစ်ငယ်ဘက်သို့ စက်ဘီးများဖြင့် သူငယ်ချင်းလေးယောက် လာကြစဉ် ကားလမ်းဘေး လက်ပံပင်ကြီးအောက်၌ ခဏနားကြရင်း စကားပြောကြရာ ကြည်ဝင်းက သန်းကြွယ်သူဌေးဖြစ်ဖို့ သူ့အကြံကို တင်ပြလာပါသည်။ ကြီးလျှင် မြေကေ ၂၀၀ လောက် ဝယ်မတဲ့။ လက်ပံပင်ကြီးတွေကိုလည်း စိုက်ထားရမတဲ့။ လက်ပံပွင့်ချိန်ရောက်လျှင် ကြက်တူရွေးငှက်တွေ အုပ်လိုက် လာကြလေမတဲ့။ ကြက်တူရွေးငှက်တွေကို ဖမ်းကာ နှုတ်သီးနီနီများကို ဖြတ်ပြီး ပလတ်စတစ် အနီအဖြစ် အရည်ကျိုရောင်းရသော် မီလျံနာဖြစ်နိုင်ကြောင်း တင်ပြလာခဲ့ရာ သူငယ်ချင်းအားလုံး ကြည်ဝင်း၏ စိတ်ကူးဉာဏ် ကောင်းမွန်ပုံကိုကြည့်ပြီး တစ်နေ့ ကြီးပွားမည့်သူဟု ကောက်ချက်ချခဲ့ကြရပါသည်။

ဟော… အခု သူတကယ် ကြီးပွားခဲ့တာကို ကိုဘချယ် မျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း ဆရာဝင်းဖေက သူ့ဝတ္ထုကို အဆုံးသတ်ထားခဲ့ခြင်း ဖြစ်ပါသည်။

-သုံး-

ဟိုးအရင်က Ethic ခေါ် ကိုယ်ကျင့်တရားနှင့် ပတ်သက်လာလျှင် လောကီသဘောထက် လောကုတ္တရာသဘောသို့ ပို၍ တိမ်းသည်ယိမ်းသည်ဟု ကျွန်တော် နားလည် သဘောပေါက်မိပါသည်။ မခိုးဘူး၊ မသတ်ဘူး၊ မညာဘူး၊ မသောက်ဘူး၊ ကာမ မကျူးလွန်ဘူး စသည် စသည်။ သည်လို အခြေခံ ငါးပါးသီလကို စောင့်ထိန်းခြင်းကပင်လျှင် ကိုယ်ကျင့်တရားကို တည်ဆောက်ခြင်း မည်ပါလေသည်။

သို့သော် ယခုအခါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ တွင်ကျယ်လာခဲ့ပြီး ကမ္ဘာမြေကို စောင့်ရှောက်ကာကွယ်ဖို့ ကမ္ဘာ့လူသားများ နိုးကြားလာကြသောအခါ စီးပွားရေး လုပ်ကိုင်ရာဖွေကြရာမှာလည်း ကိုယ်ကျင့်တရားလိုသည်ဟု ခံယူ သဘောပေါက်လာကြပါသည်။ စီးပွားရေးဆိုင်ရာ ကိုယ်ကျင့်တရားဟု နားလည်ရပါ၏။

ပိုက်ဆံကို ဘယ်နည်းနဲ့ရရ ကိုယ်ချမ်းသာရင်ပြီးရော ဆိုကာ မရှာဖွေရဘူးတဲ့။ တချို့က P သုံးလုံးဟု ဆိုပါသည်။ People, Profit, Planet ဟု ဆိုရာ လူကိုလည်း ကြည့်ရမတဲ့။ အမြတ်ကိုလည်း ကြည့်ရမတဲ့။ ကမ္ဘာမြေကိုလည်း ကြည့်ရမတဲ့။ တချို့ကမူ P တစ်လုံး ထပ်တိုးကာ Probity ရိုးသားဖြောင့်မတ်မှုဟု ဆိုပြီး P လေးလုံးဟု ပြောသူတို့ကလည်း ပြောကြပါ၏။ သုံးလုံးပဲဖြစ်ဖြစ်၊ လေးလုံးပဲဖြစ်ဖြစ် တစ်ခု သေချာသည်က Planet ကို ထည့်သွင်းစဉ်းစားလာကြခြင်းပင် ဖြစ်ပါသည်။

ကမ္ဘာမြေ လုပတည်တံ့ ခိုနားဖွယ်ဖြစ်ရေးကို ထည့်သွင်းမစဉ်းစားဘဲ မြတ်ရင် ချသာချ ဆိုသည့် စိတ်ထားမျိုးရှိသူကို Business Ethic မရှိသူ၊ ကိုယ်ကျင့်တရား မကောင်းသူအဖြစ် ကမ္ဘာက မြင်လာနေကြပါပြီ။ ပိုက်ဆံရရင် တောင်လည်းဖြိုမယ်၊ တောလည်း ရှင်းမယ်၊ မြစ်လည်း ဆို့မယ်၊ ကမ္ဘာ့မြေသားထုကိုပါ ခလောက်ဆန်အောင် မှောက်လှန်ပစ်မယ်၊ ငှက်ကလေးတွေ တေးဆိုချင်ဆို မဆိုချင်နေ၊ စမ်းချောင်းကလေးတွေ တသွင်သွင် စီးချင်စီး မစီးချင်နေ၊ တောပန်းတောင်ပန်းတို့ ပွင့်ချင်ပွင့် မပွင့်ချင်နေ၊ မိုးကောင်းကင်ကြီး ပြာချင်ပြာ မပြာချင်နေ၊ ပိုက်ဆံ... ပိုက်ဆံ... ပိုက်ဆံ ဆိုလျှင်ဖြင့်။

-လေး-

ဆရာဝင်းဖေ၏ ဝတ္ထုထဲက ဇာတ်ဆောင်က ကြက်တူရွေးငှက်တို့၏ နှုတ်သီးကိုဖြတ်၊ ပလတ်စတစ်အနီအဖြစ် အရည်ကျိုကာ ကမ္ဘာကိုဖြန့်ပြီး မီလျံနာဖြစ်ဖို့ ကြံလေသတဲ့။ အော်... ကြက်တူရွေးတွေရဲ့ နှုတ်သီးကို ဖြတ်ပြီးရင် လပ်ဇက် (Lexus) ဆိုတဲ့ ဇိမ်ခံကားကြီးကို စီးကြသေးတာပေ့ါ။

*7 DAY NEWS JOURNAL*

*Vol.11, No.16*

*JUNE 28, 2012*

ပြီးပါပြီ။